


စိတ်ကူးချိုချိုအနုပညာ
ဝိဇ္ဇာ
ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com



နိုင်ငံတော်ကရွေးသည် အဖြစ်
ရွေးချယ်ခံရကာနီးမှ ဇာတ်စနစ်ကြောင့်
ပျက်ပြယ်လက်လွှတ်ခဲ့ရသော ဒိဗ္ဗာ သည်
ဘဝကံဇာတာ နိမ့်ချိန်တွင် ကယ်တင်ရှင် ၃ ဦး
ပေါ်ပေါက်လာခဲ့သည်။
စည်းစိမ်နှင့်အာဏာ၏ ကိုယ်ပွား
မင်းစိုးရာဇာတစ်ဦး၊ လောကုတ္တရာနယ်သို့
ဝင်ရောက်ကာ ငြိမ်းချမ်းမှု ရယူရေး စည်းရုံးသူ
ဘိက္ခုတစ်ဦးနှင့် တူနှစ်ကိုယ် တဲအိုပျက်မှာ
နေထိုင်လက်တွဲရန် ကမ်းလှမ်းသူ
လမ်းပေါ်က လူတစ်ဦး တို့ ဖြစ်သည်။

ယခုဝတ္ထုတွင်
လောကီနှင့် လောကုတ္တရာ
လွန်ဆွဲရာ၌ လောကီကို အသားပေးထားသည်။
ရွှေဘုံနန်းနှင့် တဲအိုပျက် တို့ အားပြိုင်ရာ၌
တဲအိုပျက်ကို အနိုင်ပေးထားသည်။
ဘာသာအယူဝါဒနှင့် သဘာဝတို့၏ နပန်းပွဲ၌
သဘာဝဘက်က မဲတင်းပေးထားသည်။
ထိုသည်ကပင်....

ဒိဗ္ဗာ

မြန်မာပြန်သည်

PYG0045
4,000.00 KS

mgyoe.com

mgyoe.com

ဒီဗျာ၊ ပါရဂူ
မျက်နှာဖုံးပန်းချီ - စိုးဝင်းငြိမ်း
စာမျက်နှာ ၃၅၅ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ မတ်လ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၆၈ လောကစာပေ၏ ပထမအကြိမ်မူ။

ရောင်းဈေး ၄၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဒိဗျာ ပါရဂူ

မြန်မာပြန်

ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မြန်မာပြန်သူ၏အမှာ

၁၉၅၇ ခုနှစ် နယူးဒေလီမြို့ အာရှစာရေးဆရာများ ညီလာခံသို့ ရောက်သွားစဉ်က ကျွန်တော် တွေ့ချင်သည့် ဟိန္ဒီစာရေးဆရာသုံးဦးကို တွေ့ခဲ့ရသည်။ ထိုသုံးဦးမှာ ရာဟုလာသံကိစ္စည်း၊ ယရှပါလ်၊ ကရိရှနကျန်ဒရတို့ ဖြစ်ကြ၏။ ရာဟုလာ သံကိစ္စည်းကား သိဟောင်း ကျွမ်းဟောင်းဖြစ်၍ ထိုအကြိမ်တွေ့ဆုံခြင်းမှာ ပြန်လည်တွေ့ဆုံခွင့်ရခြင်းပင်ဖြစ်သည်။ ယရှပါလ်နှင့် ကရိရှနကျန်ဒရတို့ကား သူတို့ရေးသော စာများကိုဖတ်ပြီး ကျွန်တော်တွေ့ချင်နေသည့် ပုဂ္ဂိုလ်များဖြစ်ကြသည်။ ထိုစဉ်က ရာဟုလာသံကိစ္စည်းသည် သူရေးသော 'သီဟသေနာပတိ' ကို မြန်မာဘာသာ ပြန်ဆိုထုတ်ဝေရန် ကျွန်တော့်ကို တိုက်တွန်းနှိုးဆော်လိုက်သည်။ နောက်နှစ်မကြာခင်ပင် 'သီဟသေနာပတိ' ကို မြန်မာပြန်ဆို ထုတ်ဝေနိုင်ခဲ့လေသည်။ ယရှပါလ်ကလည်း သူ၏ 'ဒိဗျာ' နှင့် 'အမိတာ' အမည်ရှိ ဝတ္ထုများကို မြန်မာဘာသာပြန်ဆိုထုတ်ဝေရေးအတွက် စကားစပ်လေသည်။ ထိုဝတ္ထုနှစ်ခုလုံးမှာ ကျွန်တော်နှစ်သက်သော ဝတ္ထုများပင်ဖြစ်၍ မြန်မာဘာသာပြန်ဖို့ ကြိုးစားပါမည်ဟု သူ့ကို ကျွန်တော် ကတိပေးခဲ့လေသည်။

ဆယ်နှစ် ကျော်လာခဲ့လေပြီ။ ထိုအချိန်အတွင်း ကျွန်တော်သည် စာအုပ်များကို ဟောတစ်အုပ်၊ ဟောတစ်အုပ် ဘာသာပြန်ဆိုနိုင်သူ မဟုတ်သဖြင့် သီဟသေနာပတိ၊ သိဒ္ဓတ္ထ၊ အမ္ဗပါလီ၊ စိတ္တရလေခါတို့လောက်သာ

mgyoe.com

mgyoe.com


ဝတ္ထုအနေဖြင့် မည်မည်ရရ ဘာသာပြန်နိုင်ခဲ့ပေသည်။ ယရှပါလ်၏ 'ဒိဗျာ' ကို မြန်မာပြန်ဆိုရန် ခပ်စောစောကပင် စိတ်ကူးထားသော်လည်း တော်တော်နှင့် အောင်မြင်ထမြောက်ခြင်း မရှိခဲ့ပေ။ ယခုမှပင် 'ဒိဗျာ' ကို မြန်မာပြန်ဆို ထုတ်ဝေဖြစ်ပါတော့သည်။

စာဖတ်သူများကို 'ဒိဗျာ' ကိုရေးသော ဟိန္ဒီဝတ္ထုရေးဆရာ ယရှပါလ်နှင့် မိတ်ဆက်ပေးရဦးမည်။ ရိုးယယ်လစ်ဇင်းခေါ်သည့် ယထာဘူတဝါဒကို လက်ကိုင်ထားပြီး ဝတ္ထုရေးသည့် ဟိန္ဒီဝတ္ထုရေးဆရာများအနက် ယရှပါလ်သည် ပရေမ်ကျန်၏နောက် ထင်ရှားကျော်ကြားလာသည့် ဝတ္ထုရေးဆရာတစ်ဦးဖြစ်သည်။ သူ့ဝတ္ထုအချို့ကို ယခုအခါတွင် အင်္ဂလိပ်ဘာသာ၊ ရုရှားဘာသာ၊ ပြင်သစ်ဘာသာ စသည်တို့ဖြင့် ဘာသာပြန်ဆို ထုတ်ဝေပြီးပြီဖြစ်၍ သူသည် နိုင်ငံတကာက သိသည့် အိန္ဒိယစာရေးဆရာတစ်ဦးဖြစ်နေလေပြီ။

သူသည် အိန္ဒိယပြည် ပန်ဂျပ်နယ်သားဖြစ်၏။ စာရေးဆရာဘဝမရောက်ခင်က တော်လှန်သော နိုင်ငံရေးသမားတစ်ဦးဖြစ်သည်။ အင်္ဂလိပ်အစိုးရ အုပ်ချုပ်စဉ်က အကြမ်းဖက်တော်လှန်ခဲ့သော မျိုးချစ်လူငယ်တစ်ဦးဖြစ်သည်။ သူတို့ လူငယ်တစ်စုသည် အိန္ဒိယလွတ်လပ်ရေးအတွက် အကြမ်းဖက်၍ တော်လှန်ကြသည်။ ဘုရင်ခံ စီးလာသော မီးရထားအောက်တွင် ဗုံးပစ်သွင်းခဲ့ကြသည်။ နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် လာဟိုးထောင်ကို ဝင်စီးခဲ့ကြသည်။ သမိုင်းဝင်နိုင်ငံရေးအကြမ်းဖက်မှုကြောင့် အင်္ဂလိပ်အစိုးရ၏ ကြိုးပေးခြင်း ခံသွားရရှာသော နာမည်ကျော် အိန္ဒိယမျိုးချစ်လူငယ်ခေါင်းဆောင် ဘဂတ်ဆိန်းနှင့် ကျန်ဒရာရှေခါတို့မှာ သူ၏ရဲဘော်ရဲဘက်များဖြစ်ကြသည်။ သူကိုယ်တိုင်လည်း ကြိုးပေးခံရ၏။ နောက်မှ ကံအားလျော်စွာ ကြိုးဒဏ်က လွတ်သွားခြင်းဖြစ်လေသည်။ အကျဉ်းခံနေရစဉ်အတွင်း၌ပင် စာကို စရေးသည်။ သူ၏ဝတ္ထုအချို့မှာ အကျဉ်းထောင်အတွင်း၌ ရေးသောဝတ္ထုများဖြစ်ကြ၏။

စာ စရေးသောအခါ သူသည် မာ့က်စ်ဝါဒီတစ်ဦး ဖြစ်နေလေပြီ။ စာစရေးပြီး မကြာခင်ပင် သူ့ထံသို့ အောင်မြင်မှု ချဉ်းကပ်လာလေသည်။ သူ့စာများကို လူပ်ရှားတိုးတက်နေသော အသိုင်းအဝိုင်းက တစ်ခဲနက်

mgyoe.com

mgyoe.com


ကြုံဆိုကြသကဲ့သို့ အယူဆွေး အယူဟောင်းကို ဖက်တွယ်ထားသည့် ပရိသတ်က မေးငေါ့ကြသည်။ သို့ရာတွင် ဆန့်ကျင်ဘက် ပုဂ္ဂိုလ်များကပင် သူ၏ 'အနုပညာဗီဇ' ကိုမူ အသိအမှတ်မပြုဘဲ မနေနိုင်ကြပေ။ ဟိန္ဒီစာပေလောကတွင် တိုးတက်သော စာရေးဆရာများ၏ လှုပ်ရှားမှု ပေါ်ပေါက်လာသောအခါ ယရှပါလ်သည် ယင်းလှုပ်ရှားမှု၏ခေါင်းဆောင်တစ်ဦး ဖြစ်လာလေသည်။ ယနေ့တွင်မူ သူသည် အကျော်ကြားဆုံး အအောင်မြင်ဆုံး ဟိန္ဒီစာရေးဆရာတစ်ဦးဖြစ်နေလေပြီ။

'ဒိဗျာ' သည် သမိုင်းကို အခြေပြုရေးသားထားသော ယရှပါလ်၏ နာမည်ကျော်ဝတ္ထုတစ်ခုဖြစ်သည်။

အိန္ဒိယသမိုင်း၌ ခေတ်တစ်ခေတ်က အိန္ဒိယအနောက်မြောက်ဘက်ဒေသများကို ဂရိကျူးကျော်ရေးသမားများ ဝင်ရောက်တိုက်ခိုက်ခဲ့ဖူးသည်။ ထိုခေတ်မှာ ခရစ်နှစ်မတိုင်မီ နှစ်ပေါင်းအတန်ကြာကာလက ဖြစ်သည်။ အိန္ဒိယနယ်မြေကို ဝင်ရောက်တိုက်ခိုက်ပြီး သိမ်းပိုက်အုပ်စိုးသော ဂရိကျူးကျော်ရေးသမားများအနက် မိနန္ဒာဘုရင်မှာ ထင်ရှားကျော်ကြားသူ ဖြစ်လေသည်။ နာမည်ကျော် ဗုဒ္ဓကျမ်းစာ 'မိလိန္ဒပဉှာ'၌ ပါသည့် မိလိန္ဒဘုရင်မှာ ထိုမိနန္ဒာဘုရင် ဖြစ်သည်ဟု ဆိုကြသည်။ 'မိလိန္ဒပဉှာ' ကို အကြောင်းပြု၍လည်း မိလိန္ဒဘုရင်သည် လူသိများသော ဘုရင်တစ်ပါး ဖြစ်လာသည်။

'ဒိဗျာ' ဇာတ်အိမ်ဖွဲ့ထားသော ခေတ်မှာ ထိုမိလိန္ဒဘုရင် အုပ်စိုးသွားပြီးစ ခေတ်ကာလဖြစ်လေသည်။ မိလိန္ဒဘုရင် နန်းစွန့်သွားပြီးနောက် မဒ္ဒရတိုင်း သာဂလနေပြည်တော်၌ အထက်တန်းလွှာ ဗြာဟ္မဏမျိုးနွယ် ပုဂ္ဂိုလ်များသည် စုပေါင်း၍ ဂဏအစိုးရကို ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။ ထိုခေတ်အခြေအနေကို 'ဒိဗျာ' တွင် ခြယ်မှုန်းပြထားလေသည်။

ယရှပါလ်သည် သမိုင်းကို သိဒ္ဓိတင်နေသူမဟုတ်ပေ။ အမွှမ်းတင်နေသူမဟုတ်ပေ။ ကိုးကွယ်ပသနေသူ မဟုတ်ပေ။ လွမ်းဆွတ်တသနေသူမဟုတ်ပေ။ 'ဒိဗျာ' ၏ အချီးနိဒါန်းတွင် "သမိုင်းသည် ယုံကြည်ကိုးကွယ်နေစရာမဟုတ်။ ဆန်းစစ်လေ့လာရမည့်အရာဖြစ်သည်။ သမိုင်းသည် လူ့အနေဖြင့် မိမိ၏အစဉ်အလာကို မိမိကိုယ်တိုင် ဆန်းစစ်ခြင်း၊ သမ္ဘန္ဓ ပရိစ္ဆေဒပြုခြင်းဖြစ်သည်" ဟု ရေးသားထားသည်။ အတိတ်သည် တမ်းတနေစရာ

mgyoe.com

mgyoe.com


မဟုတ်။ စိတ်ကူးယဉ် ရွှေခေတ်မဟုတ်။ အတိတ်တွင်လည်း ပစ္စုပ္ပန်ခေတ်ကဲ့သို့ပင် အနိဋ္ဌာရုံများ ရှိခဲ့သည်။ အကောင်းနှင့်အဆိုး ဒွန်တွဲခဲ့သည်။ မိမိ၏အကျိုးအတွက် သူတစ်ပါး၏ အကျိုးမဲ့ကို ပြုလုပ်ခဲ့ကြသည်။ လူလူချင်း မတရားပြုခဲ့ကြသည်။ ခေါင်းပုံဖြတ်ခဲ့ကြသည်။ ဖိနှိပ်ခဲ့ကြသည်။ ယင်းအချက်ကို 'ဒိဗ္ဗာ' ၌ ဝတ္ထုရေးဆရာက ခြယ်မှုန်းပြထားလေသည်။ အတိတ်ခေတ်သည် နတ်ပြည်၊ နတ်နန်းမဟုတ်။ သမိုင်းခေတ်သည် ရွှေရောင်တဝင်းဝင်းနှင့် ချင်ခြင်းဖြစ်နေစရာမဟုတ်။ အတိတ်တွင်လည်း လူတန်းစားအခြေခံသည့် လူနေမှုစနစ်အရ ဖွဲ့စည်းထားသည့် လူ့အဖွဲ့အစည်းထဲမှ လူများစုမှာ ဘဝ၏ ချမ်းသာရေး အဆင်ပြေမှုများ လက်လွှတ်ဆုံးရှုံးနေရပြီး အထက်တန်းလွှာ လက်တစ်ဆုပ်စာသော လူနည်းစုတို့၏ ချမ်းသာမှုအတွက် ပစ္စည်းကိရိယာမျှလောက်သာ ဖြစ်ခဲ့ရသည်။ လူတန်းစားကွဲပြားခြားနားနေမှုသည် လူတန်းစားတိုက်ပွဲကို မွေးဖွားပေါ်ပေါက်စေခဲ့သည်။ ထိုခေတ် လူတန်းစားတိုက်ပွဲအသွင်ကို 'ဒိဗ္ဗာ' ၌ ထင်ဟပ်ဖော်ပြထားသည်။

'ဒိဗ္ဗာ' သည် သမိုင်းဝတ္ထုဖြစ်သော်လည်း ဇာတ်လမ်းသည် တကယ့်သမိုင်းအဖြစ်အပျက် မဟုတ်ပေ။ ဇာတ်ဆောင်များမှာလည်း တကယ့်သမိုင်းထဲက ပုဂ္ဂိုလ်များမဟုတ်ပေ။ ဝတ္ထုရေးဆရာ၏စိတ်ကူးသာဖြစ်သည်။ "စိတ်ကူးယဉ်ပန်းချီကားတွင် သမိုင်းဆိုင်ရာ ပတ်ဝန်းကျင်အခြေအနေကို အခြေခံလျက် တကယ့်တကယ် ဆေးရောင်ကို ကြိုးစား၍ ခြယ်ထားသည်" ဟု ဝတ္ထုရေးဆရာက ဝန်ခံထားလေသည်။ သို့ရာတွင် 'ဒိဗ္ဗာ' ၌ ထိုခေတ်က ပတ်ဝန်းကျင်အခြေအနေနှင့် ကာလဒေသ စသည်တို့ကို ခြယ်မှုန်းပြရာ၌ အောင်မြင်မှုရရှိသည်ဟု အဆိုရှိကြသည်။

ဒိဗ္ဗာသည် နိုင်ငံတော် ကချေသည်ဘဝကို မျှော်မှန်းခဲ့သည်။ မျှော်မှန်းသည့်အလျောက်ပင် အရည်အချင်းပြည့်ဝသူ ဖြစ်ရကား အနားယူတော့မည့် နိုင်ငံတော် ကချေသည်က သူ့ကို နိုင်ငံတော် ကချေသည်အသစ်အဖြစ် ရွေးကောက်ပြီး နိုင်ငံတော် ကချေသည် ခန့်အပ်သည့် 'အဘိသေက မင်္ဂလာ' အခမ်းအနားကို ကျင်းပပြုလုပ်လေသည်။ ထိုအခိုက် ဗြာဟ္မဏအမျိုးအနွယ် ကညာတစ်ဦးသည် ပြည့်တန်ဆာ ကချေသည် မလုပ်ရဟု ဇာတ်ထုံးစံ ဇာတ်စနစ်ကို ထောက်ပြလျက် ကန့်ကွက်ကြသောကြောင့် ဒိဗ္ဗာသည် ပါးစပ်ဝ

mgyoe.com

mgyoe.com


တွင် တော့နေပြီဖြစ်သည့် အမြိုက်သုဓာကို ပုတ်ချခြင်း ခံသွားရလေသည်။

ယင်းသို့ မျောက်သစ်ကိုင်းလွတ်ဖြစ်နေသည့်အချိန်၌ ဒိဗျာအတွက် ကယ်တင်ရှင်သုံးဦး ပေါ်လာလေ၏။ တစ်ဦးမှာ စည်းစိမ်နှင့် အာဏာ၏ ကိုယ်ပွားဖြစ်သည့် မင်းစိုးရာဇာ ရုဒ္ဒရဓိရဖြစ်၏။ သူသည် ဒိဗျာအား မဟာဒေဝီအဖြစ်နှင့် 'ရွှေဘုံ' ပေါ်မှာ စံရန် ပန်ကြားလေသည်။ နောက်တစ်ဦးမှာ ဘိက္ခု ပိထုသေနဖြစ်၏။ သူသည် ဒုက္ခသည် ဒိဗျာအား လောကုတ္တရာနယ်အတွင်း၌ ငြိမ်းချမ်းမှုကိုရယူရန် ဖိတ်ခေါ်လေသည်။ တတိယပုဂ္ဂိုလ်မှာ လမ်းပေါ်လျှောက်သွားနေသည့် လမ်းပေါ်ကလူ မာရိသဖြစ်၏။ သူသည် ဒိဗျာအား သူနှင့်အတူ 'တဲအိုပျက်' မှာနေရန် ကမ်းလှမ်းလေသည်။ သူတို့ သုံးဦးအနက် မည်သူ့ကို ဒိဗျာ လက်ကမ်းသနည်း။

'ဒိဗျာ' သည် လောကီနှင့် လောကုတ္တရာ လွန်ဆွဲရာ၌ လောကီကို အသာပေးထားသည်။ 'ရွှေဘုံနန်း' နှင့် 'တဲအိုပျက်' တို့ အားပြိုင်ရာ၌ တဲအိုပျက်ကို အနိုင်ပေးထားသည်။ ဘာသာအယူဝါဒနှင့် သဘာဝတို့၏ နပန်းပွဲ၌ သဘာဝဘက်က မဲတင်းပေးထားသည်။ ဤသည်ပင်လျှင် 'ဒိဗျာ' ၏ အနှစ်သာရဖြစ်လေသည်။

ပါရဂူ
၁၀–၉–၆၈

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# (၁)
# နက္ခတ်ပွဲသဘင်

အနုပညာ၏ မကိုင်ရှုသရဖူဖြစ်သည့် ဘုရင့်ကချေသည် ဒေဝီမလ္လိကာသည် သူ၏ သမီးပျို ရုစိရာ ရှောင်တခင်ကွယ်လွန်သွားသဖြင့် သောကပရိဒေဝမီး တောက်လောင်ပြီးလျှင် အနုပညာနှင့် လူ့အသိုက်အဝန်းကို မုန်းတီးငြီးငွေ့၍ နေလာခဲ့လေ၏။ သာဂလ တစ်မြို့လုံးသည်လည်း မလ္လိကာ၏ ပရိဒေဝမီးကြောင့် နှစ်နှစ်လုံးလုံး တအုံ့နွေးနွေး သောကမအေးဖြစ်နေပြီးလျှင် ညဥ့်အမှောင်ထဲက ဆိမ်မီးကင်းမဲ့နေသည့် မြို့ရွာကဲ့သို့ အရှိန်အဝါဆိတ်သုဉ်း၍နေလေ၏။

ဒေဝီမလ္လိကာသည် စောင်းတော်ကို ပိုက်လျက်ရှိသည့် သူရဿတီဒေဝီမယ်တော် နတ်သမီး၏ ရှေ့မှောက်၌ တာဝန်ဝတ္တရားကို ရိုသေမြတ်နိုးသူပီပီ ပူဆွေးတောက်လောင်နေသည့် သောကကို မျိုသိပ်ဖိနှိပ်လျက် တန်ခူးလပြည့်နေ့ည နက္ခတ်ပွဲသဘင်အခမ်းအနား၌ လူ့လောက၊ လူ့အသိုက်အဝန်းထဲသို့ တစ်ဖန် ပြန်ဝင်ရန် အဓိဋ္ဌာန်ပြုလိုက်လေ၏။

သာဂလမြို့ရှိ သာယာကြည်နူးဖွယ် ပြန့်ကျယ်ကြီးမားသည့် ပေါက္ခရဏီရေကန်ကြီး၌ ရေပြင်တွင်လည်းကောင်း၊ ကမ်းပြင်တွင်လည်းကောင်း၊ လူစုလူဝေးကြီးသည် လှိုင်းလုံးကြီးများပမာ တလိမ့်လိမ့်လှုပ်ရှား၍ နေလေသည်။

mgyoe.com

mgyoe.com


နေစွယ်ကွယ်ပျောက်ဖို့ရန်မှာ တစ်ပပဟိုရ်မျှသာ လိုတော့၏။ သို့ရာတွင် ဘယ်ဆီကို ကြည့်လိုက် ကြည့်လိုက် လူထုပရိသတ်ကြီးသည် ကြိတ်ကြိတ်တိုးနေတုန်းပင် ရှိသေးသည်။ ယင်းလူထုပရိသတ်အလျဉ်ထဲက နက္ခတ်ပွဲသဘင် မဏ္ဍပ်ကြီးမှာ မိုးဥတုကာလ၌ မိုးရေလျှံပြီး မြစ်ရေတိုးသည့်အခါ မြစ်ပြင်ကျယ်ကြီးထဲ၌ စဉ်းငယ်ပေါ်နေသည့် ကျွန်းငယ်နှင့် ပုံသဏ္ဌာန်တူနေလေသည်။ မဏ္ဍပ်မှာ စရည်းအိုးများ၊ ငှက်ပျောတိုင်များ၊ နတ်လမ်းများ၊ နွေဦးတွင် ပွင့်ဖူးသည့် ရွက်ညွန့် ပန်းမန်တို့ဖြင့် ပြုလုပ်ထားသည့် မုခ်ဦးများဖြင့် ပြင်ဆင်မွမ်းမံထားလေသည်။ ပတ်ဝန်းကျင်၌ကား ပန်းအမျိုးမျိုး၊ အမွှေးတိုင်နံ့အမျိုးမျိုး၊ ရနံ့အမျိုးမျိုးတို့ဖြင့် ထုံသင်းကြိုင်လှိုင်၍ နေလေသည်။ ဦးခေါင်းပေါ်၌ မောက်ရှည်ကြီးကိုဆောင်းလျက် ကျောပေါ်၌ လွှားကြီးကို ပိုးထားသော လုံကိုင်မင်းချင်းယောကျ်ားများသည် စိုးရိမ်တကြီးဖြင့် မဏ္ဍပ်လမ်းနှင့် မဏ္ဍပ်ထဲတွင်ရှိသော ဂဏလွှတ်တော်အဖွဲ့ဝင်အမတ်များ၊ ပဒေသရာဇ်များ၊ အနွယ်တော်များ၊ အထက်တန်းလွှာမှ ပုဂ္ဂိုလ်များ၊ လူရတတ်လူကုံထံများ၊ အမျိုးကောင်းသမီးများ၏ နေရာများကို လိုမ့်၍လာသော လူထုပရိသတ်ကြီး ဝင်မတိုးနိုင်အောင် ကာကွယ်စောင့်ရှောက်နေကြလေသည်။

နေမင်းသည် မိုးကုပ်စက်ဝိုင်းအောက်သို့ သက်ဆင်းသွားလေပြီ။ မဒ္ဒရဂဏတိုင်းပြည်အတွင်းရှိ သန်မာတောင့်တင်းပြီး ကျက်သရေရှိသည့် မြင်းများကထားသည့် ယာဉ်ရထားများ၊ လှပသော အဝတ်အစားကို ဝတ်ဆင်ထားသူများ ထမ်းပိုးလာသည့် ဝေါများ၊ မြင်းများသည် လူထုပရိသတ်ကြီး၏အလယ်၌ ကာကွယ်စည်းခြားထားသည့် လမ်းမအတိုင်း မဏ္ဍပ်ရှိရာသို့ လာနေကြလေ၏။ မဏ္ဍပ်လှေကားပေါ်၌ရပ်နေသည့် အခမ်းအနားကွပ်ကဲသူသည် ခရာကိုမှုတ်လျက် ရွှေပွဲလာငြေ့ပရိသတ်များကို ကြိုဆိုနေလေသည်။ မဏ္ဍပ်အတွင်းသို့ ဂဏလွှတ်တော်အဖွဲ့ဝင်အမတ်များ၊ မင်းပရိသတ်များ ရောက်ရှိလာသည့်အခါ အခမ်းအနားကွပ်ကဲသူသည် ထိုပုဂ္ဂိုလ်များ၏ အမည်နာမ၊ အနွယ်မျိုးရိုး၊ ရာထူးဂုဏ်ထူးတို့ကို ထုတ်ဖော်ကြေညာလျက် ထိုပုဂ္ဂိုလ်များအား သတ်မှတ်ထားသည့် နေရာထိုင်ခင်းများ၌ အသီးသီးနေရာ ချထားပေးလေ၏။ ယာဉ်ရထားများ၊ မြင်းများ၊ ဝေါများသည် ပါသည့်ပုဂ္ဂိုလ်များကို မဏ္ဍပ်တံခါးဝတွင် ချထားခဲ့ပြီးလျှင် သားမြီးယပ်ကိုင်

mgyoe.com

mgyoe.com
ဆောင်ထားသည့် ကျေးကျွန်များ အင်္ကျီရှည်ကြီးများကို ဝတ်ထားသည့် အလုပ်အကျွေးများနှင့်အတူ မဏ္ဍပ်ကို လက်ယာရစ်လှည့်ပတ်ပြီး အနောက်ဘက်သို့သွား၍ တန်းစီရပ်နေကြလေ၏။

လူကုံထံအထက်တန်းလွှာမှ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများသည် နက္ခတ်ပွဲသဘင်နှင့် လျောက်ပတ်သင့်တော်မည့် အဝတ်တန်ဆာများကို မိမိတို့၏အဆင်း၊ မိမိတို့၏မျိုးရိုးဇာတိအလိုက် ဝတ်ဆင်ထားကြသည်။ ဗြာဟ္မဏမျိုးနွယ်များသည် ရွှေချည်ဖျင်ဖြင့် ရက်ထားသည့် အနီရောင်ခေါင်းပေါင်းများကို ဦးခေါင်းတွင် ပေါင်းထားကြသည်။ နဖူးပြင်နှင့် လက်မောင်းများ၌ စန္ဒကူးအဖြူစက်ကို တို့ထားကြသည်။ ပခုံးများပေါ်မှ လွင့်၍နေသည့် ကိုယ်ရုံအင်္ကျီ၏ အောက်ဘက်၌ မပြတ်မသား မြင်တွေ့နေရသည့် အစင်းသည် ဖြူဆွတ်နေသည့် အတွင်းခံလုံကွင်း၏အပေါ်၌ အဝါရောင် ယဇ်ချည်ကြိုးအသွင်ဖြင့် ပေါ်လွင်၍နေလေသည်။ သူတို့၏ အနားကွပ်ထားသည့် အဖြူရောင် အတွင်းခံလုံကွင်းသည် ခြေနင်းသို့အထိ ကျနေလေသည်။ ခတ္တိယမျိုးနွယ်များကမူ ရွှေချထားသည့် လှပသောအဝတ်များကို ဝတ်ဆင်ထားကြသည်။ ရှည်လျား ချွန်ထက်နေသည့် နှာခေါင်း၏ အောက်ဘက်ရှိ နှုတ်ခမ်းမွေးများမှာ ကင်းမြီးကောက်နှစ်ကောင် ထောင်နေသကဲ့သို့ ပါးပြင်သို့အထိ ထိုးထွက်နေလေသည်။ သူတို့၏ နား၊ လည်ပင်း၊ လက်မောင်း၊ လက်ကောက်ဝတ်များ၌ ရတနာခြယ်စီထားသည့် အဆင်တန်ဆာများကို ဝတ်စားဆင်ယင်ထားကြသည်။ ကျယ်ပြန့်သည့် ရင်အုပ်မှ သေးသွယ်သည့် ခါးအထိ တင်းကျပ်သည့် အပေါ်ရုံအင်္ကျီကို ဝတ်ထားသည်။ ခါးမှ ဒူးအထိ အနားကွပ်ထားသည့် အတွင်းခံလုံကွင်းကို ဝတ်ထားသည်။ ဒူးမှ ခြေဖဝါးအထိ ခြေနင်းများကို စွပ်ထားကြသည်။ ကျောက်စီဓားမှာ ခါးမှာ တွဲလွဲကျနေလေသည်။ သူကြွယ်များ၏ အဝတ်အစားများမှာ အဖိုးအလွန်ထိုက်တန်သော်လည်း ခပ်ပွပွပင်ဖြစ်လေသည်။ ဂဏလွှတ်တော်အဖွဲ့ဝင် အမတ်များမှာ ဒူးခေါင်းသို့အထိ ကျ၍နေသည့် သားမွေးအင်္ကျီရှည်ကြီးကို ဝတ်ဆင်ထားကြသည်။ အချို့သော ယွန်း(ယဝန) ပဒေသရာဇ်တို့သည် ဦးခေါင်းပေါ်၌ ခပ်ချွန်ချွန်ဦးထုပ်ကို ဆောင်းထားကြ၏။ ခြေသလုံးအထိ ခပ်ပွပွ သိုးမွေးအင်္ကျီရှည်ကြီးကို ဝတ်ထားကြ၏။ ခြေထောက်တွင်မူ
mgyoe.com

mgyoe.com


ခြေစွပ်နှင့် ခပ်ချောင်ချောင် ခြေနင်းကို စီးထားသည်။ အချို့ကမူ 'အာရယန်' အဝတ်ကို ဝတ်စားဆင်ယင်ထားကြသည်။

အချို့အမျိုးသမီးများ၏ ဆင်ယင်ထုံးဖွဲ့မှု၊ ဝတ်စားဆင်ယင်မှုများမှာ အလွန်ရှုချင့်စဖွယ် ကောင်းလှပေသည်။ ပုလဲသွယ်များဖြင့် ပုံအမျိုးမျိုးဖော်၍ စည်းနှောင်ထုံးဖွဲ့ထားသည့် ဆံပင်များ၏ အပေါ်၌ရှိသော လခြမ်းသဏ္ဍာန် ပန်းပွင့်ဦးရစ် မကိုဋ်များမှာ အထူးပင် တင့်တယ်လှပလေသည်။ နား၊ လည်တိုင်၊ လက်ကောက်ဝတ်၊ လက်ချောင်းများ၌ နားတောင်း၊ ပုလဲသွယ်၊ ဆွဲကြိုး၊ လက်ကောက်၊ လက်စွပ်များ အပြည့်ဝတ်ဆင်ထားကြသည်။ တင်းကျပ်သော ကိုယ်ရုံအင်္ကျီကို ဝတ်ထားသည်ဖြစ်၍ အထက်ပိုင်း၌ မို့မောက်သော ရင်သားကို မြင်ရသည်။ အောက်ပိုင်း၌ ပြည့်ဖြိုးသော တင်သားကို တွေ့ရသည်။ အလယ်ပိုင်း ခါးသွယ်သွယ်၌မူ ရွှေခါးစည်းကြိုးကို စီးထားသည်။ ရတနာခြယ်စီထားသည့် ထိုခါးစည်းကြိုးမှာ ခါးနှင့်တင်ပါးအကြား အောက်ဘက်သို့ ဝိုက်ကျသွားပြီး တင်သား၏ ပြည့်ဖြိုးပုံနှင့် ဝိုင်းဝန်းပုံကို အထင်းသား လှစ်ပြနေလေသည်။ ခါးစည်းကြိုး၌ ရွှေချူကလေးများ ဆွဲထားသည်။ သူတို့၏ အောက်ပိုင်းလုံကွင်းမှာ ခါးစည်းကြိုးမှ ဥဒေါင်းမြီးအသွင် ဖြာကျလျက် ဆေးနီဆိုးပြီး အဆင်တန်ဆာများ ဆင်ထားသည့် ခြေထောက်များ၏အောက်ဘက်၌ ခင်းကျင်းထားသည့် ကမ္ဗလာကော်ဇောများကို ထိပြီးလျှင် ခြေထောက်များကို ဖုံးလွှမ်း၍ထားလေသည်။ ပန်းပေါင်းစုံတို့၏ရနံ့သည် လူတို့၏ အရှေ့အနောက်တစ်ခွင်တွင် ပျံ့သင်းကြိုင်လှိုင်၍နေလေသည်။ များသောအားဖြင့် ယွန်း(ဂရိ) အမျိုးသမီးတိုင်းလိုလိုပင် အာရယန်အမျိုးသမီးများ၏ အဝတ်အစားကို ဝတ်စားဆင်ယင်ထားကြသည်။

ကောင်းကင်ပြင်၌ တန်ခူးလ လသည် ထွက်စပြုလာလေပြီ။ မဏ္ဍပ်၏ အောက်ဘက် စင်မြင့်၏ လေးဖက်လေးရပ်၌လည်းကောင်း၊ လမ်းမပေါ်၌လည်းကောင်း၊ မီးတိုင်များ ထွန်းညှိထားကြသည်။ ဘုန်းတန်ခိုးကြီးမားသော တရားရှင် ယွန်း(ဂရိ) ဘုရင်မိလိန္ဒလက်ထက်က မဒ္ဒရနိုင်ငံ၏ မဟာသေနာပတိအဖြစ် အမှုထမ်းခဲ့သော အသက်အရွယ်အိုမင်းလှပြီဖြစ်သည့် မိထောဒသသည် ယခု သာဂလ ဂဏနိုင်ငံ၏ ဂဏပတိဖြစ်လာလေ

mgyoe.com

mgyoe.com


သည်။ ဂဏာပတိ မိထောဒသဂဏာပတိနေရာတွင် ထိုင်လိုက်သည်နှင့်တစ်ပြိုင်နက် မင်္ဂလာတူရိယာများ စတင်တီးမှုတ်ကြလေတော့သည်။ စင်မြင့်၏အတက်အဆင်း၌ ရပ်နေသည့် အခမ်းအနားကြွပ်ကဲသူသည် ခရာကို တစ်ဖန်မှုတ်လျက် "ရွှေပွဲလာပရိသတ်အပေါင်းတို့ခင်ဗျား၊ အနုပညာ၏ မကိုဋ်သရဖူဖြစ်သည့် ပြည့်ကျက်သရေဆောင် နိုင်ငံတော် ကချေသည် ဒေဝီမလ္လိကာ အခမ်းအနားသို့ ကြွလာပါပြီ" ဟု ဟစ်အော်ကြေညာလိုက်လေ၏။

ယင်းသို့ ဟစ်အော်ကြေညာလိုက်သောအခါ လူထုပရိသတ် ပင်လယ်သမုဒ္ဒရာပြင်ကြီး၌ လှိုင်းတံပိုး ထသွားလေ၏။ လူထုပရိသတ်အပေါင်းသည် လည်ကိုပင့်လျက် လမ်း၏နောက်ဘက်သို့ လှည့်ကြည့်ကြလေ၏။

မီးရှူးတန်ဆောင်များ ကိုင်ဆောင်ထားကြသည့် မြင်းစီးယောကျ်ားများ၏ နောက်ဘက်မှ ယာဉ်ရထား၊ ထိုယာဉ်ရထား၏ နောက်ဘက်မှ မီးရှူးတန်ဆောင် ကိုင်ဆောင်ထားသည့် မြင်းစီးယောကျ်ားများ၊ ယင်းသို့ညှပ်ပြီး လိုက်ပါလာကြသည်။ ယာဉ်ရထားသည် ခဏချင်းပင် မဏ္ဍပ်အနီးရှိ လူထုပရိသတ်ထဲသို့ ရောက်ရှိလာလေ၏။ လူထုပရိသတ်သည် အနုပညာ၏ မကိုဋ်သရဖူ ပြည့်ကျက်သရေဆောင် မလ္လိကာဒေဝီ အသက်ရှည်စေကြောင်း၊ အောင်မြင်စေကြောင်း ဟစ်ကြွေးဆုတောင်းကြလေ၏။ ပန်းမိုး၊ ပန်းကုံးမိုးကိုလည်း မလ္လိကာ၏ ရထားပေါ်တွင် ရွာချကြလေ၏။ ပန်းနှင့်ပန်းကုံးများစွာတို့မှာ ယာဉ်ရထားထဲ ရောက်သွားပြီးလျှင် ပန်းပွင့်အပုံကြီးပေါ်တွင် လျှောကျလျက် အောက်ဘက်သို့ လွင့်ကျလာကြလေ၏။ မလ္လိကာသည် လက်ယှက်၍ ပြုံးချိုသော မျက်နှာ၊ နှိမ့်ချသော ဦးခေါင်းဖြင့် မျက်စိတစ်ဆုံး ပြန့်ပြူး၍နေသည့် ပရိသတ်လူထုကြီး၏ ကျေးဇူးဥပကာရတင်ရှိသော မျက်လုံးများဖြင့် အရိုအသေပေးခြင်းကို ခံယူ၍နေလေသည်။ မဏ္ဍပ်တွင်းသို့ ရောက်လာသည့်အခါ ကချေသည် မလ္လိကာသည် မင်းပရိသတ်၏ ရိုသေဦးညွတ်မှုကို ခံယူပြီးလျှင် ဂဏာပတိ၏အနီးတွင် နေရာယူလိုက်လေ၏။ မလ္လိကာ၏ ယာဉ်ရထားနောက်မှ ယာဉ်ရထားခြောက်စီးဖြင့် သူ၏လက်ရွေးစင်တပည့်မများမှာ အနုပညာပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် လိုက်ပါလာကြလေ၏။

အခမ်းအနားကြွပ်ကဲသူက ခရာကို တစ်ဖန်မှုတ်လိုက်ပြန်လေသည်။

mgyoe.com

mgyoe.com


မင်္ဂလာ အစပျိုးတူရိယာသံများ ရပ်သွားပြီး စည်တော်ကို ရွှမ်းလိုက်လေသည်။ ကပွဲမစမီ တက္ကသိုလာနှင့် မဂဓတိုင်းမှ ပညာသင်ကြားဆည်းပူးပြီး ပြန်လည်ရောက်ရှိလာကြသည့် လုလင်ပျိုများ၏ လက်နက်အတတ်ပညာ ပြိုင်ပွဲ ကျင်းပဖို့အစီအစဉ်ရှိလေသည်။ ထိုပြိုင်ပွဲတွင် အရည်အသွေးကို စမ်းသပ်ပြီးမှသာလျှင် လုလင်ပျိုတို့သည် မဒ္ဒရဂဏတိုင်းပြည်၏ စစ်တပ်တွင် ရာထူးခန့်အပ်ခြင်း ခံကြရမည်ဖြစ်လေသည်။

အခမ်းအနားကြွပ်ကဲသူက ကြေညာလိုက်လေ၏။

"တရားအမတ်ကြီး မဟာပဏ္ဍိတ် ဒေဝရှုရမာ၏မြေး ဝိနယရှုရမာ၊ မဟာပဒေသရာဇ် သဗ္ဗတ္ထ၏သား ဣန္ဒရဒီပ၊ ဂဏလွှတ်တော်ဥက္ကဋ္ဌ အာကျာရယပဝဒ္ဓန၏သား ဝသုမိရ၊ ဂဏလွှတ်တော် မဲအရာရှိချုပ် ပဒေသရာဇ် ကတ္တာဝိရ၏သား သကိဒ၊ သူဌေးကြီး သမတ္တက၏သား ဝိရုဏသေ၊ သူကြွယ်ကြီး ပရေဆထ၏သား ပိထုသေန..."

လုလင်ပျိုခြောက်ယောက်တို့သည် စစ်သည်တော်၏အသွင်ဖြင့် ကိုယ်ကာယပေါ်၌ ချပ်မိန်ညိုကို ဝတ်လျက် ဦးခေါင်းပေါ်၌ သံခမောက်ကို ဆောင်းလျက် ပခုံးပေါ်၌ လေးနှင့်မြားကို လွယ်လျက် ခါး၌ ဓားကိုချိတ်ဆွဲလျက် စင်မြင့်ပေါ်သို့ တက်လာကြလေ၏။ မဒ္ဒရဂဏနိုင်ငံ၏ ဂဏပတိလည်းဖြစ်၊ မဟာသေနာပတိလည်းဖြစ်သော အသက်အရွယ်အားဖြင့် အိုမင်းရင့်ရော် လုပြီဖြစ်သည့် မိထောဒသ၏ ရှေ့မှောက်၌ ရပ်ပြီးလျှင် ထိုလုလင်ပျို ခြောက်ယောက်တို့သည် မိမိတို့၏ဓားကို နှာခေါင်းနားအထိ မြှောက်ကိုင်လျက် ဦးခေါင်းကိုညွတ်၍ ကြေညာလိုက်ကြလေသည်။

"မဒ္ဒရဂဏနိုင်ငံ သာဂလမြို့သားဖြစ်သော ကျွန်ုပ် မည်သူမည်သူ့၏သားသည် သေနင်္ဗျူဟာ စစ်အတတ်ပညာကို သင်ကြားတတ်မြောက်လာခဲ့ပြီဖြစ်၍ တိုင်းပြည်နိုင်ငံ၏တာဝန်ကို ထမ်းရွက်ရန် အသင့်ပင်ရှိနေပါပြီ။ ဂဏနိုင်ငံက ကျွန်ုပ်၏ အရည်အချင်းကို စမ်းသပ်လျက် စစ်တပ်တွင် အမှုထမ်းရန်အတွက် ကျွန်ုပ်အား ထိုက်တန်သောရာထူးကို ပေးအပ်ပါရန် တောင်းပန်ပါ၏"

ဂဏပတိသည် လုလင်ပျိုများအား လေးအတတ်ကိုပြိုင်ရန် အသင့်ရှိနှင့်နေကြဖို့ အမိန့်ပေးပြီး အသင့်ရှိနေသော စစ်သည်တော်တစ်ဦးအား

mgyoe.com

mgyoe.com


အချက်ပေးလိုက်လေ၏။ လုလင်ပျိုတို့၏ လေးတွင် မြားအသင့်တပ်ထား လိုက်ကြလေပြီ။ စစ်သည်တော်သည် မဏ္ဍပ်၏ မျက်နှာကြက်ရှိရာသို့ အရောင်အမျိုးမျိုးရှိသော ဘောလုံးကလေးများကို ပစ်တင်လိုက်လေ၏။ လူထုပရိသတ်သည် ထိုလေးပစ်အတတ်ပြိုင်ပွဲကို စိတ်ဝင်စားစွာဖြင့် ငေး ကြည့်နေကြသည်။ လုလင်ပျိုတို့သည် ဘောလုံးပေါင်းများစွာကို လေးဖြင့် ခဲယဉ်းစွာ ပစ်ဖောက်ကြလေသည်။ သေနာပတိနှင့် အကဲဖြတ်တို့သည် ဘယ် လုလင်သည် မြားဘယ်နှစင်းဖြင့် ဘောလုံးဘယ်နှလုံးကို ပစ်ဖောက်သည် ဆိုသည့်အချက်ကို ဂရုစိုက်ပြီး ကြည့်ရှုနေလေ၏။ မဟာသေနာပတိသည် လက်မြှောက်လျက် လေးအတတ်ပြိုင်ပွဲ အပြီးသတ်ရန် အချက်ပေးလိုက် လေ၏။

တစ်ဖန် မဟာသေနာပတိသည် လုလင်ပျိုတို့အား ချပ်မိန့်ညိုကို ချွတ် လျက် မိမိတို့သန်ရာလက်နက်တစ်ခုကို ရွေးချယ်ရန် အမိန့်ပေးလိုက်ပြန် ၏။ ဣန္ဒရဒိပနှင့် ဝိနယရုရမာက လှံကိုလည်းကောင်း၊ အခြားသောလုလင် တို့က ဓားကိုလည်းကောင်း အသီးသီးရွေးချယ်လိုက်ကြသည်။ မဟာသေနာ ပတိက အမိန့်ပေးလိုက်လေ၏။

"လုလင်တိုင်းသည် ကျန်လုလင်အား မိမိ၏ရန်သူဟု သဘောထား လျက် မိမိကိုယ်ကိုကာကွယ်ရင်း ရန်သူများအား ဒဏ်ရာအနာတရဖြစ်အောင် ထိုးခုတ်ရမည်။ ဒဏ်ရာအနာတရဖြစ်အောင် ထိုးခုတ်ရမည်ဆိုသည့် အဓိပ္ပာယ် မှာ ပြင်းပြင်းထန်ထန် ဒဏ်ရာအနာတရဖြစ်အောင် ထိုးခုတ်ရမည်ဟု မဆို လို။ မည်သည့်လုလင်မှ အကောက်ဉာဏ်ကိုသုံးခြင်း၊ အဂတိလိုက်စားခြင်း များကို မပြုလုပ်ရ။ ယင်းနှစ်မျိုးကို ပြုမူက ဂဏနိုင်ငံတရားလွှတ်ရုံးမှ အပြစ် ဒဏ်ပေးခြင်း ခံရလိမ့်မည်"

မဟာသေနာပတိသည် ကိုယ်ရုံအင်္ကျီကို လေထဲတွင် ဝှေ့ယမ်းလျက် တိုက်ပွဲစပြီဆိုသည့် အမှတ်သင်္ကေတကို ပြလိုက်လေ၏။ မဏ္ဍပ်ထဲ၌ လျှပ် စီးလက်သကဲ့သို့ အချက်ပေါင်းများစွာ ဝင်းခနဲ ဝင်းခနဲ လက်သွားလေ၏။ လုလင်ခြောက်ယောက်တို့သည် နေရာအသီးသီး၌ ရန်သူကို တိုက်ခိုက်ရန် အတွက် ကျောကို လေးသဏ္ဍာန်ကွေးလျက် အစွယ်နှင့် ခြေသည်း လက် သည်းကို ထုတ်ထားသည့် ကျားသတ္တဝါကဲ့သို့ တုန်၍နေကြလေသည်။

mgyoe.com

mgyoe.com


လုလင်တိုင်းသည် ကျန်လုလင်အားလုံးအား မျက်တောင်မခတ် စူးစိုက်ကြည့်ရှုနေကြသည်။ သူတို့၏လက်ထဲရှိ လက်နက်များမှာ တစ်ခဏမျှ မျက်နှာကြက်အောက်ဘက်ရှိ မီးရောင်ကဲ့သို့ ဝင်းလက်ပြိုးပြက်သွားပြီးလျှင် လှုပ်ရှားသွားသည့် မီးညွန့်မီးလျှံကဲ့သို့ သူတို့၏လက်ထဲတွင် တစ်ဖန် ပြန်ငြိမ်သွားကြပြန်လေသည်။

ကျယ်ပြောလှသည့် လူထုပရိသတ်ကြီးသည် သက်မကို ပင့်လျက် မျက်လုံးအပြူးသားနှင့် စစ်သည်သူရဲကောင်းများ၏ သိမ်မွေ့လှသည့် လှုပ်ရှားခြင်းနှင့် ရွေ့လျားခြင်းများကို စူးစိုက်ကြည့်ရှုနေကြသည်။ ကြည့်ရှုရင်းကြက်သီးမွေးညင်းထလာကြလေ၏။ စစ်သည်သူရဲကောင်းများသည် နေရာကို ရွှေ့လိုက်၊ ညင်သာသော လေအလာတွင် ယိမ်းယိုင်လှုပ်ရှားသွားသည့် မြက်ပင်များကဲ့သို့ လှုပ်ရှားလိုက် ဖြစ်နေကြသည်။ တစ်ခဏအတွင်း၌ပင် သူတို့၏ စင်းနေသည့်လည်ပင်း၊ အဝတ်မဲ့နေသည့် လက်မောင်း၊ အမွေးတင်းကျမ်းနှင့် ရင်အုပ်၊ တောင့်တင်းသန်မာသည့် ကျောပြင်များမှ ချွေးသီးချွေးပေါက်ကြီးများ စီးကျလာလေ၏။ သူတို့၏ ကိုယ်ကာယပေါ်၌ နေရာအနှံ့အပြားတွင် အနီစင်းများထင်လျက် သွေးများ စီးကျလာလေသည်။ သွေးသည် ချွေးနှင့်ရောလျက် ပျံ့နှံ့သွားသည်ဖြစ်၍ သူတို့၏ ကိုယ်ကာယသည် မြေနီမှုန့်ရောင် ထနေလေသည်။

မဟာသေနာပတိ၏ ညွှန်ကြားချက်ဖြင့် အခမ်းအနားကွပ်ကဲသူသည် ခရာကိုမှုတ်လျက် သေနင်္ဂဗျူဟာ စစ်အတတ်ပညာပြိုင်ပွဲ အပြီးသတ်ပြီဖြစ်ကြောင်း အချက်ပေးလိုက်လေသည်။ လုလင်များသည် အစစ်အဆေးခံရန်အတွက် မဟာသေနာပတိ၏ ရှေ့မှောက်သို့ ရောက်လာကြ၏။ လုလင်သကိဒနှင့် ပိထုသေန၏ ကိုယ်ပေါ်၌ သွေးအရာနှစ်ခုမျှသာလျှင် ရှိလေသည်။ လုလင် ဝိရုဏ္ဏသ၏ ကိုယ်ပေါ်၌ ဒဏ်ရာသုံးခုစီ ရှိနေလေသည်။

ဂဏလွှတ်တော်အဖွဲ့ဝင် အမတ်များနှင့် တိုင်ပင်နှီးနှောလျက် မဟာသေနာပတိက ကြေညာလိုက်လေ၏။

"ဂဏလွှတ်တော်အဖွဲ့ဝင်များနှင့်အတူ လူထုပရိသတ်အပေါင်းတို့၊ လုလင်သကိဒနှင့် ပိထုသေနသည် ဓားရေး၊ လှံရေး၌ တကယ်ကျွမ်းကျင်လိမ္မာကြောင်း ပြသခဲ့ကြသည်။ ဂဏလွှတ်တော်အဖွဲ့ဝင်အမတ်များ၏ အလို

mgyoe.com

mgyoe.com


အရ ပိထုသေနက ပထမရသည်။ သို့ရာတွင် ပိထုသေနသည် မိမိ၏ လက်ဝဲဘက်၌ မလိုလားအပ်သည့် ထိုးခုတ်မှုများကို ပြုလုပ်လျက် မိမိ၏စွမ်းရည်သတ္တိကို အကျိုးမဲ့ အသုံးပြုခဲ့သည်။ ပိထုသေန၌ ယင်းကဲ့သို့သော သတိသမ္ပဇဉ်ချို့တဲ့မှုရှိသည့်အတွက်ကြောင့် 'အတော်ဆုံး ဓားကိုင်စစ်သည်တော်' ဟူသော ဂုဏ်ထူးကို လုလင် သကိဒအား သာလျှင် ချီးမြှင့်ပေးအပ်လိုက်သည်"

ဖြူဆွတ်သော ပန်းပွင့်၊ စိမ်းလန်းသော အခက်အခက်တို့ဖြင့် ပြုလုပ်ထားသည့် မကိုဋ်ကိုညွှန်ပြလျက် မဟာသေနာပတိက ဆက်ပြောလေသည်။

"ပြည့်ကျက်သရေဆောင် ဒေဝီမလ္လိကာ၏ တပည့် လုံမပျိုထဲက အနုပညာပြိုင်ပွဲတွင် ပထမစွဲပြီး 'သုရဿတီ သမီးတော်' ဟူသည့် ဘွဲ့ထူးဂုဏ်ထူးကို ဆွတ်ခူးရရှိသူ လုံမပျိုက အတော်ဆုံး ဓားကိုင်လုလင်အား ဤမကိုဋ်ကို ကိုယ်တိုင် လက်ဖြင့်ဆက်သပေးအပ်ပါလိမ့်မည်"

အခမ်းအနားကွပ်ကဲသူက ခရာကို မှုတ်လိုက်သည့်အခါ လူထုပရိသတ်ကြီးသည် ကောင်းချီးဟစ်ကြွေး ဩဘာပေးကြလေသည်။ လုလင်များသည် ဦးညွှတ်အရိုအသေပြုလျက် စင်မြင့်အောက်ဘက်သို့ ရောက်ရှိလာကြ၏။ သို့ရာတွင် လုလင် ပိထုသေနသည် မဟာသေနာပတိ၏ ရှေ့မှောက်၌ ရပ်နေ၏။ ဓားကို နှာခေါင်း၏ ရှေ့တည့်တည့်၌ ကိုင်ထားပြီးလျှင် ဦးခေါင်းကိုညွှတ်၍ ပိထုသေနက တောင်းပန်လျှောက်ထားလိုက်လေသည်။

"အကျွန်ုပ် သူကြွယ် ပရေဆထ၏ သားဖြစ်သူ ပိထုသေနအား ဘုန်းဝါန်ခိုးကြီးမားသော ဂဏာပတိ၏ ရှေ့မှောက်၌ အယူခံဝင်ခွင့်ပြုပါမည့်အကြောင်း တောင်းပန်လျှောက်ထားပါ၏"

မဟာသေနာပတိ၏ ခွင့်ပြုချက်ကို ရရှိသည်ဖြစ်၍ ပိထုသေနသည် ဤသို့ ကြားလျှောက်လိုက်လေသည်။

"အကျွန်ုပ် ပိထုသေနသည် ဂဏာပတိ၏အမိန့်အရ ဂဏာလွှတ်တော်က ထပ်မံစဉ်းစားရန် တောင်းပန်လျှောက်ထားပါသည်။ အကျွန်ုပ်သည် လက်ဝဲဘက်၌ အချည်းနှီးထိုးခုတ်ပြီး မိမိ၏စွမ်းရည်သတ္တိကို အကျိုးမဲ့မပြုလုပ်ခဲ့ပါ။ ဂဏာပတိနှင့် ဂဏာလွှတ်တော်အဖွဲ့ဝင်အပေါင်းတို့ သေချာစွာ

mgyoe.com

mgyoe.com


ကြည့်ရှုတော်မူကြပါ။ အကျွန်ုပ်သည် ဤသူငါးဦးကိုသာလျှင် မကဘဲ ငှက်ပျောပင်၏ အသွင်ဖြင့်ရှိနေသော ဆဋ္ဌမမြောက် ရန်သူကိုပါ ရင်ဆိုင်ခဲ့ပါသည်။ မဟာသေနာပတိ ခွင့်ပြုပါက အကျွန်ုပ် ပြလိုပါသည်"

ပိထုသေနသည် မဏ္ဍပ်၏လက်ဝဲဘက်ရှိ တိုင်အနီးသို့သွားပြီးလျှင် ထိုတိုင်ကို မှေးပြီးထောင်ထားသည့် ငှက်ပျောပင်ကို လှုပ်လိုက်လေ၏။ ငှက်ပျောပင်သည် အစိတ်စိတ်ဖြစ်ပြီး လဲကျသွားလေသည်။ ဓားခုတ်အတတ်ပညာ လိမ္မာကျွမ်းကျင်ပုံကို ယင်းကဲ့သို့ ထူးထူးခြားခြား တွေ့မြင်ရသည်ဖြစ်၍ လူထုပရိသတ်အပေါင်းသည် အုတ်အော်သောင်းတင်း ဖြစ်သွားကြလေ၏။ ရိုသေလေးစားစွာဖြင့် ဦးခေါင်းကို ညွှတ်ပြီးလျှင် ပိထုသေနသည် မဟာသေနာပတိအား ကြားလျှောက်လိုက်လေသည်။

"မဟာသေနာပတိကြီးခင်ဗျား... ဤရန်သူကိုလည်း အကျွန်ုပ် အနိုင်တိုက်ခဲ့ပါသည်။ အကျွန်ုပ် မဟာသေနာပတိကြီး၏ တရားအဆုံးအဖြတ်ကို ခံယူလိုပါ၏"

မဟာသေနာပတိသည် တအံ့တသြဖြစ်သွားပြီးလျှင် ထိုင်နေရာမှ ထပြီး ပိထုသေန၏ပခုံးပေါ် လက်တင်လျက် "ကျွန်ုပ် အဆုံးအဖြတ်မှားသွားသည်။ လုလင် ပိထုသေနသာ သာဂလတစ်မြို့လုံး၌ အတော်ဆုံး ဓားကိုင်စစ်သည်တော်ဖြစ်ပေ၏" ဟု ကြေညာလိုက်လေ၏။ ဤတွင် တစ်ဖန်လူထုပရိသတ်ကြီးသည် အုန်းအုန်းကျွက်ကျွက် ဖြစ်သွားပြန်လေသည်။

ဂဏလွှတ်တော်အဖွဲ့ဝင် အမတ်များ၏နေရာမှ ဂဏလွှတ်တော်ဥက္ကဋ္ဌ အာကျာရယ ပဝဒ္ဓနက ထပြီး ကန့်ကွက်လေ၏။ "ဂဏပတိအနေဖြင့် တစ်ကြိမ်တစ်ခါ ပေးထားသည့်အဆုံးအဖြတ်ကို ထပ်မံပြုပြင်ပြောင်းလဲနိုင်ပါသလောဆိုသည့်အချက်ကို ဂဏပတိနှင့်တကွ ဂဏလွှတ်တော်အဖွဲ့ဝင်အမတ်များ စဉ်းစားဆင်ခြင်ကြစေချင်ပါ၏"

အံ့သြခြင်း၊ ယုံမှားသံသယဖြစ်ခြင်းများဖြင့် ငြိမ်သက်တိတ်ဆိတ်နေသည့် ဂဏလွှတ်တော်အဖွဲ့ဝင်များ၊ ဂုဏ်သရေရှိ ပုဂ္ဂိုလ်များ၊ ပရိသတ်များသည် အာကျာရယ ပဝဒ္ဓနရှိရာသို့ စူးစိုက်ကြည့်ရှုနေ၏။ သူ့နေရာတွင်ပြန်မထိုင်သေးမီ အသက်အရွယ်ကြီးရင့်အိုမင်းလုပြီဖြစ်သည့် မဟာသေနာပတိကြီးသည် လက်မောင်းကိုမြှောက်လျက် ဂုဏ်အသရေရှိ ဂဏလွှတ်တော်

mgyoe.com

mgyoe.com

အဖွဲ့ဝင်များနှင့် ပရိသတ်အပေါင်းတို့အား ပြောကြားလိုက်၏။

"ဂဏလွှတ်တော် အဖွဲ့ဝင်များ၊ ပဒေသရာဇ်များ၊ ဂုဏ်အသရေရှိ ပုဂ္ဂိုလ်များ၊ သာဂလမြို့သူမြို့သားများအနေဖြင့် ဂဏလွှတ်တော်ဥက္ကဋ္ဌ၏ ကန့်ကွက်ချက်ကို စဉ်းစားဆင်ခြင်ကြည့်ကြပါ။ ကျွန်ုပ် အဆုံးအဖြတ် မှား သွားသည်ဆိုသည့်အချက်ကို ကျွန်ုပ် ဝန်ခံပါ၏။ အသက်အရွယ် အိုမင်း ရင့်ရော်လုပြီဖြစ်သည့်အတွက် ကျွန်ုပ်၏ မျက်စိအမြင်အားမှာ ဆုတ်ယုတ် မှေးမှိန်သွားခဲ့ပါပြီ။ အကယ်၍ ပရိသတ်အပေါင်းက ကျွန်ုပ်အပေါ်တွင် ယုံကြည်စိတ်ချမှုရှိသည်ဆိုပါလျှင် ကျွန်ုပ်၏အမှားများကို ပြန်ပြင်ခွင့်ပေး ပါရန် တောင်းပန်ပါသည်"

ဂဏလွှတ်တော်အဖွဲ့ဝင်အမတ်များနှင့် ဂုဏ်အသရေရှိ ပုဂ္ဂိုလ်များ သည် ပါးစပ်အဟောင်းသားနှင့် တစ်ဦးကိုတစ်ဦး ဘယ်လိုလုပ်ကြမလဲဟူ သော အကြည့်ဖြင့် ကြည့်နေကြလေ၏။ လူထုပရိသတ်ကြီးကမူ စိတ်အား တက်ကြွစွာဖြင့် ထိုမင်းပရိသတ်ရှိရာဘက်သို့ မျက်နှာမူနေကြလေ၏။ မဟာ သေနာပတိသည် စင်မြင့်ပေါ်၌ သူ၏နေရာအနီးတွင် ရပ်နေလေသည်။ တစ်ဖန်ပြောလိုက်ပြန်သည်။ "ဂဏလွှတ်တော်အဖွဲ့ကြီးက ကျွန်ုပ်၏ အမှား ပြင်ဆင်ချက်ကို ကန့်ကွက်လိုပါသေးသလော"

မကန့်ကွက်လိုဟူသော သဘောဖြင့် အားလုံးက ဦးခေါင်းယမ်းပြ သည်ကို တွေ့ရသောအခါ မဟာသေနာပတိက တစ်ဖန်ကြညာလိုက်ပြန် လေသည်။ "ကျွန်ုပ် မဒ္ဒရနိုင်ငံ ဂဏလွှတ်တော်၏ ဂဏပတိဖြစ်သူ မိထော ဒသသည် မဟာသေနာပတိအနေဖြင့် အဆုံးအဖြတ်ပေးပြီး ယင်းဆုံးဖြတ် ချက်ကို မဟာသေနာပတိအနေဖြင့် ထပ်မံပြင်ဆင်သည်ကို လက်ခံသဘော ဟူပါ၏။ ကန့်ကွက်လိုသူများရှိလျှင် ကန့်ကွက်နိုင်ပါသည်"

အားလုံး တိတ်ဆိတ်ငြိမ်သက်နေကြသည်ကို တွေ့ရ၍ မဟာသေနာ ပတိသည် သူ့နေရာတွင် သူ တစ်ဖန်ပြန်ထိုင်လိုက်လေသည်။ လူထုပရိသတ် ကြီးသည် မထင်ရှား မပြတ်သားသောအသံဖြင့် မိမိတို့၏ ကျေနပ်မှု သဘော တူညီမှုကို ထုတ်ဖော်ပြသကြလေသည်။

အခမ်းအနားကွပ်ကဲသူ၏ ခရာသံ တစ်ဖန်ပေါ်လာပြီး စင်မြင့်ပေါ် မှ စောင်းသံ၊ ပြွေသံ၊ စည်ပုတ်သံ၊ မုရိုးစည်သံ စသော ဂီတသံများ ထွက်

mgyoe.com

mgyoe.com


ပေါ်လာကြသည်။ ယင်းဂီတသံများမှာ ကပွဲသဘင်စပြီဆိုသည့် အမှတ်အသားများဖြစ်ကြလေ၏။ တူရိယာ ဂီတသံများ အသံညီသွားသည့်အခါ တပည့် လုံမပျိုအပေါင်းတည်းဟူသော ကြယ်တာရာတို့၏ အလယ်ဗဟို၌ရှိသော သော်တာလမင်းကဲ့သို့ တင့်တယ်တောက်ပ၍နေသည့် မလ္လိကာသည် ဥသြသံပမာ ချိုသာအေးမြသောအသံဖြင့် မင်္ဂလာတေးသံကို ကျူးရင့် သီဆိုလိုက်လေသည်။ ယင်းမင်္ဂလာတေးသံ အပြီးသတ်၌ တပည့်လုံမပျိုအပေါင်းတို့က သံပြိုင်လိုက်ဆိုကြသဖြင့် ပွဲသဘင်တစ်ခုလုံး ပွဲတင်ထပ်သွားလေ၏။ ဒေဝီမလ္လိကာသည် ဂီတသံ၏ အနိမ့်အမြင့်ကို မိမိ၏ နူးညံ့သွယ်ပျောင်းသော လက်ချောင်းများ၊ ကြာရိုးကဲ့သို့သော လက်မောင်းများဖြင့် ညွှန်ပြထုတ်ဖော်၍နေလေသည်။ တပည့် လုံမပျိုအပေါင်းတို့၏နှုတ်မှလည်းကောင်း၊ ဂီတဆရာများ၏ တူရိယာဂီတများမှလည်းကောင်း ထွက်ပေါ်လာသည့် အသံများနှင့် လူထုပရိသတ်တို့၏ အသက်ရှူသံတို့သည် ထိုမလ္လိကာ၏ ကပဟန်နောက်သို့ လိုက်နေကြလေသည်။ ပွဲသဘင်တစ်ခုလုံးသည် ဂီတအသံလှိုင်းများဖြင့် ဖုံးလွှမ်း၍နေလေသည်။ သီချင်းတစ်ပုဒ် အဆုံးသတ်သွားသော်လည်း လူထုပရိသတ်အပေါင်းမှာ ဂါထာမန္တရား ဖမ်းစားခြင်းခံရသည့် သေသနဂါးကဲ့သို့ မှင်တက်မိနေကြလေ၏။

ဂီတဆရာများက တစ်ဖန် ရှေးဟောင်းကြိုးတစ်ခုကို တီးမှုတ်ကြပြန်လေသည်။ မလ္လိကာ၏ညွှန်ကြားချက်ဖြင့် မာဒုလိကာသီချင်း စ၍သီဆိုလေသည်။ မာဒုလိကာ ပြီးသွားသောအခါ ကုသုမသေနာကလည်းကောင်း၊ ကုသုမသေနာ ပြီးသွားသောအခါ ဒိဗျာကလည်းကောင်း အသီးသီး သီဆိုကြလေ၏။ ထို့နောက်တွင် ကချေသည် ဝိသုမိတ္တာက သူ၏ အဖွဲ့နှင့်တကွ ကျူးရင့်သီဆိုလေသည်။ မိမိကိုယ်ကိုမိမိ မေ့လျော့နေကြသည့် လူထုပရိသတ်ကြီးသည် ဂီတသံရေယဉ်ကြောတွင် မျောပါး၍နေလေသည်။

မလ္လိကာသည် နေရာမှထလျက် လူထုပရိသတ်အား ဦးညွှတ်အရိုအသေပြုပြီးလျှင် သာယာချိုအေးသော အသံဖြင့် "အနုပညာကို မြတ်နိုးသည့် လူထုပရိသတ်က သဘောတူပါလျှင် သီချင်းဂီတသီဆိုသည့်အခမ်းအနားကို ရပ်သိမ်းပြီး ကပွဲသဘင်ကို စပါတော့မည်" ဟု ကြေညာလိုက်လေ၏။

mgyoe.com

mgyoe.com

ဂါထာမန္တရား၏ ဖမ်းစားခြင်းမှ လွတ်မြောက်သွားသကဲ့သို့ လူထုပရိသတ်သည် လှုပ်လှုပ်ရွရွဖြစ်လာလေ၏။ ဆီမီးတိုင်ကို ကိုင်ဆောင်ထားသူတို့သည် ဆီမီးတွင် ဆီထပ်ဖြည့်ရန် အခွင့်ရရှိသွားကြသည်။ ဆီကုန်ခန်းသွားသဖြင့် ဆီမီးရောင်တို့မှာ မှေးမှိန်သွားခဲ့ကြလေပြီ။ သို့ရာတွင် သီချင်းဂီတသံအာရုံကြောတွင် မြုပ်နှစ်မျောပါပြီး မေ့လျော့နေကြသည့် လူထုပရိသတ်သည် မှေးမှိန်ဖျော့တော့နေသည့် အလင်းရောင်ကို သတိမမူမိကြပေ။

စင်မြင့်သည် တောက်ပသော ဆီမီးရောင်တို့ဖြင့် ဝင်းပြောင်ထိန်လက်သွားလေ၏။ တူရိယာဂီတသံများလည်း ပြောင်းလဲသွားလေပြီ။ ဒေဝိမလ္လိကာသည် တပည့်လုံမပျိုအပေါင်း ခြံရံလျက် စင်မြင့်ပေါ်သို့ တက်လာလေ၏။ လူထုပရိသတ်သည် မမှိတ်မသုန်သော မျက်လုံးများဖြင့် မလ္လိကာရှိရာသို့ စူးစိုက်ကြည့်ရှုနေကြသည်။ 'ရာသ' အကကို စတင်ကပြကြလေ၏။ ထိုအကပြီးသောအခါ သဏ္ဌာန်လုပ် သရုပ်ဖော်သည့် အကတစ်မျိုးကို ကပြကြလေ၏။ မလ္လိကာက မိုးမင်းသဏ္ဌာန်ဆောင်လျက် သူ၏ တပည့်လုံမပျိုများက မိုးအတွက် ဗျာပါဒများနေသည့် ပထဝီမြေကြီး၊ လူသားများ၊ တိရစ္ဆာန်များ၊ တောစိုး သစ်ပင်များအဖြစ် သရုပ်ဆောင်ကြ၏။

တပည့်လုံမပျိုတို့သည် မိုးမင်းကြီးကို မိုးရွာသွန်းချရန် တောင်းပန်တိုးလျှိုးကြလေသည်။ မိုးမင်းက ကြောက်မက်ထိတ်လန့်ဖွယ်အသွင်ဖြင့် တင်းခံနေလေ၏။ တောင်းပန်တိုးလျှိုးသူများသည် သနားစဖွယ် နူးညံ့ ပျော့ပျောင်းစွာ အနူးအညွတ် မရမက တောင်းပန်နေကြလေရာ မိုးမင်းမှာ မနေသာတော့ဘဲ မိုးရွာသွန်းချရလေတော့၏။ ပထဝီမိခင်သည် သူ၏သားသမီးများနှင့်တကွ တက်ကြွကွန့်မြူးသွားလေ၏။ လူထုပရိသတ်ကြီးသည် အနုပညာ၏ အရသာကိုခံစားရင်း တွေဝေမိန်းမောလျက် မလှုပ်မယှက်ငြိမ်သက်နေလေ၏။

ပွဲကြည့်ပရိသတ်များကို တစ်ခဏမျှ အနားပေးပြီးနောက် မာဒုလိကာသည် ဤပွဲသဘင်အတွက် အထူးစီစဉ်ထားသည့် 'ချိန်းချက်ရာသို့ သွားသူ' အကကို ကပြအသုံးတော်ခံလေသည်။ ထို့နောက် ကုသုမသေနာက 'ဥဗ္ဗသီ၏ ချစ်ပန်လွှာ' အကကို ကပြလျက် ဒိဗျာက 'ဟသံ့မ သစ္စာနှံခန်း' အက

mgyoe.com

mgyoe.com
ကို ကပြအသုံးတော်ခံလေသည်။ မလ္လိကာသည် ပွဲတော်မတိုင်မီ သီတင်းနှစ်ပတ်အလွန်လောက်ကပင် ဒိဗျာအား ကကြိုးကကွက်များကို အထူးသင်ကြားပြသပေးလျက် အလေ့အကျင့်ပြုလုပ်ပေးထားလေ၏။

ဒိဗျာသည် ဆီးနှင်းကဲ့သို့ ဆွတ်ဆွတ်ဖြူသော ဝတ်ရုံများကို ဝတ်ဆင်လျက် စင်မြင့်ပေါ်သို့ တက်လာလေ၏။ သူ၏ နူးညံ့ပျော့ပျောင်းသည့်လက်မောင်းမှကျနေသော ဖြူဆွတ်လှပသည့် ကိုယ်ရုံအဝတ်၏ အနားအစတို့မှာ ဟင်္သာမတောင်ပံကဲ့သို့ ပျံ့လွင့်နေကြသည်။ ဟင်္သာမသည် ကြင်ဖက် ပျောက်သဖြင့် ပူပုံပန်း၍နေ၏။ ကားလိပ်ချထားသည့်နောက်ကွယ်မှ ဟင်္သာဖိုက ဖိုသံပေးလိုက်သည်။ ဟင်္သာဖိုသံကို ကြားရသည်ဖြစ်၍ ဟင်္သာမသည် အားတက်၍လာသည်။ ရွှင်လန်း အားတက်လာပြီးနောက် ဟင်္သာမသည် ဖရတ်ဖရတ်နှင့် တောင်ပံကိုခတ်လျက် ကြင်ဖက်ကို အရှာထွက်လေသည်။ ကြင်ဖက်ကိုရှာရင်းနှင့် မုဆိုး၏ ကျော့ကွင်းတွင် ဖမ်းမိသွားလေ၏။

ဟင်္သာဖိုက အသံပေးလေလေ ဟင်္သာမမှာ မနေနိုင် မထိုင်နိုင်ဖြစ်လာလေလေ။ ကျော့ကွင်း၌ ဖမ်းမိနေသည်ဖြစ်၍ အခက်ကြုံနေရ၏။ အနှောင်အဖွဲ့မှ လွတ်မြောက်အောင် ဟင်္သာတမသည် ကြိုးစား၍ ရုန်းကန်၏။ သူ၏ ကြိုးစားရုန်းကန်မှုသည် အချည်းနှီး အလဟဿဖြစ်နေ၏။ ဟင်္သာဖို၏ တပ်မက်ဖွယ်ခေါ်သံသည် နှလုံးအတွင်း၌ ထိခိုက်နာကျင်ဖွယ်အကြောင်း ဖြစ်လာခဲ့လေသည်။ မျှော်လင့်ချက်မရှိသော ကြိုးပမ်းချက်များဖြင့် သူ၏လည်တိုင်မှာ လူပ်ယမ်း၍နေသည်။ သူ၏တောင်ပံများမှာလည်း တဖျပ်ဖျပ်နှင့် ခါနေကြ၏။

ဟင်္သာဖို၏အသွင်ဖြင့် မလ္လိကာကိုယ်တိုင် ထွက်လာ၏။ ဟင်္သာမမိနေသည့် ကျော့ကွင်းကို သတိမပြုဘဲ ဟင်္သာဖိုသည် သူ၏အနီးတွင် ခုန်ချလိုက်၏။ ဟင်္သာမ မြူးသွားသည်။ ဟင်္သာဖိုလည်း ကျော့ကွင်း၌ ဖမ်းမိသွားလေ၏။ သို့ရာတွင် တဏှာယစ်မူးနေကြသဖြင့် သူတို့သည် အနှောင်အဖွဲ့ကို ဂရုမပြုမိကြပေ။ အချစ်ရေယဉ်ကြောတွင် နစ်မျောနေကြသည်ဖြစ်၍ အနှောင်အဖွဲ့ကို မေ့နေကြ၏။ ဟင်္သာဖို ဟင်္သာမ တွေ့ဆုံပေါင်းဖက်မှုကြောင့် ဟင်္သာငှက်ကလေးများစွာတို့ ထပျံကြပြီးလျှင် အရပ်ထက်ဝန်းကျင်ပျံ့နှံ့သွားကြသည်။
mgyoe.com

mgyoe.com

တက်ကြွလျက်ရှိသော လူထုပရိသတ်ကြီး၏ တစ်ခဲနက်ကောင်းချီးဩဘာပေးသံကြောင့် ကောင်းကင်ပြင်တွင် ပဲ့တင်ဟည်းသွားလေ၏။ မရေတွက်နိုင်သော ပါးစပ်များမှ မှုတ်ထုတ်လိုက်သည့် သက်မကြောင့် မဏ္ဍပ်၏ ဗိတာန်မျက်နှာကြက်သည် လှိုင်းထ၍ သွားလေသည်။ ဆီမီးတိုင်များမှ မီးလျှံများလည်း လှုပ်ရှားသွားကြသည်။

မဏ္ဍပ်အနီးရှိ ရိုးရိုးပရိသတ်ထဲက ဖန်ရည်သင်္ကန်းကို ဝတ်ရုံထားသည့် ရဟန်းတစ်ပါးက လက်မောင်းကိုမြှောက်လျက် တည်ငြိမ်ကြွေ့ရသောအသံဖြင့် ပရိသတ်အပေါင်းအား ပြောကြားလိုက်လေ၏။

"ပညာရှင်ပရိသတ်အပေါင်းတို့၊ စဉ်းစားဆင်ခြင်ကြလော့။ ဤဟာသ်ာမောင်နှံသည် အနှောင်အဖွဲ့ကို မေ့လျော့ပြီး ချမ်းမြေ့ရွှင်မြူးနေသည်။ မောဟကျော့ကွင်းထဲမှာ ဖမ်းမိနေကြသည့် ဝေနေယျသတ္တဝါများသည် ယင်းကဲ့သို့ပင် အထင်မှား အမြင်မှားဖြစ်ပြီး ချမ်းမြေ့ရွှင်မြူးနေကြ၏"

ရှိသေမြတ်နိုးခြင်းနှင့် ကောင်းချီးဩဘာပေးခြင်းကို ခံယူရန်အတွက် မိမိ၏နေရာမှထလိုက်သော မလ္လိကာသည် ရဟန်းဆီသို့ ပါးစပ်အဟောင်းသားနှင့် ငေးကြည့်နေမိလေ၏။ ဂဏာလွှတ်တော်အဖွဲ့ဝင်အမတ်များ၊ ဂုဏ်အသရေရှိ မင်းစိုးရာဇာများ၊ လူထုပရိသတ်များသည်လည်း ထိုရဟန်းရှိရာကိုပင်လျှင် အံ့ဩစွာဖြင့် စုပြုံကြည့်ရှုနေကြသည်။ ယင်းကဲ့သို့ ငြိမ်သက်တိတ်ဆိတ်နေစဉ် စူးရှကျယ်လောင်သော အသံတစ်သံ ပေါ်လာပြန်၏။

"အရှင်ဘုရား၊ အထင်မှား အမြင်မှားဖြစ်ပြီး ချမ်းမြေ့ရွှင်မြူးနေတယ် ပဲဆိုဆို ဘဝ၏ ပြောင်းလဲခြင်းမရှိသည့်ဖြစ်စဉ်သည် ဤအတိုင်းပင် ဖြစ်လာခဲ့သည်။ ကာမဂုဏ်ပယ်ခွာမှု၌ ကျေနပ်အားရနေခြင်းသည် သူရဲဘောကြောင် သူ၏ မိမိကိုယ်ကို လှည့်စားခြင်းမျှသာဖြစ်၏။ ဘဝ၏အလျဉ်သည် အင်အားကောင်းလှ၏။ မယုံမှားအပ်သည့် အမှန်တရားဖြစ်၏..."

ပွဲသဘင်တစ်ခုလုံးသည် ကျယ်လောင်သော ရယ်မောသံဖြင့် ပဲ့တင်ညံသွား၏။ မလ္လိကာနှင့် ပရိသတ်အပေါင်းက ကြည့်လိုက်သောအခါ ရဟန်းအား ပြန်လည်ချေပသူမှာ သာဂလမြို့၏ အတော်ဆုံး ပန်းပုပညာသည်၊ ဘာသာမဲ့ ကိုယ်ကျင့် တရားမဲ့ဟု အစွပ်စွဲအကဲ့ရဲ့ခံရသူ၊ သူကြွယ် ပုဿကန္တ၏သား လုလင် မာရိသဖြစ်နေကြောင်း တွေ့မြင်သိရှိကြရလေ၏။

mgyoe.com

mgyoe.com


အနုပညာ၏ မကိုင်ဇူသရဖူဖြစ်သော မလ္လိကာ၏ ဆုံးဖြတ်ချက်နှင့် ဂဏာလွှတ်တော်အဖွဲ့၏ သဘောတူညီချက်အရ 'သူရသတီသမီးတော်' ပန်းမကိုင်ဇူကို အသက်အရွယ် အိုမင်းရင့်ရော်လှပြီဖြစ်သည့် ဂဏာပတိ တရားအမတ်ကြီး မဟာမဏ္ဍိတ်ဒေဝရာရမာ၏မြစ် လုံမပျို ဒိဗျာအား ချီးမြှင့်ပေးအပ်လိုက်လေ၏။ ထို့နောက်တစ်ဖန် ဒိဗျာက 'အတော်ဆုံး ဓားကိုင်စစ်သည်တော်' ပန်းမကိုင်ဇူကို လုလင် ပိထုသေနအား ဆက်သပေးအပ်လိုက်လေသည်။ အောင်ဆုကို ဆွတ်ခူးရရှိသူနှစ်ဦးလုံးပင် မိမိအတတ်ပညာ၏ အသွင်အပြင်ဖြင့် သာမန်မြို့သူမြို့သားတို့ထက် ခြားနား၍နေသော မိမိအတတ်ပညာ၏ ရုပ်လုံးသဖွယ် ထင်မှတ်နေရ၏။ လုံမပျို ဒိဗျာသည် ဖြူစင်လှပသော ကိုယ်ရုံအဝတ်ကို ဝတ်လျက် ဟသ်ာမ၏ ရုပ်ပုံပေါ်၍နေသည်။ လုလင်ပျို ပိထုသေနသည် သံခမောက်ကိုဆောင်းလျက်၊ ချပ်မိန်ညိုကို ဝတ်လျက်၊ လက်နက်အင်အား၊ စွမ်းရည်သတ္တိ၏ ရုပ်လုံးသဖွယ် ပေါ်နေလေသည်။

အခမ်းအနား ကွပ်ကဲသူက အခမ်းအနားရုပ်သိမ်းကြောင်း ခရာမှုတ်၍ ကြေညာလိုက်လေ၏။ ညဉ့်နှစ်ပဟိုရ်ကျော်သွားပြီဖြစ်သော်လည်း လူထုပရိသတ်ကြီးသည် ပင်ပန်းရမှန်းမသိပေ။ လပြည့်ဝန်းကြီးသည် ကြယ်တာရာ ပြိုးပြွမ်းနေသည့် တန်ခူးလ၏ သန့်စင်သည့် ကောင်းကင်ပြင်၌ မိမိလမ်းကြောင်းအတိုင်း ရှေးရှုရွေ့လျားနေလေ၏။ ကျယ်ပြောကြီးမားလှသည့် လူထုပရိသတ်ကြီးသည် ဆီမီးတိုင်များမှ အလင်းရောင်ကို ဂရုမပြု အမှုမထားဘဲ မလ္လိကာနှင့် စစ်သည်သူရဲကောင်းများ၏ လမ်းဘေးနှစ်ဖက်သို့ ပြုံဆင်းလာလေ၏။ မင်းချင်းယောကျ်ားများက ခဲခဲယဉ်းယဉ်း လမ်းကို ကာကွယ်စောင့်ရှောက်နေကြရလေသည်။

သာဂလမြို့၏ ထုံးတမ်းစဉ်လာအရ 'သူရသတီသမီးတော်' ဂုဏ်ထူးဘွဲ့ထူးကို ဆွတ်ခူးရရှိသူ မိန်းမပျိုအား ပန်းများဖြင့် တန်ဆာဆင်ထားသည့် ဝေါပေါ်တင်လျက် ထိုဝေါကို လူကုံထံ အထက်တန်းစားအမျိုးအနွယ်ထဲက လုလင်ပျိုတို့က ပခုံးဖြင့်ထမ်းပိုးပြီး အိမ်အရောက်ပို့ရလေသည်။ လုံမပျို ဒိဗျာသည် မိမိ၏ မိဘဘိုးဘွားများ၊ ညီအစ်ကိုမောင်နှမများ၊ ဆွေမျိုးမိတ်သင်္ဂဟများထံမှ ဆုတောင်းမေတ္တာနှင့် ချစ်ကြည်လေးစားမှုကို ခံယူရရှိ

mgyoe.com

ပြီးနောက် မရဲတရဲဖြင့် ဝေါပေါ်တက်ထိုင်လိုက်လေ၏။ အထက်တန်းစား အမျိုးအနွယ်ဝင် လုလင်ပျိုတို့သည် ဒီဖျာ၏ ဝေါရှိရာသို့ အလုအယက် ပြေးလာကြလေသည်။ ဝေါ၏ တန်းလေးဖက်၌ ဆယ့်ခြောက်ယောက် ထက်ပိုသော လုလင်တို့၏ပခုံးများအတွက် နေရာမရှိပေ။

ဝေါ၏ နောက်ဘက်တန်း၌ ဦးစွာ ပခုံးဖြင့် နေရာယူထားသော ပိထုသေနအား တွန်းဖယ်လျက် လုလင် ဝသုဓိရက နေရာယူဖို့ကြိုးစားလေ၏။ ပိထုသေနကလည်း သူ့နေရာကို သူ အတင်းတွယ်ကာ ထမ်းပိုးထားသည်။ ဂဏလွှတ်တော်ဥက္ကဋ္ဌ အာကျာရယ ပဝဒ္ဓန၏သား ဝသုဓိရ၏ နောင်တော် ရုဒ္ဒရဓိရက "ကျွန့်သားဟာ အမျိုးကောင်းသား လုလင်တို့နဲ့အတူ ရောယှက်ပြီး ဝေါကို ပခုံးဖြင့် ထမ်းပိုးခွင့်မရှိ" ဟု အော်ပြောလိုက်လေ၏။ ဝေါ၏ ဘေးပတ်လည်တွင် ဓားပေါင်းများစွာ ဓားအိမ်မှ ထွက်လာကြသည်။ ပိထု သေနလည်း ဓားအိမ်မှ ဓားကိုဆွဲထုတ်လိုက်လျက် "ကျွန်ုပ်ရဲ့အခွင့်ကို ကျွန်ုပ်၏ဓားက အဆုံးအဖြတ်ပေးပါလိမ့်မယ်" ဟု ပြန်ပြောလိုက်လေသည်။

လူကြီးများက ဝင်ရောက်ဖျန်ဖြေလျက် ကြိမ်းမောင်းမာန်မဲလိုက်သည့် အတွက်ကြောင့်သာလျှင် သွေးချောင်းစီးမသွားခဲ့ခြင်း ဖြစ်လေသည်။ အထက် တန်းလွှာမှ အမျိုးကောင်းသားလုလင်များ ပခုံးဖြင့် ထမ်းပိုးထားသော 'သူရသတီသမီးတော်'၏ ဝေါသည် မလ္လိကာ၏ ယာဉ်ရထားရှေ့မှ လူထု ပရိသတ်ကြီး ကောင်းချီးသြဘာ ကြေညာဟစ်ကြွေးနေသည့် ကြားထဲက လှိုင်းထနေသည့် ရေအလျဉ်ထက်က ယိမ်းထိုးနေသည့် လှေယာဉ်ကဲ့သို့ ဒယိမ်းဒယိုင်ဖြင့် မြို့ဘက်သို့ ထွက်သွားလေ၏။

လုလင် ပိထုသေနသည် ဒဏ်ရာရသွားသည့် ကျားနာကဲ့သို့ ဒေါသ ဖြင့် တဆတ်ဆတ်တုန်နေပြီးလျှင် အချိန်အတန်ကြာမျှ ဝင်းလက်တောက်ပ နေသော လရောင်အောက်ဝယ် သူ၏မြင်းထိန်းအနီးတွင် ရပ်နေလေသည်။ နှလုံးထဲတွင် တောက်လောင်နေသော ဒေါသမီးခိုးမီးငွေ့များသည် ဦးနှောက် ထဲ ရောက်သွားသည်ဖြစ်၍ သူသည် မခံမရပ်နိုင်အောင် နာကြည်းသွားလေ သည်။ အမျိုးဇာတ်၏အပြစ်...။ အကယ်၍ အမျိုးဇာတ်သည် အပြစ်တစ်ခု ဖြစ်ခဲ့လျှင် ယင်းအပြစ်ကို ဘယ်ပုံဘယ်နည်းဖြင့် ဖြေဖျောက်မည်နည်း။ လက်နက်အား၊ ဥစ္စာအား၊ ပညာအား၊ ဘယ်လိုစွမ်းအားမျိုးနှင့်မျှ အမျိုးဇာတ်

mgyoe.com

mgyoe.com


ကို ပြုပြင်ပြောင်းလဲပစ်၍မရ။ လူသည် အမျိုးဇာတ်နှင့်ပတ်သက်သည့် မတရား မမျှတမှုအတွက် ကံကိုပဲတန်ပြန်ရန်ပြုရမည်လော၊ သို့မဟုတ် မိမိတို့၏ကိုယ်ကျိုးအတွက် အမျိုးဇာတ်နှင့်ပတ်သက်ပြီး မမှန်ကန်သည့် အခွင့်အရေးများကို လုပ်ကြံဖန်တီးထားသူများကိုပဲ တန်ပြန်ရန်ပြုရမည်လော။ ယုတ်သည်၊ နိမ့်သည်ဟု ပြောကြသည့် အမျိုးဇာတ်၌ ငါ လူလာဖြစ်ခြင်းကပဲ အပြစ်ဖြစ်လေသလော၊ သို့တည်းမဟုတ် အမျိုးကောင်း အနွယ်ကောင်း၌ လူလာဖြစ်သူတို့၏ မာန်မာနကပဲ အပြစ်ဖြစ်လေသလော။

နှလုံးထဲတွင် လှုပ်ရှားထကြွနေသည့် မုန်းတီးရွံရှာခြင်းနှင့် ရန်ငြိုးရန်စအတွက် လမ်းစပေါ်မလာသဖြင့် အံကိုကြိတ်ပြီးလျှင် ပိထုသေနသည် ပရိသတ်ကို ရှောင်ကွင်းလျက် မိမိအိမ်ဘက်သို့ ပြန်လာခဲ့လေ၏။

❑

mgyoe.com

mgyoe.com

# (၂)
# တရားအမတ်ကြီး၏ စံအိမ်

လူ့လောက လူ့အသိုက်အဝန်းသည် အချိန်သမယတည်းဟူသော မြစ်၏ကမ်းပါး၌ တည်ရှိနေသည့် တောနှင့် ပမာတူသည်။ အချိန်သမယ တည်းဟူသော မြစ်၌ ဖြစ်ပေါ်လာလေ့ရှိသည့် ရေလှျံခြင်းများသည် ထိုတော ကို မြေဆီမြေသြဇာကောင်းအောင် ပြုမူဖန်တီးပေးနေကြ၏။ သာဂလမြို့ရှိ လူ့လောက လူ့အသိုက်အဝန်း၌ ပြောင်းလဲခြင်းတည်းဟူသော ရေလျှံခြင်းများ သည် အကြိမ်များစွာ ပေါ်ပေါက်လာပြီးလျှင် အတွေ့အကြုံ၊ အသိတရား တည်းဟူသော မြေဆီမြေသြဇာအထပ်အပွာများကို လူ့လောက လူ့အသိုက် အဝန်းတည်းဟူသော မြေပေါ်၌ စွန့်ပစ်ထားခဲ့ကြလေသည်။

သာဂလမြို့ရှိ ထိုလူ့လောက လူ့အသိုက်အဝန်းတည်းဟူသော တော ၌ အသက်အရွယ် အိုမင်းရင့်ရော်လှပြီဖြစ်သော မဟာမဏ္ဍိတ်တရားအမတ် ကြီး ဒေဝရှုရမာသည် ခေတ်အဆက်ဆက် တည်ရှိလာခဲ့သည့် ပင်ညောင်ပင် ကြီးနှင့် ပမာတူလေ၏။ သူ၏ဆံပင်မွေး၊ မုတ်ဆိတ်မွေး၊ မျက်ခုံးမွေးများ သည်သာလျှင် မကဘဲ ကိုယ်ကာယပေါ်က မွေးညင်းများပင် ဆွတ်ဆွတ်ဖြူ နေကြလေပြီ။ ကုန်ဆုံးကျော်လွန်လာခဲ့သော အချိန်သမယသည် သူ၏ ကာယဗလကို ညှဉ်းပန်းနှိပ်စက်လျက် ယုတ်လျော့ အားလျော့သွားအောင်

mgyoe.com

mgyoe.com

ပြုလုပ်ခဲ့၏။ သို့ရာတွင် နှစ်ပေါင်း ၁၀၀ ကျော်အထိ လူ့လောက လူ့အသိုက်အဝန်းတည်းဟူသော မြေပေါ်မှ အတွေ့အကြုံ ဗဟုသုတ သြဇာရသတို့ကို သောက်သုံးမှီဝဲထားရသဖြင့် သူ၏အသိတရားကမူ ထူးထူးခြားခြား ဖွံ့ဖြိုးကြွယ်ဝ၍နေလေ၏။

မဟာမဏ္ဍိတ်ဒေဝရှုရမာ ငယ်ရွယ်နုပျိုစဉ်ကာလက ဘုန်းတန်ခိုးကြီးမားသော ယွန်း(ဂရိ)ဘုရင် မိလိန္ဒသည် အင်အားတောင့်တင်းလှသည့် ယွန်းစစ်တပ်ကြီးဖြင့် မဒ္ဒတိုင်းနိုင်ငံမှ ပေါရဝဘုရင့်မျိုးဆက်ကို အမြစ်ဖြုတ်လျက် မိမိ၏နိုင်ငံတော်ကို ချဲ့ထွင်ထူထောင်ခဲ့လေသည်။ မိလိန္ဒဘုရင်သည် ဒေဝရှုရမာ၏ အသိဉာဏ် ဗဟုသုတကို လေးစားသောအားဖြင့် သူ၏ဖခင်ဖြစ်သူ ပေါရဝဘုရင့်အစိုးရ၏ တရားအမတ်ကြီး မဟာပဏ္ဍိတ် ဝါဂီတသရှုရမာ ကွယ်လွန်သွားသည့်အခါ သူ့အား တရားအမတ်ကြီးအဖြစ် သူကောင်းပြုခဲ့လေသည်။ သူသည် ဗြာဟ္မဏဘာသာ၏ ဝါဒနှင့် ထုံးတမ်းစဉ်လာ၏ ယွန်းအစဉ်အလာကို ရောနှောမွှေနှောက်ပြီးလျှင် နှစ်ပရိစ္ဆေဒ ကြာမြင့်စွာ ကာလအထိ တရားဥပဒေများကို စီရင်ဆုံးဖြတ်လာခဲ့လေ၏။ ဘုန်းသမ္ဘာရှင် ဘုရင် မိလိန္ဒသည် ဗုဒ္ဓမြတ်စွာ၏ တရားဓမ္မကို သက်ဝင်ယုံကြည်သွားသောအခါ ဒေဝရှုရမာသည် တရားဥပဒေများကို မေတ္တာစိတ်၊ လူသားစိတ် ပေါ်၌ အခြေစိုက်လာသည်ကို တွေ့ရလေ၏။ သူ့အသက်နှင့် ကိုယ် ထင်ရှားရှိစဉ်မှာပင် တရားမင်း မိလိန္ဒဘုရင်သည် ထီးနန်းစွန့်လျက် သာသနာ့ဘောင်သို့ ဝင်ရောက်ပြီးလျှင် နိဗ္ဗာန်ခရီးသည် ဖြစ်သွားခဲ့လေသည်။ ဘုရင်မိလိန္ဒနန်းက ဆင်းသွားသည်ဖြစ်၍ မဒ္ဒရတိုင်းပြည်၌ အထက်တန်းလွှာ အမျိုးအနွယ်ဝင်တို့၏ ဂဏအစိုးရ တည်ထောင်လိုက်လေသည်။ မဟာပဏ္ဍိတ်ဒေဝရှုရမာသည် အစိုးရသစ်၊ အုပ်ချုပ်ရေးသစ်တွင်လည်း တရားလွှတ်ရုံးမှနေ၍ ပြုပြင်ပြောင်းလဲထားသည့် တရားဥပဒေအရ တရားအဆုံးအဖြတ်များကို စီရင်ဆုံးဖြတ်နေလာခဲ့လေသည်။

မဟာပဏ္ဍိတ်ဒေဝရှုရမာ၏ ဇနီးသုံးဦးတို့မှ သားသုံးယောက် ထွန်းကားပြီး နှစ်ယောက် အဖတ်တင်၏။ ယင်းသားနှစ်ယောက်မှ မြေးလေးယောက် ဖွားမြင်ခဲ့သည်။ အကြီးဆုံးသားမှ ဖွားမြင်သော အကြီးဆုံးမြေး၏ မိန်းမက မြစ်မိန်းကလေးတစ်ဦးကို ဖွားမြင်သည်။ လဆန်းပက္ခအထွက်

mgyoe.com

mgyoe.com


တစ်ရက်နေ့ညနေ ဆည်းဆာချိန်၌ နေမင်း၏အရောင် ထင်ရှားရှိနေလင့်ကစား ထွက်သစ်စလအရောင်သည် ညစ်နွမ်းမှေးမှိန်ခြင်းမရှိပေ။ ထိုလရောင်ခြည်သည် အားပျော့လင့်ကစား တောက်ပသော လရောင်ခြည်အဖြစ် မချွတ်ပြောင်းလဲလာဖို့ ရှိနေသည်။ ထိုနည်းတူစွာ တရားအမတ်ကြီး၏ သားမြေးမြစ်တို့ဖြင့် ပြည့်စုံသည့် ကုံလုံကြွယ်ဝသော အမျိုးအနွယ်၌ သမီးမိန်းကလေး မွေးဖွားလာခြင်းမှာ အားတက်စရာအကြောင်းတစ်ခု ဖြစ်လာခဲ့သည်။ သူ၏ တောက်ပသော အနာဂတ်ကို စိတ်ချယုံကြည်လျက် သူ့အား 'ဒီဗျာ' ဟု ခေါ်ဝေါ်သမုတ်ကြသည်။ လမင်း၏အရေးများကဲ့သို့ ဒီဗျာသည် တစ်နေ့တခြား တောက်ပဝင်းလက်လာလေသည်။ ကံမကောင်း အကြောင်းမလှသဖြင့် ဒီဗျာ၏ အဘိုးနှင့် မိဘသုံးဦးလုံးပင် ကွယ်လွန်သွားကြ၏။ သို့ဖြစ်၍ ဒီဗျာသည် သူ၏ဘေးတော်သူ တရားအမတ်ကြီး၏ အချစ်ဆုံး အယုယဆုံး ဖြစ်လာခဲ့လေ၏။

အမြော်အမြင်ကြီးမားသူ၊ ကြင်နာထောက်ထားတတ်သူ၊ တရားအမတ်ကြီး၏ တံတိုင်းနံရံများ၊ ဥယျာဉ်ဗိမာန်များဖြင့် တန်ဆာဆင်ထားသော ခြွေရံသင်းပင်းများ အပြည့်အစုံရှိသည့် စံအိမ်ကြီးမှာ ပညာနှင့် ယဉ်ကျေးမှု၏ တည်ရာ ဗဟိုအချက်အချာဌာနတစ်ခု ဖြစ်နေခဲ့သည်။ ဗြာဟ္မဏပဏ္ဍိတ်များ၊ ယွန်းဒဿနိကများ၊ ဗုဒ္ဓဘာသာရဟန်းများ၊ ဓမ္မသတ်ကျမ်း၊ ဒဿနကျမ်း၊ တက္ကဗေဒကျမ်းများနှင့်ပတ်သက်၍ ဆွေးနွေးရာ ငြင်းခုံရာ အိမ်ဂေဟာဖြစ်နေခဲ့သည်။

ထိုစံအိမ်၌ အသောက်အစားနှင့် အပျော်အပါးထက် ကျမ်းဂန်ဗဟုသုတ ဆွေးနွေးနှီးနှောခြင်းက ပိုမို၍ ခေတ်စားသည်။ ဧည့်သည်များသည် ကပိရှာသေရည် ထည့်ထားသော ကျောက်သလင်းခွက်များကို ငွေလင်ပန်းဖြင့် ကိုင်ဆောင်ပြီး ရှေ့တွင်ရပ်နေကြသည့် ကျွန်မများကို စာပေပညာအကြောင်း ဆွေးနွေးငြင်းခုံရင်း မေ့လျော့နေကြသည်။ ယင်းပညာဗဟုသုတ ပတ်ဝန်းကျင်တွင်နေရသဖြင့် ထိုစံအိမ်ရှိ ကြေးလှောင်အိမ်၊ ငွေလှောင်အိမ်ထဲက ကျေးငှက်နှင့် သာလိကာငှက်များသည်ပင် ကဗျာလင်္ကာများကို တစ်ကောင်နှင့်တစ်ကောင် အပြိုင်အဆိုင် ရွတ်ဆိုနေကြ၏။

တရားအမတ်ကြီး၏ စံအိမ်၌ ဗြာဟ္မဏတို့၏ ဝေဒကျမ်းအတွက်

mgyoe.com

mgyoe.com


လည်း နေရာရှိသည်။ ယွန်းဒဿနိက ပလေတို၏ ပစ္စက္ခလောက၏ အပြင် အပတွင် တွေးခေါ်ကြံဆသည့် တည်တံ့ခိုင်မြဲသော အမှန်တရား အယူအဆ အတွက်လည်း နေရာရှိသည်။ ဗုဒ္ဓ၏ အနတ္တဝါဒ၊ ကမ္မဝါဒအတွက်လည်း နေရာရှိသည်။ ထို့ပြင် သာဂလတစ်မြို့လုံးရှိ ဗြာဟ္မဏနှင့် ဗုဒ္ဓဘာသာဝင် တို့၏ ဝိုင်းပယ်ခြင်းခံရသော ပရလောကနှင့် နိဗ္ဗာန်နှစ်မျိုးလုံးကို ဥပက္ခော ပြုထားသော ပစ္စက္ခ ယခုဘဝကိုသာလျှင် အမှန်ဟု ယူဆလျက် တမလွန် ဘဝ၊ ကံ ကံ၏အကျိုးကို အမှားဟုပြောပြသော 'စာရဗာက' ၏ အယူဝါဒ ကို လက်ခံလိုက်နာသော မာရိသအတွက်လည်း နေရာရှိသည်။ တရား အမတ်ကြီး၏ တရားလွှတ်ရုံးမှ ဘာသာကို စော်ကားမှုဖြင့် နှစ်ကြိမ်တိတိ အပြစ်ဒဏ်ဆေးခြင်းခံရသူဖြစ်စေကာမူ မာရိသ၏အပေါ်၌ မဟာပဏ္ဍိတ်ဒေဝ ရှုရမာသည် ကရုဏာထားတုန်းပင် ရှိလေ၏။

တက္ကသိုလ်မှ ပန်းပုအတတ်ပညာကို သင်ကြားတတ်မြောက်ပြီး ပြန် လာသောအခါ မာရိသသည် သာဂလမြို့ရှိ မိလိန္ဒကျောင်းတိုက်မုခ်ဦး၌ ဗုဒ္ဓဝင်ရုပ်တုများကို ထုလုပ်လေ၏။ ဗုဒ္ဓ၏ အတိတ်ဘဝဖြစ်ရပ်ဇာတ်တော် များကို လွဲမှားသော ယုံကြည်ချက်ဟု ပြောပြလျက် မာရိသသည် ကျောက် ပြားများပေါ်၌ ဇာတ်နိပါတ်တော်လာအကြောင်းအရာများကို ထွင်းထုရမည် ဟူသော သံဃမထေရ်၏အမိန့်ကို ငြင်းဆန်လိုက်လေသည်။ သံဃမထေရ် က ကာမဂုဏ်အာရုံ ခံစားခြင်းသည် ချမ်းသာသုခကို အမှတ်မှားနေခြင်း ဖြစ်ကြောင်းကို သရုပ်ဖော်ဖို့ရန် အမိန့်ပေး၏။ မာရိသက ယင်းအချက်ကို လည်း လက်မခံပေ။ သံဃမထေရ်သည် တရားလွှတ်ရုံး၌ မာရိသအပေါ် ကတိဖောက်ဖျက်မှုဖြင့် တရားစွဲဆိုလေ၏။ တရားအမတ်ကြီးက တရားစီရင် လျက် မာရိသအား ငွေဒဏ်တပ်လိုက်လေသည်။ သို့ရာတွင် တရားအမတ် ကြီးသည် ညနေချမ်းအချိန်၌ မိမိ၏စံအိမ်သို့ မာရိသအား ဖိတ်ခေါ်ပြီးလျှင် ဧည့်ပရိသတ်ကြားထဲ၌ နေရာထိုင်ခင်းပေးလျက် လေးလေးစားစား ဧည့်ခံ လေ၏။

မဟာပဏ္ဍိတ်ဒေဝရှုရမာ၏ အိမ်၌ အတွေးရှင်တစ်ဦးဖြစ်ခြင်းကြောင့် မာရိသအားလည်း လေးလေးစားစားပင် ဆက်ဆံကြသည်။ မဟာပဏ္ဍိတ် ဒေဝရှုရမာသည် မည်ကဲ့သို့သော ဝါဒသဘောတရားကိုမျှ အကြွင်းမဲ့အမှန်

mgyoe.com

mgyee.com

ဟု လက်ခံနာယူခြင်းမရှိပေ။ ထိုနည်းအတူ မည်ကဲ့သို့သော ဝါဒသဘော တရားကိုမျှလည်း အကြွင်းမဲ့အမှားဟု ပြောကြားလေ့မရှိပေ။

ယင်းကဲ့သို့သော ပတ်ဝန်းကျင်တွင် ကြီးပြင်းလာရသူဖြစ်၍ ဒီဗျာ သည် အသိပညာ၊ အနုပညာ၊ ယဉ်ကျေးမှုတို့နှင့် 'ကြာသည် ရေစိုစွတ်ခြင်း မရှိသော်လည်း ရေနှင့်စပ်နေဘိသကဲ့သို့' ရောစပ်နှီးနှောမိနေလေ၏။ သူ သ ည် ဂီတနှင့် အကပညာ၌ အထူးအထုံဝါသနာပါ၏။ သို့ရာတွင် သူ၏ ဘိုးဘိုးတရားအမတ်ကြီးနှင့် အမြဲမပြတ် နီးနီးကပ်ကပ်နေရသည်ဖြစ်၍ ကျမ်းဂန်၊ စာပေဗဟုသုတနှင့်ပတ်သက်၍လည်း အတော်အတန် ခေါက်မိ ထားလေသည်။

လွန်ခဲ့သည့်လ နက္ခတ်ပွဲသဘင်၌ အချိန်အတော်လင့်သွားသဖြင့် ဒီဗျာ သည် နံနက်အိပ်ရာမှအထတွင်လည်း နောက်ကျနေ၏။ ပြီးခဲ့သည့်ညက အနုပညာပြိုင်ပွဲ၌ အောင်ပန်းကို ဆွတ်ခူးရရှိလာခဲ့သည်ဖြစ်၍ ညနေချမ်း ရောက်လျှင် သူ့ကို ချီးကျူးဂုဏ်ပြုရန် ဧည့်သည်တွေ တဖွဲဖွဲရောက်လာကြ တော့မည်ဟု ဒီဗျာသည် နေ့လယ်နေ့ခင်းလောက်ကပင်စ၍ သတိရနေ သည်။ ညနေအချိန် ရောက်လာမည့်အရေး တွေး၍ သူသည် ပီတိဖြစ်နေ ၏။

ဒီဗျာသည် လွန်ခဲ့သည့်ညက အကြောင်းကို ပြန်ပြောင်းစဉ်းစားနေ ၏။ သူ၏ဝေါတွင် ပခုံးတစ်နေရာစာရရှိဖို့အတွက် အာကျာရယပဝဒ္ဓန၏ သားလုလင် ရုဒ္ဒရဓိရသည် ဓားကိုဝင့်ခဲ့သည်။ ရုဒ္ဒရဓိရသည် တရားအမတ် ကြီး၏အိမ် ညချမ်းဆည်းဆာဆွေးနွေးပွဲသို့ လာရောက်လေ့ရှိ၏။ သူသည် ဆွေးနွေးပွဲသို့ မာရိသ လာရောက်လေ့ရှိသည်ကို စိုးစဉ်းမျှ နှစ်မြို့သူမဟုတ် ပေ။ မာရိသနှင့် ငြင်းခုံသည့်အခါ သူ၏စကားလုံးများမှာ ဒေါသလွှမ်းနေ တတ်၏။ ထိုအချိန်မျိုး၌ ဒေဝရှရမာကမူ မသိလိုက် မသိဘာသာနေတတ် သည်။ ဒီဗျာ၏ ဘဘဓိရှနုရှရမာသည် မာရိသ၏ တဖွတ်ထိုးဉာဏ်ကို စိတ်ပျက်သည့်အတွက် ခပ်မဆိတ်သာနေလေ့ရှိ၏။ ဒီဗျာ၏ ဦးကြီး ပဇုဒ္ဒ ရှရမာကမူ ပြောင်လှော်သရော်သည့်သဘောဖြင့် ပြုံးရယ်နေတတ်သည်။ မာရိသသည် အရေးမစိုက်သည့်ဟန်ဖြင့် လှောင်ရယ် ရယ်ပစ်လိုက်တတ် လေ၏။ ဒီဗျာသည် ရုဒ္ဒရဓိရနှင့် မာရိသတို့ ခိုက်ရန်ဒေါသဖြစ်နေသည့်

mgyee.com

mgyoe.com

အခါမျိုး၌ စိတ်လည်းညစ်မိသည်။ စိုးရိမ်မကင်းလည်း ဖြစ်မိသည်။

ရုဒ္ဒရဓိရ လက်ထပ်ထိမ်းမြားပြီးသည်မှာ လွန်ခဲ့သည့် နှစ်နှစ်အလွန်ကဖြစ်၏။ သို့ရာတွင် သူသည် ဒိဗျာကိုလည်း ချစ်ကြိုက်စွဲလမ်းနေသူဖြစ်သည်။

ဒိဗျာသည် ရုဒ္ဒရဓိရ၏ အထက်တန်းကျသော အမျိုးအနွယ်ကို လေးစားမှုရှိသော်လည်း ရုဒ္ဒရဓိရ၏ မယားငယ်ဖြစ်ဖို့ အရေးကိုမူ တွေးရုံပင် တွေးကြည့်ချင်သည့်စိတ်မရှိပေ။ ထိုအကြောင်းအရာများကို ပြန်လည်စဉ်းစားရင်းနှင့် ဒိဗျာသည် ညနေချမ်းဖြစ်လာမည့်အရေးကို တွေးတောနေလေ၏။ ထိုအခိုက် ကျွန်မတစ်ယောက် လာပြီး ဘိုးဘိုးက အခေါ်ခိုင်းသည်ဆိုသည့်အကြောင်း ပြောပြလေ၏။

တရားအမတ်ကြီးသည် ကြင်နာယုယစွာဖြင့် ဒိဗျာ၏ဆံပင်ပေါ်တွင် လက်တင်လျက် ပြောလေ၏။ "လုံမလေး၊ ရထားနဲ့ ဧည့်သည်တစ်ယောက် တံခါးပမှာရောက်နေတယ်လို့ ကျွန် သမ္မက လာပြောတယ်။ မနေ့ညက ပန်းလာလို့ ဘိုးဘိုး မလှုပ်ချင် မကိုင်ချင်ဖြစ်နေတယ်။ ဧည့်သည်ကို ဧည့်ခံစကားပြောပြီး ကိစ္စကို မေးမြန်းထားလိုက် ကြားလား"

ကျွန်မအား ကွမ်းယာထည့်ထားသည့် ငွေလင်ပန်းကို ယူခိုင်းပြီးလျှင် ဒိဗျာသည် ဧည့်ခန်းထဲသို့ ဝင်လာလေ၏။ ရှေ့တူရူတံခါးမှ ယွန်းပဒေသရာဇ်ကဲ့သို့ အသားဖြူဖြူ၊ ဗြာဟ္မဏလူမျိုးကဲ့သို့ မျက်လုံးညိုပြာပြာ၊ ကိုယ်လုံးကိုယ်ထည် သန်မာထွားကျိုင်းသော ခတ္တိယအနွယ် လုလင်တစ်ဦးသည် ခံ့ငြိမ်ကျနွှေရစွာ ဝင်ရောက်လာလေ၏။ ထိုလုလင်သည် အဖိုးတန်သည့်အဝတ်အစားကို ကပိုကရိုဝတ်စားထား၏။ ဒိဗျာသည် လွန်ခဲ့သည့်ညက 'အတော်ဆုံး ဓားကိုင်စစ်သည်တော်' ပိထုသေနဖြစ်ကြောင်း ရုတ်ခြည်းသိရှိသွား၏။

လက်ယှက်၍ ဧည့်သည်ကို နှုတ်ဆက်ပြီးလျှင် ဒိဗျာသည် ကျွန်မ၏လက်ထဲမှ ငွေလင်ပန်းကို ယူလျက် ဧည့်သည် ရှေ့ထိုးပေးပြီး 'ကွမ်းသုံးဆောင်ပါ' ဟု ပြောလိုက်လေ၏။ လှေးနက်တည်ကြည်စွာဖြင့်ပင် ပြန်လှန်နှုတ်ဆက်လျက် ကွမ်းကို မသုံးဆောင်မိမှာပင် "ဒိဗျာ၊ သူကြွယ်ပရေဆထ၏သား ကျုပ် ပိထုသေန တရားအမတ်ကြီးရဲ့ တံခါးဝကို တရားမှုတောင်းခံ

mgyoe.com

mgyoe.com


ရန်အတွက် ရောက်လာပါတယ်" ဟု ဧည့်သည်က ပြောလိုက်လေသည်။

ဒီဗျာက အားပေးစကား ပြောလိုက်လေသည်။ "ကွမ်းကို သုံးဆောင်ပါဦး။ တရားရဲ့တံခါးဝမှာ တရားမှုအတွက် မျှော်လင့်ချက် မမဲ့စေရပါဘူး"

"ကျုပ် ဒီဗျာရဲ့ အားပေးချက်ကို ယုံကြည်စိတ်ချပါတယ်"

ယဉ်ကျေးသိမ်မွေ့စွာ ပြန်လည်ပြောကြားပြီးလျှင် ပိထုသေနသည် ဒီဗျာ ညွှန်ပြသည့်နေရာ၌ထိုင်လျက် ငွေလင်ပန်းထဲက ကွမ်းယာကိုယူ၍ သုံးဆောင်လေ၏။ အနီးတွင်ထိုင်နေသည့် ဒီဗျာက "ဘိုးဘိုး အခု နေထိုင်မကောင်းဖြစ်နေပါတယ်။ သူနဲ့တွေ့ဖို့ လွယ်မယ်မထင်ပါဘူး။ သည်းခံပါနော်" ဟု တောင်းပန်လေ၏။

တရားအမတ်ကြီး ဘိုးဘိုး ဒေဝရုရမာ ကျန်းမာစေကြောင်း ဆုမွန်တောင်းပြီးလျှင် ပိထုသေနသည် ယဉ်ကျေးသိမ်မွေ့စွာဖြင့်ပင် နေရာမှ ထလိုက်လေ၏။ သူသည် တရားမှုအတွက် တရားအမတ်ကြီး၏ မြစ် ဒီဗျာ၏ အားပေးချက်ကို အားရကျေနပ်သွားပြီးလျှင် နောက်တစ်ဖန် လာတွေ့ပါရစေဦးဟု ခွင့်ပန်လျက် ပြန်တော့မည်လုပ်စဉ်မှာပင် တရားအမတ်ကြီး၏ သားဖြစ်သူ ဒီဗျာ၏ ဘဘဇိရှုနုရုရမာနှင့် ဒီဗျာ၏ ဦးကြီး ပဇုဒ္ဒရုရမာတို့သည် စိုးရိမ်မကင်းသောမျက်နှာဖြင့် စကားပြောဆိုရင်း ဧည့်ခန်းထဲသို့ ဝင်လာကြလေ၏။

ပဇုဒ္ဒရုရမာက ဧည့်သည်အား "လုလင်ပိထုသေန၊ ပဇုဒ္ဒရုရမာ နှုတ်ဆက်ပါတယ်" ဟု လှမ်းပြောလိုက်လေ၏။ ဇိရှုနုရုရမာကလည်း ပဇုဒ္ဒရုရမာကို တစ်ချက်လှည့်ကြည့်လျက် "ဧည့်သည်ကို နှုတ်ဆက်ပါတယ်" ဟု ပိထုသေနအား မင်းတိုင်းကျေ လှမ်းနှုတ်ဆက်လိုက်၏။

ပိထုသေနသည် ပြန်တော့မလို့ ခွင့်ပန်ပြီးလေပြီ။ နောက်ထပ်ရောက်လာသည့် ပုဂ္ဂိုလ်ကြီးများ၏ မျက်နှာရိပ် မျက်နှာကဲကို ကြည့်လျက် သူတို့စကားစမြည် ဆွေးနွေးပြောဆိုကြမည်ကို အနှောင့်အယှက် မပေးလိုသဖြင့် ရိုသေကိုင်းရှိုင်းစွာဖြင့်ပင် ပြန်လှန်နှုတ်ဆက်လျက် ထွက်လာခဲ့လေသည်။

ဇိရှုနုရုရမာက စတင်ပြောလိုက်လေ၏။ "ဘယ့်နှယ်လဲ ဒီဗျာ၊ ကျွန်ရထားထိန်းရဲ့သားကို ဒီဗျာက အရေးတယူလုပ်ပြီး ကွမ်းတွေ ဘာတွေနဲ့ ဧည့်ခံတယ်ဟုတ်လား။ ဒီဗျာလည်းပဲ ဒီဗျာရဲ့ ဦးကြီး ပဇုဒ္ဒရုရမာလို သာတူ

mgyoe.com

mgyoe.com

ညီမျှ ဝါဒထားတဲ့ ဗုဒ္ဓရဲ့ တပည့်တပန်းလုပ်ဖို့ပဲ ကောင်းတယ်"

ဘာဘာ ဗိရုန့်ရှရမာ၏ ခနဲ့စကားကြောင့် ဒိဗျာသည် ခေါင်းငုံ့သွား၏။ သို့ရာတွင် ပဗုဒ္ဓရှရမာသည် မိမိနှင့် မိမိတူမအား သရော်သည့် ဗိရုန့်ရှရမာအား ပြန်လည်ချေပလိုက်သည်။ "ပိထုသေနရဲ့ ဖခင်ဟာ တစ်ချိန်တုန်းက ကျွန်တစ်ယောက်ဖြစ်ခဲ့တာတော့ မှန်ပါတယ်။ ဒါပေမဲ့ ယနေ့အချိန်အခါမှာတော့ သူဟာ ကျွန်ပေါင်းများစွာရဲ့ ပိုင်ရှင် သခင်တစ်ဦး၊ သာဂလမြို့ရဲ့ ထင်ရှားပြဋ္ဌာန်းတဲ့ သူကြွယ်တစ်ဦး၊ ဂဏပတိရဲ့ အတိုင်ပင်ခံတစ်ဦး ဖြစ်နေပြီ။ သာဂလမှာ သူ့ကို ဘယ်သူ မထေမဲ့မြင် ပြုလုပ်ရဲသလဲ။ ပိထုသေနဟာ ကျွန်များလို လက်ထဲမှာ သားမြီးယပ်ကို မကိုင်ဘဲ ဓားကို ကိုင်ဆောင်ပြီး သွားလာနေပြီ မဟုတ်ဘူးလား ဒိဗျာ။ အခုအချိန်မှာ သူဟာ လေးစားဂရုပြုထိုက်တဲ့ ပုဂ္ဂိုလ်တစ်ဦး ဖြစ်နေပြီ"

ဗိရုန့်ရှရမာသည် စိတ်တက်တက်ကြွကြွဖြစ်လာသည်။ "ဥစ္စာခနေ စုမိဆောင်းမိရှိလာတဲ့အတွက် လေးစားဂရုပြုထိုက်တဲ့ ပုဂ္ဂိုလ်ဖြစ်ရမှာလား ပဗုဒ္ဓ၊ ရဟန်းသမဏတွေ၊ ယွန်းတွေနဲ့ နီးနီးကပ်ကပ်နေတဲ့အတွက်ကြောင့်တစ်ကြောင်း၊ ကူးသန်းရောင်းဝယ်တဲ့ဘက်ကို စိတ်ရောက်နေတဲ့အတွက်ကြောင့် တစ်ကြောင်း၊ မင်း အခုလိုအယူအဆမျိုး ပေါ်ပေါက်နေတာပါ။ မင်းအမြင်မှာ ဥစ္စာခနေရဲ့တန်ဖိုးဟာ ဒါလောက်ပဲ ကြီးကျယ်မြင့်မားနေရသလား။ ဥစ္စာခနေဆိုတာ သုံးဆောင် စားသုံးစရာ ပစ္စည်းဝတ္ထုမျှသာ ဖြစ်တယ်။ ဥစ္စာခနေဟာ လူရဲ့တန်ဖိုးကို အဆုံးအဖြတ်မပေးနိုင်ပါဘူး။ ဥစ္စာပစ္စည်း မာန်တက်ပြီး" ဗိရုန့်ရှရမာ၏အသံမှာ မာလာလေ၏။ "မနေ့က ဒီကျွန်သားကို ဗြာဟ္မဏ ပဒေသရာဇ်တွေရဲ့ သားများနဲ့ ယှဉ်ပြိုင်ပြီး 'သူရသသတီသမီးတော်'ရဲ့ ဝေါကို ပခုံးနဲ့ထမ်းမယ်လို့ ကြိုးစားတယ်။ ရုဒ္ဒရဓိရက တွန်းဖယ်ပစ်တော့ ဓားကိုဆွဲပြီး ခုတ်မယ်လို့လုပ်တယ်။ ကျွန်တစ်ယောက်က ဗြာဟ္မဏရဲ့ရှေ့မှာ ဓားဝင့်တယ်တဲ့။ အဲဒီလို ကမောက်ကမဖြစ်နေတဲ့ အပြုအမူတွေကြောင့် မဒ္ဒရတိုင်းနိုင်ငံ အထက်တန်းလွှာ အမျိုးအနွယ်များရဲ့ ဂဏအုပ်ချုပ်ရေးမှာ ဗြာဟ္မဏလူမျိုးတွေရဲ့ အခွင့်အရေးနဲ့ ဂုဏ်သိက္ခာရယ်လို့ ဘယ်မှာရှိတော့လို့လဲ..."

ပဗုဒ္ဓရှရမာက အပြုံးမပျက်ပင် ပြန်ပြောလေသည်။ "ဒါပေမဲ့ ဦးကြီး၊

mgyoe.com

mgyoe.com

လူ့အခြေအနေနဲ့ လူ့အမျိုးအနွယ်ရဲ့ အခြေအနေဆိုတာ ထာဝရတည်မြဲနေတာ မဟုတ်ဘူး။ ပြောင်းလဲနေတယ်။ မောရယဘုရင့်အနွယ်ဟာ တစ်ချိန်တုန်းကဆိုရင် ဆတ္တာသည်အမျိုးအနွယ်မျှသာ ဖြစ်ခဲ့တယ်။ နောက်တစ်ချိန်ကျတော့ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးက သူတို့ကို ဦးတိုက်လာရတယ်။ ဗြာ[illegible] အမျိုးအနွယ် စာဏကျအမတ်ကြီးက သူတို့ရဲ့အမတ်လုပ်ရတယ် မဟုတ်လား"

"ကမ္ဘာမြေကြီးဟာ အခု အဲဒီလို ဖောက်လွဲဖောက်ပြန်ဖြစ်နေတဲ့ အဖြစ်ဆိုးက ကင်းလွတ်သွားပြီ" ဗိရုန္နရုမာက ဆက်ပြောလေ၏။ "ကဲ့ရဲ့ရှုတ်ချဖွယ်ဖြစ်နေတဲ့ မိမိရဲ့အခြေအနေကို သိဒ္ဓိတင်လိုတဲ့အတွက် အသောကဟာ ဦးပြည်းရဟန်းတွေကို ဆည်းကပ်ကိုးကွယ်ခြင်းဖြစ်တယ်။ တကယ်လို့ နတ်ဟာ လူထက် စွမ်းဆောင်နိုင်သူဖြစ်တယ်ဆိုရင် နတ်ရဲ့ တစ်စိတ်တစ်ဒေသဖြစ်တဲ့ မီးကိုဆောင်တဲ့ ဗြာဟ္မဏမျိုးဟာ သုဒ္ဒမျိုးနဲ့ တန်းတူရည်တူ ဖြစ်နိုင်စရာအကြောင်းမရှိဘူး။ မနေ့က အမျိုးကောင်းသား အထက်တန်းလွှာဗြာဟ္မဏလုလင်များကို အန်တုပြီး ဒီကျွန်သားက ဓားကို ဝင့်ခဲ့တယ်။ တကယ်လို့သာ သူ နောက်ဆုတ်မသွားရင် သူ့သွေးနဲ့ပဲ သူ့ရဲ့ 'အတော်ဆုံးဓားကိုင်စစ်သည်တော်' ဆိုတဲ့ ဂုဏ်ပုဒ်ဟာ ညစ်နွမ်းသွားရဖို့ရှိတယ်။ ယွန်းဂဏပတိရဲ့ အပြုအမူကြောင့်သာ ဒီပြဿနာပေါ်ပေါက်လာရခြင်း ဖြစ်တယ်။ ဒီနိုင်ငံဟာ မဒ္ဒရအမျိုးကောင်းသား ဗြာဟ္မဏတွေရဲ့ ဂဏအုပ်ချုပ်ရေးနိုင်ငံတစ်နိုင်ငံဖြစ်တယ်။ ယွန်းဘုရင် မိလိန္ဒရဲ့ ဗုဒ္ဓဘာသာနိုင်ငံမဟုတ်ဘူး။ ကမ္ဘုနာ ဘဝတိ ဗြာဟ္မဏော (အလုပ်သဘောအားဖြင့် ဗြာဟ္မဏဟူ၍ ဖြစ်ပေါ်လာခြင်းဖြစ်၏။ အမျိုးဇာတ်သဘောအားဖြင့် ဗြာဟ္မဏဟူ၍ ဖြစ်ပေါ်လာခြင်းမဟုတ်) လို့ လူညံ့တွေက ပြောဆိုနေကြတာ အင်မတန်အံ့သြစရာကောင်းတယ်။ ဗြာဟ္မဏကို နတ်ဒေဝတာအဖြစ် ပြုလုပ်ဖန်တီးထားသူကသာ ဗြာဟ္မဏကို နတ်ဒေဝတာအဖြစ်က ပြန်ရုပ်သိမ်းနိုင်တယ်။ လူက အဲဒီလို ဘယ်တော့မှ မလုပ်နိုင်ဘူး။ ဒီဦးပြည်းရဟန်းတွေဟာ အချိန်နဲ့ မိုးရွာသွန်းခြင်းမရှိတဲ့ ပြစ်မှုနဲ့ မိုးမင်းဖြစ်တဲ့ သိကြားဣန္ဒာကိုလည်း သိကြားအဖြစ်က ဖြုတ်ချကြဦးမလား မသိဘူး။ ဒီကျွန်သားဟာ ခမည်းတော်ရဲ့ တရားအဆုံးအဖြတ်ကို ခံယူဖို့လာတာဖြစ်လိမ့်မယ်"

mgyoe.com

mgyoe.com

"ဒါပေမဲ့ ဦးကြီး..." ပဗုဒ္ဓရှရမာသည် သူ့ဦးကြီးအား လေးလေးစားစားပင် ပြန်လည်ချေပလေ၏။ "နတ်ဒေဝတာရဲ့ စည်းမျဉ်းထုံးစံဆိုတာ မှန်းဆ စိတ်ကူးထားတဲ့ အရာဝတ္ထုမျှသာဖြစ်ပါတယ်။ နတ်ဒေဝတာရှိတယ်ဆိုတဲ့ အထောက်အထားဟာ စိတ်ကူးယဉ်ပဲမဟုတ်လား။ အဲဒီနည်းအတိုင်းပါပဲ။ နတ်ဒေဝတာနဲ့ နတ်ဒေဝတာရဲ့ စည်းမျဉ်းထုံးစံဆိုတာဟာ အတွေးအမြင်နဲ့ ကိုင်တွယ်သုံးသပ်လို့ ရတာမျိုးမဟုတ်ဘူး။ မှန်းဆစိတ်ကူးခြင်းဟာ အတွေ့အကြုံအပေါ်မှာသာ အခြေတည်ရတယ်။ တကယ်လို့ မှန်းဆစိတ်ကူးခြင်းဟာ အတွေ့အကြုံနဲ့ စမ်းသပ်စစ်ဆေးလို့မရရင် အထောက်အထားရှာလို့မရရင် တကယ်အမှန်လို့ ဆိုဖို့ရာ ခက်မနေဘူးလား"

ဗိရှနုရှရမာက စိတ်အားထက်သန်စွာဖြင့် ပြောပြန်လေ၏။ "အဲဒါက ဦးပြည်း ရဟန်းတွေရဲ့ ဆင်ခြေဆင်လက် မဟုတ်လား။ အထောက်အထားဆိုတာ ဘာလဲ၊ ယုံကြည်စိတ်ချအပ်တဲ့ပုဂ္ဂိုလ်များရဲ့ စကားဟာ အထောက်အထားမဟုတ်လား။ မသိနားမလည်သူအတွက် တတ်သိ နားလည်သူရဲ့ စကားဟာ အထောက်အထားပမာဏဖြစ်တယ်။ ဗြာဟ္မဏရဲ့ အခွင့်အရေးနဲ့ ပတ်သက်တဲ့ အထောက်အထားပမာဏဟာ ဗြာဟ္မဏရဲ့ စွမ်းအားသတ္တိဖြစ်တယ်" ဗိရှနုရှရမာသည် လက်မောင်းတွင် ဝတ်ဆင်ထားသော ရတနာခြယ်စီထားသည့် လက်ဝတ်တန်ဆာကို ညွှန်ပြလျက်မေးလေ၏။ "ဒီကနေ့ ဒီရတနာဆင်မြန်းထားတဲ့အတွက် ဘာတန်ဖိုးရှိတော့လို့လဲ" ပဗုဒ္ဓ၏ ပခုံးပေါ်တွင်တင်ထားသည့် ကိုယ်ရုံအဝတ်ကို လက်ညှိုးညွှန်ပြပြီး "ဒီကနေ့ ဒီပိုးဝတ်ပိုးထည် ဝတ်ဆင်ထားတဲ့အတွက် ဘာအကျိုးရှိတော့သလဲ။ ကျွန်လူမျိုးတွေ၊ သုဒ္ဒလူမျိုးတွေလည်း ဒီလိုအဝတ်တန်ဆာများကို ဝတ်စားဆင်ယင်ပြီး သွားလာနေကြတယ်မဟုတ်လား။ အခုခေတ်မှာ အဝတ်အစားနဲ့ အဆင်တန်ဆာများဟာ အမျိုးအနွယ်နဲ့ အခွင့်အရေးရဲ့ အမှတ်လက္ခဏာဟုတ်တော့လို့လား။ တကယ်လို့ သုဒ္ဒမျိုးတွေ၊ ကျွန်မျိုးတွေလည်း ဗြာဟ္မဏတွေလို အခွင့်အရေး ညီတူညီမျှရမယ်ဆိုရင် ဗြာဟ္မဏဆိုတဲ့သဘော ဘယ်မှာ ရှိတော့မလဲ။ ဗြာဟ္မဏတွေရဲ့ ဂါထာမန္တရားနဲ့ ခတ္တိယတွေရဲ့ လက်နက်အင်အားဟာ သုဒ္ဒလူမျိုးတွေကို အကျိုးပြုဖို့လား" ဗိရှနုရှရမာသည် မကျေနိုင် မချမ်းနိုင်ဖြစ်လျက် ခြေလှမ်းခပ်ပြင်းပြင်းလှမ်းပြီး အခန်းတွင်းသို့ ဝင်

mgyoe.com

mgyoe.com

သွားလေ၏။

ဒီဇျာသည် ဘာဘဇိရှန်ရှရမာ စိတ်ဆိုးမာန်ဆိုးဖြစ်နေသည်ကို တွေ့ရ၍ အသာကုပ်၍ လက်ချောင်းကလေးများဖြင့် ကိုယ်ရုံအဝတ်ကို ရစ်ပတ်နေပြီးလျှင် ကြမ်းပြင်မှာ ရေးထားသည့် ပန်းချီဆေးရေးအရုပ်ကို ငေးစိုက်ကြည့်ရှုနေလေသည်။ ပဗုဒ္ဓရှုရမာက တူမကို အားပေးစကား ပြောကြားလိုက်လေ၏။ "သမီး စိတ်မကောင်းမရှိနဲ့နော်။ ဧည့်သည်ကို အိမ်သည်က ဧည့်ခံပြုစုရမယ်။ ဒီဇျာရဲ့ဘာဘဟာ ကျွန်သားကို နှုတ်ဆက်လိုတဲ့စိတ်မရှိဘူး။ ဒါပေမဲ့ ဧည့်သည်ကိုတော့ သူလည်းပဲ အရေးတယူနှုတ်ဆက်လိုက်တယ်မဟုတ်လား။ မဒ္ဒတိုင်းပြည်ရဲ့ ဓလေ့ထုံးစံကိုတော့ ဘယ်မှာ လျစ်လျူရှုထားလို့ဖြစ်မလဲ"

ဦးကြီးဖြစ်သူ၏ အားပေးနှစ်သိမ့်မှုကို ကြားရသောအခါ ဒီဇျာသည် ငိုချင်လျက် လက်တို့ဖြစ်သွားသည်။ မျက်လုံးတွင် စို့လာသော မျက်ရည်ကို ဖုံးကွယ်လိုသဖြင့် ကိုယ်ရုံအဝတ်အနားဖြင့် မျက်နှာကို မသိမသာဖုံးအုပ်လိုက်ပြီးလျှင် ဦးခေါင်းငိုက်စိုက်ချ၍နေလေ၏။ သူ၏ကျောပေါ်တွင် လက်တင်လျက် ပဗုဒ္ဓက ချစ်ခင်ယုယစွာဖြင့် ပြောလေသည်။ "ဒီဇျာ၊ ဘာဘဇိရှန်ရှရမာနဲ့ သဘောဆန္ဒမတူတဲ့အတွက် စိတ်မကောင်းဖြစ်နေစရာ မလိုပါဘူး။ သဘောဆန္ဒကွဲလွဲကြတယ်ဆိုတာ ဓမ္မတာပါပဲ။ ဘိုးဘိုးရဲ့ ဆွေးနွေးပွဲများမှာဆိုရင် ပညာရှင်များ သဘောဆန္ဒတစ်ခုတည်း ဖြစ်ခဲ့ကြတာများ ဒီဇျာ တွေ့ဖူးသလား။ သူတို့အထဲမှာ ဘယ်သူ့ကို လူအ လူညံ့လို့ ပြောမလဲ။ အာကျာရယပဝဒ္ဓနလား၊ ပဏ္ဍိတ်အိကရိဒလား၊ ရဟန်းတော် ဓမ္မရက္ခိတလား၊ စီဝကလား ဒါမှမဟုတ် လုလင်မာရိသလား..."

မျက်နှာကိုသုတ်လျက် ဒီဇျာက ခြောက်ကပ်သောအသံဖြင့် ပြန်ပြောလေသည်။ "မနေ့ညကပဲ ဂဏလွှတ်တော်ကိုယ်တိုင်က လုလင်ပိထုသေနကို သာဂလတစ်မြို့လုံးရဲ့ 'အတော်ဆုံး ဓားကိုင်စစ်သည်တော်' ဂုဏ်ထူးကို အပ်နှင်းလိုက်တယ်မဟုတ်လား။ သမီးအနေနဲ့ ဘာများလွန်လွန်ကျူးကျူးပြုလုပ်တာရှိလို့လဲ"

"အေး ဟုတ်တယ်" ပဗုဒ္ဓက စိတ်ပါလက်ပါ ထောက်ခံပြောဆိုလိုက်သည်။ "အဲဒီလုလင်ဟာ သမီးကို ဂုဏ်ပြုခွင့်ရရှိဖို့အတွက် ရုဒ္ဒရဓီရဲ့သွေး

mgyoe.com

mgyoe.com

ကို အိုင်ထွန်းသွားအောင် လုပ်မလို့ တဲတဲလေးရှိတော့တယ်။ သမီးက သူ့ကို လေးလေးစားစား မလုပ်ရဘူးတဲ့လား...။ သမီး၊ မဒ္ဒရသွေးဟာ ဘယ်တော့မှ ကျေးဇူးမကန်းဘူး သိလား"

ပဗ္ဗဒ၏ တောင့်တင်းသန်မာသောလက်များကို ဒိဗျာက သူ၏ နူးညံ့ပျော့ပျောင်းသော လက်ကလေးများဖြင့် ချစ်ခင်မြတ်နိုးစွာ ကိုင်လျက်မေးလိုက်သည်။ ဦးကြီး အဲဒီလုလင်ဟာ ပိထုသေနဟုတ်လား။ ဒါကြောင့်မို့ ဘဘက သူ့ကို ဒါလောက် သဲသဲမဲမဲ ငြိုးနေတာကိုး။ ဝေါပေါ်ရောက်နေတာလည်းတစ်ကြောင်း၊ လူစုလူဝေးကလည်း ကြိတ်ကြိတ်တိုးနေတာကတစ်ကြောင်းကြောင့် သမီး ဘာကိုမှ မသိလိုက်ဘူး"

"အေး... ဟုတ်တာပေါ့။ လာလာ... ဒိဗျာ" ချစ်ခင်ယုယစွာဖြင့် ဒိဗျာ၏လက်ဖြင့် ဆွဲခေါ်လျက် အခန်းဘက်သို့သွားရင်း ပဗ္ဗဒက ပြောလေသည်။ "ဒါ အံ့သြစရာမဟုတ်ပါဘူး။ ဝေါပေါ်က လူက ဝေါထမ်းတဲ့လူတွေကို ဘယ်တော့ဂရုပြုမိမလဲ။ သမီး၊ ကျွန်မကို ငါ ရေချိုးဖို့ ပြင်တော့လို့ ပြောလိုက်စမ်း။ လမ်းပေါ်က ဖုန်မှုန့်တွေ ကိုယ်ပေါ်မှာ ချွေးနဲ့ရောပြီး တင်းကျမ်းဖြစ်နေပြီ"

ပိထုသေန ပြန်သွားပြီးနောက် ဒိဗျာသည် ပိထုသေန လာသည့်အကြောင်းကို ဘိုးဘိုးတရားအမတ်ကြီးအား ပြောမပြဖြစ်ပေ။ ယနေ့ ဆည်းဆာချိန်ရောက်လာလေပြီ။ တရားအမတ်ကြီးသည် အလုပ်အားလပ်သည်ဟူ၍မရှိဘဲ ညဥ့်ပထမပဟိုရ်အထိ ဧည့်သည်များ ဝိုင်းရံနေပုန်းပင်ရှိသေး၏။ ဒိဗျာ၏စိတ်နှလုံးထဲ၌မူ ပိထုသေန၏အကြောင်းကို တွေးနေမိသည်။ ထို အကြောင်းကသာလျှင် အခြားအကြောင်းအရာများ၏ ထိပ်ဆုံးက ရောက်နေသည်။ ဒိဗျာ၏စိတ်ထဲ၌ မဝေခွဲနိုင်အောင်ဖြစ်နေ၏။ ယင်းသို့ မဝေခွဲနိုင်အောင် ဖြစ်ရခြင်း၏အကြောင်းများအနက် ဘဘ ဗိရှနုရှရမာ၏ အပြုအမူနှင့် မိမိကိုယ်တိုင် ကာယကံရှင်အဖြစ် အဖြစ်အပျက်နှင့် ပတ်သက်ဆက်နွှယ်နေခြင်းများသည် ထင်ရှားသောအကြောင်းများ ဖြစ်ကြ၏။ ညနေဆည်းဆာက ရောက်လာကြသည့် ပရိသတ်အသိုင်းအဝိုင်းထဲ၌ သူသည် ပိထုသေနအကြောင်း စကားစပ်ကြသည်ကို ကြားရသည်။ ပိထုသေန လာသည့်သတင်း တရားအမတ်ကြီးနားသို့ ရောက်သွားပြီဆိုသည်ကို သူ

mgyoe.com

mgyoe.com

သိပြီးလေပြီ။ ထိုသတင်းကို ပြောပြခြင်းထက် ဒီဗျာသည် ထိုအရေးအခင်းနှင့်စပ်လျဉ်း၍ တရားအမတ်ကြီး၏သဘောထားကို အထူးသိချင်နေ၏။

ထိုအရေးအခင်းနှင့်စပ်လျဉ်း၍ သူ၏စိတ်စောနေမှုသည်ပင်လျှင် ချိတုံချတုံဖြစ်ဖို့ အကြောင်းဖန်လာလေသည်။ အကယ်၍ ထူးထူးခြားခြား တွေးတောစိတ်စောခြင်းမဖြစ်ခင် ထိုသတင်းကို တရားအမတ်ကြီးအား ဒီဗျာ ပြောပြလိုက်မည်ဆိုပါက ယခုကဲ့သို့ အခက်အခဲမျိုး ပေါ်ပေါက်လာမည် မဟုတ်တန်ရာ။ အမြဲမပြတ် တွေးတောစိတ်စောနေသဖြင့် ထိုဝန်ထုပ်ဝန်ပိုးမှာ ပို၍ ကြီးလေးလာပြီး ယခုကဲ့သို့ အခက်ကြုံလာရခြင်း ဖြစ်လေ၏။ မပြောဘဲထား၍လည်း မသင့်လျော်ပေ။ သူသည် တရားမျှတမှုအတွက် အားပေးလိုက်သည်ဖြစ်၍ အဘယ်မှာလျှင် ထိုအရေးအခင်းကို မသိလိုက်မသိဘာသာ ထား၍ဖြစ်တော့မည်နည်း။ တစ်နည်းတစ်ဖုံအားဖြင့်မူ စကားပြန်ပြောရပေတော့မည်။ ဘာကြောင့် မတရားမှုဖြစ်ရမှာနည်း။ တရားမှု၊ မတရားမှုနှင့်ပတ်သက်၍ သူသည် အမြဲတမ်းပင် နားမဆံ့အောင် ကြားလာခဲ့သူဖြစ်သည်။ သို့ရာတွင် တစ်ခါဖူးမျှ ထိုတရားအဆုံးအဖြတ်ကို ယောင်၍ပင် စိတ်ပါဝင်စားခြင်းမရှိခဲ့။ ယခုကိစ္စတွင် သူသည် ယခင်ကလို ဥပေက္ခာပြုမထားနိုင်တော့ပေ။

ညနေတိုင်းလိုလိုပင် စံအိမ်တွင်းရှိ ဥယျာဉ်၌ ဘိုးဘိုး၊ ဘဘ၊ ဦးကြီးများနှင့် အခြားအမျိုးကောင်းသား အမျိုးကောင်းသမီးတို့၏ ဆွေးနွေးပွဲတွင် ဒီဗျာလည်း ပါလေ့ရှိပေသည်။ လူကြီးသူမများနှင့် အမျိုးကောင်းသားလုလင်လုံမများစွာတို့က သူ၏ သူမတူသည့် အနုပညာစွမ်းရည်ကို ချီးကျူးသြဘာပေးကြ၏။ ယင်းချီးကျူးသြဘာစကားကြောင့် သူသည် စိတ်တက်ကြွခြင်းအားရနှစ်သိမ့်ခြင်းဖြစ်ရလေသည်။

လုလင် ရုဒ္ဒရဓိရသည် ဒီဗျာ၏ အနုပညာစွမ်းရည်နှင့်ပတ်သက်၍ မည်သို့မျှ စကားမဟပေ။ ယင်းသို့ မဟသဖြင့်လည်း ဒီဗျာအဖို့မှာ အားရကျေနပ်၍သာနေ၏။ သူ့ထံမှ ချီးကျူးခံရန်နှင့် သူ့အား စကားတုံ့ပြန်ရန်မှာ ဒီဗျာအတွက် ဝန်လေးသလိုလို ဖြစ်နေ၏။ လုလင် မာရိသနှင့်ပတ်သက်၍လည်း ထိုနည်းအတိုင်းပင်ဖြစ်သည်။ သို့ရာတွင် မာရိသကမူ စကားအဆန်း

mgyoe.com

mgyoe.com

ကို ပြောလေ၏။

"ဒိဗျာ၊ ဒိဗျာရဲ့အနုပညာဟာ ဒိဗျာရဲ့ တပ်မက်စွဲလမ်းစေတတ်တဲ့ စွမ်းအားရဲ့ သန့်ရှင်းစင်ကြယ်မှုမျှသာဖြစ်တယ်။ မိန်းမသားတို့ရဲ့ သန္တာန်မှာရှိနေတဲ့ အဲဒီတပ်မက်စွဲလမ်းစရာဟာပဲ ကမ္ဘာလောက တည်ဆောက်ဖန်တီးမှုရဲ့ အစဦးဆုံးစွမ်းအားဖြစ်တယ်..."

ဘာသာတရားနှင့် ကျင့်ဝတ်တရားကို စော်ကားမော်ကားလုပ်သည်ဟု အစွပ်စွဲခံရသူ မာရိသ၏စကားလုံး၊ သံနေသံထား၊ မျက်နှာနေ မျက်နှာထားတို့ကြောင့် ဒိဗျာသည် တွန့်၍သွားခဲ့လေ၏။

ဒိဗျာသည် မာရိသ၏စကားကို သတိရ၍နေသည်။ ထိုစကားလုံးများသည် အနက်အဓိပ္ပာယ်အပြည့်အဝရှိသည်။ ထိုစကားလုံးများ၏ အနက်အဓိပ္ပာယ်ကိုလည်းကောင်း၊ နက်နဲခြင်းနှင့် ပြန့်ကျယ်ခြင်းကိုလည်းကောင်း ဒိဗျာသည် စိတ်ထဲက စဉ်းစားဝေဖန်နေမိသည်။ ထိုစကားလုံးများ၌ ချိုသာမှု၊ ဂုဏ်ယူဝင့်ကြွားမှု၊ မျှော်လင့်မှု၊ အားပေးမှု၊ တက်ကြွမှုများ ရှိကြသည်။ ထို့ပြင် ထက်မြက်မှုလည်းရှိသည်။ သို့ရာတွင် ထိုနာမည်ပျက် အကဲ့ရဲ့ခံလုလင်နှင့် နီးနီးစပ်စပ်ဖြစ်လာမည့်အရေးကို ဒိဗျာသည် တွန့်၍ ရွံ့၍နေလေ၏။ သူ စဉ်းစားမိလေသည်။ အတော်ဆုံး ဓားကိုင်စစ်သည်တော် ပိထုသေနသည် ငါ့အနုပညာနှင့်စပ်လျဉ်း၍ သူ့အယူအဆကို ထုတ်ဖော်ပြောပြခြင်း မရှိပေ။ ဝေါထမ်းရေး၊ မထမ်းရေးအတွက် ဓားကို ဝင့်ခြင်းသာ သူ၏အယူအဆဖြစ်လေသည်။

စိတ်နှလုံး ဝေခွဲမရဖြစ်နေခြင်း၊ ဘဝင်မကျဖြစ်နေခြင်းတို့ကြောင့် ဒိဗျာသည် တရားအမတ်ကြီး နေ့လယ်မွန်းတည့်ချိန် အပန်းဖြေနားနေခိုက် လူခြေတိတ်နေသည်ကို တွေ့ရ၍ အသာ အခန်းထဲသို့ ဝင်သွားလေ၏။ ဘိုးဘိုး၏ ဖြူဝါနေသည့် ဆံပင်များကို လက်ဖြင့်သပ်ပေးလျက် ပိထုသေန ရောက်လာသည့်အကြောင်းနှင့်တကွ ဘာဘဗိရှနုရှရမာ၏ အပြုအမူကိုပါ ပြောပြလိုက်လေသည်။

တရားအမတ်ကြီးသည် နဖူးပေါ်လက်တင်ပြီး နားထောင်နေလေ၏။ ဒိဗျာ စကားရပ်သွားပြီး သူ၏အဖြေကို ငံ့လင့်နေသည်ဆိုသည့်အကြောင်းကို ရိပ်မိသည်ဖြစ်၍ တရားအမတ်ကြီးက ပြောလေ၏။ "သမီး၊ အခု

mgyoe.com

mgyoe.com


မလ္လိကာ စိတ်အတော်သက်သာရသွားပြီး အနုပညာဘက် စိတ်ပြန်လည်လာပြီနော်"

"ဟုတ်တယ် ဘိုးဘိုး" ဒီဗျာသည် သူ့ဘိုးဘိုး၏ဆံပင်ကို စိုက်ကြည့်လျက် အဖြေပေးလိုက်လေ၏။ "အခုဆို သူ့စံအိမ်မှာနေစဉ်လိုလိုပဲ အချိန်မှန်မှန် ပွဲသဘင်ရှိနေပါတယ်။ တပည့်မအသစ်များကိုလည်း တော်တော်ပဲ လက်ခံနေပါတယ်"

"ရင်သွေးအတွက်ဖြစ်ပေါ်တဲ့သောကဟာ လူကို ခြေကုန်လက်ပန်း ကျသွားအောင် ပြုလုပ်တတ်တယ်" တရားအမတ်ကြီးသည် သက်ပြင်းတစ်ချက် ရှူလိုက်လေ၏။ "မလ္လိကာက အခု ဘယ်တပည့်လုံမပျိုကို သူ့အရိုက်အရာ ဆက်ခံဖို့ မျှော်လင့်ထားသလဲ။ ရစိရာရဲ့ အရည်အချင်းမျိုး သူ့တပည့်ထဲက တခြားဘယ်သူ့မှာရှိသလဲ။ မလ္လိကာဟာ သမီးနဲ့ သူ့သမီး ရစိရာကို သူ့မျက်လုံးနှစ်လုံးလိုပဲ အောက်မေ့တယ်"

"မာဒုလိကာကို သူ့အရိုက်အရာဆက်ခံဖို့ မျှော်လင့်ထားပုံတော့ ရပါရဲ့။ ဒါပေမဲ့ မလ္လိကာက မာဒုလိကာကို တင်းပြည့်ကျပ်ပြည့် ကျေနပ်အားရပုံ မပေါ်သေးဘူး ဘိုးဘိုး။ မာဒုလိကာရဲ့ ဟန်အမူအရာက သိပ်ဖျတ်ဖျတ်လတ်လတ်မရှိဘူးနော်"

"သမီးပြောတာမှန်တယ်။ မလ္လိကာရဲ့ အရိုက်အရာဆက်ခံသူဟာ သူ့ကိုမီဖို့ မလွယ်လှဘူး။ မလ္လိကာဟာ သူ့ဆရာ ဣန္ဒရာနဲ့တောင် မတူဘူး။ ဆရာ့ထက် တပည့်က လက်စောင်းထက်တယ်။ အခုဆိုရင် လူတွေဟာ ဣန္ဒရာကို လုံးလုံးကြီးမေ့နေကြပြီ"

ဒီဗျာ ဦးနှောက်ခြောက်နေ၏။ သူ ခဲခဲယဉ်းယဉ်းတင်ပြပြောဆိုထားသော ပြဿနာကို တရားအမတ်ကြီးက ဘေးဖယ်ထားသည်။ ဒီဗျာက မေးခွန်းထုတ်လိုက်ပြန်သည်။ "ဘိုးဘိုး၊ တရားလွှတ်ရုံးရဲ့ ရှေ့မှောက်မှာ တိုင်းသူပြည်သားအားလုံးဟာ အတူတူချည်းပဲနော်"

နဖူးပေါ်တင်ထားသောလက်ကို ဒီဗျာ၏ ဦးခေါင်းပေါ်သို့ ဆန့်တင်လိုက်လျှင် ခနဲ့သံဖြင့် တရားအမတ်ကြီးက ပြန်ပြောလေ၏။ "သမီး၊ သမီးလည်း ပန်းကုံးသီကုံးတဲ့အလုပ်၊ ပန်းချီဆေးရေးတဲ့အလုပ်၊ စောင်းတီးတဲ့အလုပ်တွေကို ဘေးဖယ်ထားပြီး ပြဿနာအရှုပ်အထွေးအသစ်တစ်ခုထဲမှာ

mgyoe.com

mgyoe.com

ရောထွေးယှက်တင် ဖြစ်နေပါပြီကော" ခနဲ့သံမှာ သူ့အလိုလိုပြောင်းသွားသည်။

"ဒီဗျာ၊ ပေါရဝဘုရင်ရဲ့ တရားလွှတ်ရုံးကတစ်မျိုး၊ စစ်နိုင်ဘုရင် မိလိန္ဒရဲ့ တရားလွှတ်ရုံးကတစ်မျိုး၊ တရားရှင်ဘုရင် မိလိန္ဒရဲ့ တရားလွှတ်ရုံးကတစ်မျိုး၊ အထက်တန်းလွှာ ဗြာဟ္မဏအမျိုးကောင်းသား ဂဏအုပ်ချုပ်ရေးရဲ့ တရားလွှတ်ရုံးကတစ်မျိုး။ တရားဌာန၊ တရားရုံးဆိုတာဟာ ကိုယ့်ဟာကိုယ်သယံဇာတ သီးခြားလွတ်လွတ်လပ်လပ် ပေါ်ပေါက်လာတဲ့အရာမျိုးမဟုတ်ဘူး။ လူ့လောကအယူအဆ လူ့လောကစနစ်ရဲ့ လျှာမျှသာဖြစ်တယ်။ အခုလောက် အချိန်အထိ တရားထုံးများကို စီရင်လာခဲ့ပြီး ဘိုးဘိုး သိရှိတွေ့မြင်လာခဲ့တဲ့ အတွေ့အကြုံကတော့ တရားရုံးဆိုတာဟာ တရားဥပဒေပြုသူများရဲ့ လက်အောက်မှာပဲရှိတယ်ဆိုတဲ့အချက်ပဲ။ ဘိုးတော် ပုညသမိတိဘုရင့်လက်ထက်ကဆိုရင် ပေါရဝဘုရင့်မျိုးနွယ်နဲ့ ပေါရဝပဒေသရာဇ်တို့ရဲ့ အခွင့်အာဏာကို ကာကွယ်တဲ့ဥပဒေများသာ တရားဥပဒေဖြစ်ခဲ့တယ်။ စစ်နိုင်ဘုရင် မိလိန္ဒ လက်ထက်ကျလာတော့ အခုပြောတဲ့ လူတွေရဲ့ အခွင့်အာဏာကို ချိုးနှိမ်ရပ်သိမ်းပစ်ခြင်းသာ တရားဥပဒေဖြစ်ခဲ့တယ်။ မိလိန္ဒဘုရင်နဲ့ သူ့လက်အောက်ခံ မြေရှင်ပဒေသရာဇ်တို့ရဲ့ အခွင့်အာဏာကို ကာကွယ်စောင့်ရှောက်ခြင်းသာ တရားဥပဒေဖြစ်ခဲ့တယ်။ အဲဒီနောက်တစ်ဖန် မိလိန္ဒဘုရင်ရဲ့ အသိအမြင်မှာ ဗုဒ္ဓတရားကို ပွားများယုံကြည်ခြင်းသာ တရားဥပဒေဖြစ်လာပြီး တိရစ္ဆာန်ကိုသတ်ဖြတ်ပြီး ယဇ်ပူဇော်ပသတဲ့ ကုသိုလ်ကောင်းမှုအလုပ်ဟာ ရာဇဝတ်ပြစ်မှု ဖြစ်လာပြန်တယ်။ မဒ္ဒရတိုင်းပြည် ယခုမျက်မှောက် အထက်တန်းလွှာ ဗြာဟ္မဏအမျိုးကောင်းသားများရဲ့ ဂဏအုပ်ချုပ်ရေးမှာတော့ အထက်တန်းလွှာ ဗြာဟ္မဏမျိုးနွယ်များရဲ့ အခွင့်အာဏာဟာ တရားစီရင်မှုရဲ့ အခြေခံဖြစ်လာတယ်"

သူမေးထားသည့် မေးခွန်း၏အဖြေကို မရသေးသဖြင့် ဒီဗျာက တစ်ဖန် ထပ်မေးလိုက်ပြန်၏။ "ဒါပေမဲ့ ဘိုးဘိုး၊ ပရေဆထတို့ရဲ့မျိုးနွယ်ဟာ ကျွန်အဖြစ်က လွတ်မြောက်သွားပြီ မဟုတ်လား။ ပိထုသေနကို ဂဏအစိုးရကိုယ်တိုင်က ချီးကျူးဂုဏ်ပြုခဲ့တယ်မဟုတ်လား"

ရှေ့ဘက်ရှိ တံခါးအပေါ်ဘက်တွင် ဆွဲထားသည့် လှောင်ချိုင့်ထဲမှ
mgyoe.com

mgyoe.com


သာလိကာမကိုကြည့်ရင်း အဘိုးကြီးက စိတ်မအေးသောအသံဖြင့် ပြောပြလေသည်။ "သမီးပြောတာမှန်တယ်၊ အဲဒါတွေကြောင့် ပြဿနာရှုပ်ထွေးနေတာပေါ့။ ပရေဆထဟာ ကျေးကျွန်အဖြစ်က လွတ်မြောက်သွားပြီ။ ပိထုသေနကိုလည်း ဂဏာအစိုးရကိုယ်တိုင် ချီးကျူးဂုဏ်ပြုထားတယ်။ အဲဒီလိုမဟုတ်ရင် တရားမျှတမှုဆိုတဲ့ပြဿနာကိုယူပြီး သူ ဒီကို ဘယ်လာမလဲ။ မိခင်ရင်ခွင်ကယူပြီး ပရေဆထ ရောင်းစားပစ်တဲ့ မြင်းပေါက်စကလေးများ သို့မဟုတ် ကျွန်သားငယ်ကလေးများလိုဟာကတော့ တရားမျှတမှုဆိုတဲ့ ပြဿနာကို ဘယ်ဖော်ထုတ်မလဲ။ သမီး၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အနေနဲ့ အရေးဆိုတဲ့ တရားမျှတမှုပြဿနာက ဒါလောက် မရှုပ်ထွေးဘူး။ လုလင် ပိထုသေနဟာ လက်နက်နဲ့ ကိုယ့်အခွင့်အရေးကို ကာကွယ်ဖို့ ကြိုးစားအားထုတ်နိုင်တယ်။ ပြဿနာက သူ့ဂုဏ်သိက္ခာ၊ သူ့အခွင့်အရေးအတွက် သက်သက်မဟုတ်ဘူး။ ပြဿနာက ရှုပ်ထွေးနေတယ်၊ လေးနက်နေတယ်။ သူက စစ်တပ်မှာ ရာထူးရဖို့အရေးအတွက် ဂဏာလွှတ်တော်ကို အသနားခံလွှာတင်ထားတယ်။ သူဟာ အဲဒီရာထူးနဲ့ ထိုက်လည်းထိုက်တန်တယ်။ သူ့ဖခင်ဟာ အမြော်အမြင်ကြီးတဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်တယ်။ ရွှေဒင်္ဂါးတစ်သောင်းလောက်ကို သုံးဖြုန်းပစ်လိုက်တယ်။ တကယ်လို့ တရားလွှတ်ရုံးက ပိထုသေနကို ဗြာဟ္မဏအမျိုးကောင်းသားများရဲ့ ဂုဏ်သိက္ခာနဲ့ အခွင့်အရေးကို ပေးမယ်ဆိုရင် သူဟာ စစ်တပ်မှာ ရာထူးရထိုက်တဲ့ပုဂ္ဂိုလ် ဖြစ်သွားနိုင်တယ်။ တကယ်လို့ ဂဏာလွှတ်တော်က သူ့ကို စစ်တပ်မှာ ရာထူးရနိုင်တဲ့ အခွင့်အရေးမျိုး ပေးအပ်လိုက်မယ်ဆိုရင် သူဟာ အထက်တန်းလွှာ ဗြာဟ္မဏမျိုးနွယ်များရဲ့ ဂုဏ်သိက္ခာနဲ့ အခွင့်အရေးကို ရထိုက်တဲ့ပုဂ္ဂိုလ် ဖြစ်သွားနိုင်တယ်"

"ပိထုသေန စစ်တပ်မှာ ရာထူးဌာနန္တရ ရခြင်းဟာ ပဒေသရာဇ်အဆင့်ကို တက်တဲ့ လှေကားပထမအဆင့်မှာ ခြေချခြင်းပဲဖြစ်တယ်။ တကယ်လို့ အမျိုးအနွယ်တိုင်း၊ အမျိုးအနွယ်တိုင်းက ပဒေသရာဇ်မျိုးနွယ်ရဲ့ ရာထူးဂုဏ်ထူးနဲ့ အခွင့်အရေးကို ရနိုင်တယ်ဆိုရင် အထက်တန်းလွှာမျိုးနွယ်တွေရဲ့ အခွင့်အရေးဆိုတာ ဘယ်မှာရှိတော့မလဲ။ တကယ်လို့ ဂဏာဟာ ဗြာဟ္မဏအမျိုးအနွယ်တွေရဲ့ ဂဏာသက်သက်ဖြစ်ရင်တော့ အခြေအနေတစ်မျိုး ဖြစ်

mgyoe.com

mgyoe.com


နေမှာပေါ့။ ဒါပေမဲ့ ဂဏာက ထွေးရောယှက်တင်ဖြစ်နေတယ်။ ဂဏာမှာဆိုရင် ယွန်းပဒေသရာဇ်များလည်းရှိတယ်။ ဗုဒ္ဓတရားကို သက်ဝင်ယုံကြည်နေတဲ့ ခတ္တိယနဲ့ ဝဿအမျိုးအနွယ်များလည်းရှိတယ်။ သူတို့ဟာ ဗြာဟ္မဏမျိုးနွယ်များရဲ့ စင်ကြယ်မြင့်မြတ်မှုနဲ့ အခွင့်အရေးကို တန်ဖိုးထားကြတဲ့ ပုဂ္ဂိုလ်များ မဟုတ်ကြဘူး။ ဗြာဟ္မဏလူတန်းစားတွေရဲ့ ခွာရာချင်းတောင် လိုက်တိုင်းနေကြသေးတယ်။ ဒါကြောင့်မို့ ဂဏာလွှတ်တော်က ဒီအရေးအခင်းကို ဆိုင်းငံ့ထားခြင်းဖြစ်တယ်။ တရားလွှတ်ရုံးမှာ ဒီပြဿနာကို စီရင်ဆုံးဖြတ်ခြင်းဟာ လူနေမှုစနစ်တစ်ခုလုံးရဲ့ ပြဿနာကို စီရင်ဆုံးဖြတ်ခြင်းဖြစ်သွားလိမ့်မယ်..."

ဘိုးဘိုး၏အဖြေကို အားမရနိုင်သေးသည်ဖြစ်၍ ဒိဗျာက ထပ်၍မေးလိုက်ပြန်သည်။ "ဒါပေမဲ့ ဘိုးဘိုး၊ မဒ္ဒရဂဏာရဲ့ တရားလွှတ်ရုံးမှာရှိနေတဲ့ ခြသေ့်နဲ့ သမင် အတူတကွ ရေသောက်နိုင်တယ်ဆိုတဲ့ သဘောတရားဆိုတာကကော..."

ဖြူဝါ၍နေသော မုတ်ဆိတ်ကျင်စွယ်များဖြင့် ဖုံးအုပ်နေသည့် တရားအမတ်ကြီး၏မျက်နှာပေါ်၌ အပြုံးပေါ်လာလေ၏။ "ခြသေ့်နဲ့ သမင် အတူတကွ ရေသောက်တဲ့ဥပမာဟာ တရားဥပဒေကို လေးစားဖို့ရာအတွက်ကတော့ လိုအပ်ပါတယ်။ ဒါပေမဲ့ ခြသေ့်နဲ့သမင် အတူတကွရေသောက်ခြင်းဟာ နှစ်ဦးလုံးရဲ့မလွတ်လပ်မှု၊ အချုပ်အချယ်ရှိမှုနဲ့သာဖြစ်နိုင်တယ်။ လွတ်လပ်တဲ့လူ၊ အချုပ်အချယ်ကင်းတဲ့လူကတော့ သူတို့နှစ်ဦးကို အတင်း ရေအတူသောက်ခိုင်းတဲ့ ပုဂ္ဂိုလ်သာဖြစ်တယ်။ အဲဒီပုဂ္ဂိုလ်ရဲ့ အလိုဆန္ဒသာ တရားအဆုံးအဖြတ်ရဲ့ အခြေခံဖြစ်တယ်။ ဘာသာမရှိတဲ့ မာရိသဟာ ဗုဒ္ဓရဲ့ ဓာတ်နိပါတ်ဝတ္ထုများကို ရုပ်လုံးမဖော်တဲ့အတွက် ကတိဖောက်ဖျက်မှုနဲ့ တရားလွှတ်ရုံးရဲ့ တရားဆုံးဖြတ်ချက်အရ ငွေဒဏ်အတပ်ခံရတယ်။ တရားဥပဒေကို စောင့်ရှောက်ကာကွယ်ဖို့ရာအတွက်တော့ အဲဒီအချက်ဟာ လိုအပ်ပါတယ်။ ဒါပေမဲ့ မာရိသဟာ အပြစ်ဒဏ်ကို ကြောက်တဲ့အတွက်ကြောင့်သော်လည်းကောင်း၊ လာဘ်လာဘကို ငဲ့တဲ့အတွက်ကြောင့်သော်လည်းကောင်း၊ မိမိယုံကြည်ချက်နဲ့ ဆန့်ကျင်ပြီး လုပ်ကိုင်ဆောင်ရွက်လိုက်ရင် သင့်လျော်ပါမယ်တဲ့လား သမီး၊ တရားမှုနဲ့ပတ်သက်ပြီး အယူအဆအမျိုး

mgyoe.com

mgyoe.com


မျိုး၊ အမြင်အမျိုးမျိုးရှိနိုင်တယ်..."

တရားအမတ်ကြီးသည် ချစ်ခင်ယုယစွာဖြင့် ဒီဗျာ၏ဆံပင်များကို လက်ဖြင့်အသာပွတ်သပ်ပေးနေသည်။ သို့ရာတွင် ဒီဗျာအတွက်မှာမူ ဘဝင်မကျဖြစ်နေသဖြင့် ယုယမှုမှာ ထိုအခိုက်အတန့်၌ အဓိပ္ပာယ်ကင်းမဲ့နေရုံသာမက ဘဲ စိတ်နှလုံးနာကျင်အောင် ထိုးဆွပေးနေသကဲ့သို့ ဖြစ်နေလေ၏။

* * *

ဒီဗျာ မမွေးခင်အချိန်ကပင် ဒီဗျာ၏မိခင်သည် ကျန်းမာရေး ချို့တဲ့လာခဲ့လေသည်။ ဒီဗျာ မွေးဖွားလာသောအခါ ဖွားခါစကလေးကို နို့တိုက်ရန်အတွက် နို့အောင်အောင်မြင်မြင် ပြည့်ပြည့်ဝဝရှိသည့် ကလေးအမေ ကျွန်မတစ်ဦးကို အိမ်၌ခေါ်ထားလေ၏။ ထိုကျွန်မ၏အမည်ရင်း ပျောက်နေပြီးလျှင် ဖွားခါစကလေးကို နို့တိုက်ပြီးမွေးသော ထိုကျွန်မကို နို့ထိန်းဟု ခေါ်နေကြလေ၏။ ကျွန်မကလည်း ထိုအမည်နာမကို သခင့်သမီး၏ မိခင်ရာထူးကို ရရှိခြင်းပဲဟု အောက်မေ့လျက် ကျေကျေနပ်နပ်ပင် လက်ခံထားလေ၏။ ဒီဗျာ၏မိခင်သည် သူ့သမီး၏နို့ထိန်းဖြစ်သူ ကျွန်မ၏သမီးအား သူ့သမီး၏ အရိပ်(ဆာယာ)ဟု အမှတ်ထားလျက် 'ဆာယာ' ဟူ၍သာ ခေါ်လေ၏။ ထို့ကြောင့် နို့ထိန်း၏သမီးအမည်များလည်း 'ဆာယာ' ဟု တွင်နေလေသည်။

အသက်အရွယ် အိုမင်းလုပြီဖြစ်သည့် တရားအမတ်ကြီး၏ ကွယ်လွန်သူ သားကြီး၏ တစ်ဦးတည်းသောသား၏ တစ်ဦးတည်းသောသမီးဖြစ်ခြင်းကြောင့် ဒီဗျာသည် တစ်အိမ်ထောင်လုံး၏ ချစ်မငြီးသော သမီးဖြစ်နေလေ၏။ လူမမည်အရွယ်ကပင် မိဘနှစ်ပါးမှာ ရှေ့ဆင့်နောက်ဆင့်ဆိုသလို ကွယ်လွန်အနိစ္စရောက်သွားကြသဖြင့်လည်း တစ်အိမ်ထောင်လုံး၏အချစ်မှာ ဒီဗျာအပေါ်တွင် စုပုံနေလေသည်။ တရားအမတ်ကြီး၏ ဤမြစ်ဦးမှာ သူ၏သားဦးနှင့် မြေးဦး၏ကိုယ်စားဖြစ်နေရကား ထူးထူးခြားခြား ချစ်ခင်လေးစားမှုကို ခံနေရလေ၏။ ဒီဗျာသည် သူ၏အဘွား၊ သူ၏နို့ထိန်းနှင့် အတူတကွ တရားအမတ်ကြီး၏ စံအိမ်အတွင်းရှိ တရားအမတ်ကြီးကိုယ်တိုင်နေသည့် အဆောင်တွင် နေထိုင်လေသည်။ သို့ရာတွင် တခြားဦးကြီး ဦးလေးများ၏ အဆောင်များမှာလည်း ဒီဗျာအတွက် တံခါးမရှိ ဓားမရှိ ဖြစ်နေလေသည်။

mgyoe.com

mgyoe.com


သူသည် လိပ်ပြာ၏အသွင်ကဲ့သို့ ပန်းရုံ၊ ပန်းချုံတကာတွင် လှည့်လည်ပျံသန်း၍နေ၏။ သူ၏နို့ထိန်းနှင့် ဆာယာကလည်း သူ့နောက် တကောက်ကောက်လိုက်နေရသည်။ ဆယ်နှစ်သမီးအရွယ်အထိ ဆာယာသည် ဒိဗျာအတွက် ကစားဖော် ကစားဖက်သာလျှင် ဖြစ်ခဲ့သည်။ ဆယ်နှစ်အရွယ်ကကျော်လွန်လာပြီးသည့် နောက်တွင်ကား သူ့ကို တစ်ခါတစ်ရံတွင် ထိုခန်းမဆောင်တွင်လည်းကောင်း၊ တစ်ခါတစ်ရံတွင် တခြားခန်းဆောင်များတွင်လည်းကောင်း ဆေးပေးမီးယူ တောက်တိုမည်ရ စေခိုင်းကြလေ၏။

အာကာသကောင်းကင်ပြင်ရှိ လမင်းပြည့်ဝန်း ဝိုင်းစက်သွားလျှင် ပထဝီမြေပြင်ရှိ ရေပေါ်ကျရောက်နေသည့် လမင်း၏အရိပ်တွင်လည်း ပြည့်ဝန်း ဝိုင်းစက်လာလေသည်။ ထိုနည်းတူစွာ ဒိဗျာ ပျိုမျစ်ဖွံ့ထွားလာသည့်အခါ သူ၏အရိပ်ဖြစ်သော သက်တူရွယ်တူ ဆာယာသည်လည်း ပျိုမျစ်ဖွံ့ထွားလာ၏။ သို့ရာတွင် ကောင်းကင်ပေါ်မှ လမင်းမှာ တည်ငြိမ်ကျန်ရှိရသော ရွေ့လျားခြင်းဖြင့် မိမိခရီးကိုပြီးမြောက်အောင် ရွေ့လျားသွားလာလေသည်။ ရေပြင်ရှိ သူ၏အရိပ်ကမူ ဘာမဟုတ်သော အကြောင်းကလေးဖြင့်လည်း လှုပ်ရှားသွားတတ်၏။ ဆာယာသည် စံအိမ်အတွင်းဆောင်များ၌ပျိုရွယ်သည့် ယောကျ်ားများနှင့် သူတို့၏ဇနီးပျိုများအား နီးနီးကပ်ကပ်ပြုစုရသဖြင့် သူ၏ ကိုယ်ကာယဖွံ့ထွားပြည့်ဖြိုးလာမှုနှင့် ထိုကိုယ်ကာယ ဖွံ့ထွားပြည့်ဖြိုးလာမှု၏ အသုံးဝင်ပုံကို သိရှိနားလည်သွားပြီးလျှင် စိတ်နှလုံးလည်းဖောက်ပြားလာလေ၏။

တစ်နေ့သ၌ ဝိနယရှရမာ၏မိခင်က အချိန်မတော် သူ့သား၏အခန်းထဲ၌ ဆာယာကိုတွေ့ရသဖြင့် ဒေါသပုန်ထလျက် ဆာယာအား ဆေးပေးမီးယူ အသေးအဖွဲကိစ္စလေးများကို အလုပ်မခိုင်းတော့ဘဲ ရေပုံးဖြင့် ချိုးရေအပြည့်ခပ်ထည့်ရသည့် အလုပ်ကြမ်းကို လုပ်ဖို့ရန် တာဝန်ပေးလိုက်လေ၏။ ကုသိုလ်ကံက ဖေးမလိုက်လေသည်။ ကိုယ်ကာယပေါ်၌ ပျိုရွယ်မှုသည်မီးကုန်ယမ်းကုန် စည်ပင်ဖွံ့ထွားနေသည်။ မျက်နှာပေါ်၌ ယင်း၏အရောင်က တောက်ပနေ၏။ ကျွန်ထိန်းလုပ်သူ ဗာဟုလ၏ မေတ္တာစေတနာကြောင့်ဆာယာသည် ဧည့်ခန်းဆောင်၌ ဧည့်သည်များအား သေရည်တည်ခင်းဧည့်ခံရသည့် အလုပ်ကို လုပ်ရလေ၏။ အလုပ်အကျွေးများ၊ အဘိုးအို၊ အမယ်အို

mgyoe.com

mgyoe.com

များ၊ မနာလိုဝန်တိုရှိလှသည့် ကျွန်များဖြင့် ရှုပ်ယှက်ခတ်နေသည့် စံအိမ်အတွင်းဆောင်မှာ တာဝန်ထမ်းရခြင်းထက် ဧည့်ခန်းဆောင်၌ တာဝန်ထမ်းရခြင်းက ပိုမို၍ နှစ်သက်လိုလားဖွယ်ဖြစ်သည်။ ဧည့်ခန်းဆောင်၌ အာရုံတစ်မျိုးပြီးတစ်မျိုး ပြောင်းလဲနေ၏။ လွတ်လပ်မှုလည်းရှိသည်။ ကျွန်ထိန်းဗာဟုလသည် ဆာယာအား ကိုယ်ချင်းစာနာလေ၏။

ဖိမ်သမား ဝိနယရုရမာသည် မိခင်၏ဆန္ဒကို ဂရုမထားဘဲ ဆာယာကို တစ်ဖန် သူ၏အခန်းထဲ ခေါ်ထားပြန်၏။ ဝိနယရုရမာ ရေချိုးသည့်အခါ ကိုယ်ပေါ်တွင် ဆာယာက ဆီလိမ်းပေးရလေသည်။ တခြားအချိန်များ၌မူ စံအိမ်တွင်းရှိ သခင်မများအတွက် ပန်းကုံးသီကုံးပေးရလေသည်။ ဆာယာသည် တစ်ဖန် စံအိမ်အတွင်းဆောင်အခန်းထဲ၌ အကျဉ်းသား ပြန်ဖြစ်သွားရပြန်လေပြီ။ ဧည့်ခန်းဆောင်သို့ထွက်ရန် ဆန္ဒပြင်းထန်နေသော်လည်း စံအိမ်အတွင်းဆောင်တံခါးဝ၌ ရပ်စောင့်နေသော ဓားကိုင်ထားသည့် ယွန်းတံခါးစောင့်က အုတ်တံတိုင်းသဖွယ် ကာဆီးထားသဖြင့် ဆာယာသည် ခြေကုန်လက်ပန်းကျသွားလေ၏။ ကျွန်ထိန်း ဗာဟုလနှင့် ခွဲနေရသဖြင့် စိတ်နှလုံးထိခိုက်ပြီး ကိုယ်ခန္ဓာကို အတွင်းဆောင်၏ ကျယ်ပြန့်သော ကျောက်နံရံနှင့် ပြေးဆောင့်သေပစ်လိုက်ချင်သည့် စိတ်ပေါ်လာလေ၏။ ဆူးငြောင့်အပြည့်ရှိသည့် ချုံပုတ်ထဲ ကိုယ်ကို ပစ်လှဲပစ်လိုက်ချင်သည့် ဆန္ဒဖြစ်လာလေ၏။ လပေါင်းများစွာအထိ ဆာယာသည် စိတ်မလိုမကျဖြစ်နေရပြီးနောက် ကံကြမ္မာပဲထင်ပါရဲ့ဟု ကံကိုသာ ယိုးစွပ်နေရတော့၏။

* * *

ဘိုးဘိုး၏ထံမှောက်သို့ အသနားခံရန် ပိထုသေန ရောက်လာသည်ဆိုသည့်အကြောင်းကို ဒိဗျာ ကြားသိလေသည်။ ထိုခဏ၌ ဒိဗျာသည် ဣန္ဒြေသိက္ခာကိုငဲ့လျက် ဘိုးဘိုးနှင့် ပိထုသေနတို့၏အနီးသို့ သွားထိုင်ဖို့ရန် မဝံ့မရဲဖြစ်နေလေသည်။ သို့ရာတွင် စိတ်ထဲကမူ ဂနာမငြိမ်ဖြစ်နေ၏။ ဘိုးဘိုးသည် ပိထုသေနကို လျစ်လျူရှုမည်မဟုတ်ပေ။ သို့ဖြစ်လင့်ကစား ဒိဗျာသည် ပိထုသေနအား တစ်စုံတစ်ခုပြောကြားလိုစိတ် ပေါ်နေသည်။ ဘယ်လိုတစ်စုံတစ်ခုနည်း။ အားပေးစကားလိုလို၊ ကိုယ်ချင်းစာနာကြောင်း စကား

mgyoe.com

mgyoe.com


လိုလို သူကိုယ်တိုင်ပင် ဘယ်လိုတစ်စုံတစ်ခုဟု ဝေခွဲမရနိုင်ဖြစ်နေ၏။ ပိထုသေနသည် လေလွင့်နေသည့် ခရီးသည်တစ်ဦးကဲ့သို့ တည်းခိုနားနေစရာ ရှာမှီးရင်း စိတ်ပင်ပန်းနွမ်းနယ်နေပုံရသည်။ ဒိဗျာကိုယ်တိုင်လည်း တစ်ခါတစ်ရံတွင် ထိုကဲ့သို့ပင် စိတ်ပင်ပန်းနွမ်းနယ်နေသည်။ ထိုအခါ၌ စံအိမ်တစ်ခုလုံးကိုလည်း ပျင်းရိငြီးငွေ့ဖွယ်ဟု ထင်မှတ်နေလေ၏။ ဘိုးဘွားများ၊ ဦးကြီး၊ ဦးလေးများ၊ ညီအစ်ကိုမောင်နှမများ၏ ချစ်ခင်ယုယမှုမှာ ထိုအချိန်တွင် ဝန်ထုပ်ဝန်ပိုးကြီးသဖွယ်ဖြစ်နေလေသည်။

ဂဏာလွှတ်တော်နှင့် တရားလွှတ်ရုံးနှစ်ခုလုံး၌ ပိထုသေန၏ ပြဿနာကိုစဉ်းစားဆုံးဖြတ်ရန် ဆိုင်းငံ့ထားလေ၏။ ဘိုးဘိုးတရားအမတ်ကြီး၏ စံအိမ်၌လည်းကောင်း၊ အခြားအသိအကျွမ်းအိမ်များ၌လည်းကောင်း၊ မလ္လိကာနှင့် ဝသုမိတ္တာတို့၏အိမ်ရှိ ပွဲသဘင်များ၌လည်းကောင်း၊ ဈေးရုံဈေးဆိုင်များ၌လည်းကောင်း၊ နေရာတကာတွင် ပိထုသေန၏အမည်နာမကိုလည်းကောင်း၊ နက္ခတ်ပွဲသဘင်အခမ်းအနားအကြောင်းကိုလည်းကောင်း၊ ပိထုသေန၏ အယူခံချက်နှင့်စပ်လျဉ်း၍ လွှတ်တော်တွင် ဝါဒကွဲပြားနေပုံကိုလည်းကောင်း စကားစပ်၍ ပြောဆိုနေကြသည်ကို ဒိဗျာသည် ကြားသိနေရ၏။ သူ၏နှလုံးထဲ၌ ဆူးငြောင့်တစ်ခု စူးဝင်နေသကဲ့သို့ပင်ဖြစ်နေသည်။

စိတ်နှလုံးအတွင်း၌ တအုံ့နွေးနွေးဖြစ်နေသဖြင့် ဒိဗျာသည် ရွှင်ရွှင်ပျပျမရှိပေ။ ဘယ်နေရာကိုသွားသွား ကျေနပ်အားရမှုမဖြစ်။ သူ၏အဘွားသည် ဘဝခရီးကို အဆုံးသတ်ပြီးနောက် ပရလောကဘက်သို့ ခြေတစ်ဖက်လှမ်းနေပြီ။ အဘွားသည် 'ဗြဟ္မလောက' ကပဲ အမွန်မြတ်ဆုံးဖြစ်သလော၊ သို့တည်းမဟုတ် 'နိဗ္ဗာန်' ကပဲ အမွန်မြတ်ဆုံးဖြစ်သလောဟူ၍ မဝေခွဲ မပိုင်းခြားနိုင်ဘဲရှိသဖြင့် ဘဝခရီး အပြီးသတ်ချိန်၌ နှစ်မျိုးလုံးကို ရရှိဖို့ရန်အတွက် ပုရောဟိတ်နှင့် ရဟန်းတို့၏အကူအညီဖြင့် မနေမနား ကြိုးစားအားထုတ်နေ၏။ ပြန့်ကျယ်ကြီးမားလှသော အိမ်ထောင်မှုတာဝန်ကြီးကို တစ်စတစ်စနှင့် ကျော်ခိုင်းနေလေပြီ။

ကျွန်မ နို့ထိန်းသည်သည် ဒိဗျာ မရွှင်မပျဖြစ်နေပုံကို ဘွားဘွားဖြစ်သူ မဟာဒေဝီအား အသိပေးလေ၏။ မဟာဒေဝီသည် ဘိုးဘိုးတရားအမတ်ကြီးနှင့် အခြားဦးကြီး ဦးလေးများက ဒိဗျာ၏ သီးချိန်တန်သီး ပွင့်ချိန်တန်

mgyoe.com

mgyee.com
ပွင့်အရွယ်ကို လုံးလုံးလျားလျား လျစ်လျူရှုထားကြသဖြင့် မကျေမနပ်ဖြစ်ပြီးလျှင် ဒီဇျာအား စိတ်ပြေလက်ပျောက် ရှိစေတော့ဟူသော သဘောနှင့် ဗာဟီရကိစ္စများကို လုပ်ကိုင်ဆောင်ရွက်နေရန် ညွှန်ကြားပြောဆိုလေ၏။ မီးဖိုဆောင်တွင် အထူးတလည် ချက်ပြုတ်ရမည့် ချက်ရေး ပြုတ်ရေးတို့ကို စီမံခန့်ခွဲနေရန်၊ ဧည့်ကောင်း စောင်ကောင်းများအတွက် ပန်းကုံးများကို သီကုံးနေရန်၊ ပန်းချီဆေးရေးကားများကို ရေးဆွဲနေရန်၊ သူ့မြေး ဒီဇျာအား မဟာဒေဝီက ညွှန်ကြားပြောပြလေ့ရှိပေသည်။ ဆာယာကိုလည်း အဖော်အဖြစ် ဒီဇျာနှင့်အတူ ထားလေ၏။

ဒီဇျာနှင့် ဆာယာတို့သည် စံအိမ်အတွင်းဆောင် ပန်းဥယျာဉ်ထဲရှိ ပန်းရုံတစ်ခု၏အနီး၌ထိုင်ပြီး ပန်းကုံးသီကုံးနေကြ၏။ သူတို့၏ရှေ့မှောက်၌ ပန်းအမျိုးမျိုးကို စုပုံချထားလေသည်။ ဆာယာ၏လက်ချောင်းများသည် သွက်လက်စွာ လှုပ်ရှားနေကြ၏။ သူ၏မျက်စိသည် သူ၏လက်ချောင်းများဆီသို့ ရောက်သွားလိုက်၊ ဒီဇျာ၏ ငုံ့နေသော မျက်နှာဆီသို့ ရောက်သွားလိုက်နှင့် အလုပ်များနေသည်။ ထိုင်ခုံပေါ်၌ ထိုင်နေသည့် ဒီဇျာ၏ လက်ချောင်းကလေးများသည် ညောင်းလာကြလေပြီ။ မျက်နှာကလည်း အဆက်မပြတ် အောက်ဘက်ငုံ့နေရ၏။ လက်ထဲက တစ်ဝက်တစ်ပျက်သာ ပြီးသေးသော ပန်းကုံးကို ဆာယာဆီသို့ ပစ်ပေးလိုက်ပြီး ဒီဇျာသည် "ဒီအလုပ်လုပ်ရတာ စိတ်မပါတော့ဘူး" ဟု ညည်းညူလျက် ကိုယ်ရုံအဝတ်ဖြင့် မျက်နှာကို ဖုံးအုပ်လိုက်လေ၏။

ဒီဇျာ၏မျက်နှာကို အတန်ကြာမျှ စိုက်ကြည့်လျက် တစ်စုံတစ်ရာ တွေးတောစဉ်းစားပြီးလျှင် ဆာယာက ပြောလိုက်လေသည်။

"သခင်မ၊ မဟာဒေဝီက အမေ့ကို ပြောနေတယ်။ ဘိုးဘိုးနဲ့ ဦးကြီးတို့ဟာ သမီးရဲ့အရွယ်ကို ဘာဖြစ်လို့ ဂရုမပြုကြတယ်မသိဘူးတဲ့။ သမီးဟာ ပျိုရွယ်မှုရဲ့ တက်ကြွလှုပ်ရှားမှုကြောင့်သာ တမှိုင်မှိုင် တတွေတွေဖြစ်နေတာတဲ့။ ရာသီရောက်လာတဲ့အခါ ကျေးငှက်တိရစ္ဆာန်များလို..."

ထောင်းခနဲ ဒေါသထွက်သွားလျက် မျက်နှာမှာ ကိုယ်ရုံအဝတ်ကို ဖယ်လိုက်ပြီးလျှင် ဒီဇျာသည် ဒေါသသံဖြင့် ငေါက်လိုက်လေသည်။ "ဟဲ့ အရှက်မရှိတဲ့ကောင်မ၊ သွားသေလိုက်စမ်း။ ညည်းမှာ ကိုယ်ကျင့်တရားဆို
mgyee.com

mgyoe.com


တာ စိုးစဉ်းမှမရှိဘူး။ .... အဲဒီလို အကျင့်ယုတ်လို့ ညည်းကို အဒေါ် အမိတာက သူ့အခန်းထဲက နှင်ထုတ်ပစ်တာ သိလား..."

"မဟုတ်ဘူး သခင်မ" မျက်နှာပြောင်စပ်စပ်ဖြင့် ဒိဗျာကို ကြည့်ပြီးလျှင် လက်ကလည်း ပန်းအသီမပျက်ဘဲ ဆာယာက ဆက်ပြောလေ၏။ "သခင်မ အမိတာက အကျွန့်ကို ဘာအပြစ်နဲ့ အခန်းထဲက နှင်ထုတ်ပစ်တယ် ဆိုတာ သခင်မ မသိဘူးမဟုတ်လား" ဒိဗျာ၏စကားပြန်ကိုမစောင့်ဘဲ ဆက်ပြောနေသည်။ "အဲဒီညနေချမ်းတုန်းက သခင် ဝိနယရှရမှာ သူ့အခန်းထဲမှာပဲရှိနေတယ်။ သခင်က အကျွန့်ကို သေရည်ခွက်အယူခိုင်းတယ်။ သေရည်ခွက်သွားပေးတော့ သခင်က အကျွန့်ကို ဆွဲလားလွဲလားလုပ်တယ်။ အကျွန်က ရှက်သလို ရွံ့သလိုဖြစ်နေတော့ သခင်က အကျွန့်ကို စိတ်ဆိုးသွားပြီး ပြောတယ်။ "နင် မူရာမာယာသိပ်များတယ်။ ကျွန်တစ်ယောက်က အမျိုးကောင်းသမီး မိန်းမပျိုများလို ရှက်သလို ရွံ့သလိုလုပ်တယ်။ တကယ် ဣန္ဒြေရှင်ယောင် ဆောင်တယ်" တဲ့။

"တော်တော့" စိတ်မရှည်နိုင်တော့သဖြင့် ဒိဗျာသည် မျက်နှာ လွှဲနေလိုက်လေ၏။ သို့ရာတွင် ဆာယာသည် သက်တူရွယ်တူဖြစ်သည်က တစ်ကြောင်း၊ ငယ်ရွယ်စဉ်က ကစားဖော် ကစားဖက် ဖြစ်လာခဲ့သည်တစ်ကြောင်းကြောင့် ဒိဗျာ စိတ်ဆိုးနေသည်ကို အမှုမထားဘဲ ဆက်လက်ပြောနေပြန်၏။ "ညနေ အာကျာရယ ပဝဒ္ဓနရဲ့သား ရုဒ္ဒရဓိရလာတဲ့အခါ သမီးကို ဧည့်ခံခိုင်းလို့ မဟာဒေဝီက အမေ့ကို ပြောနေတယ်။ ရုဒ္ဒရဓိရဟာ သခင်မလေးကို စုံမက်မြတ်နိုးနေတယ်လို့ သခင်မ အမိတာက မဟာဒေဝီကို ပြောပြထားတယ်"

မျက်မှောင်ကြုတ်ပြီးလျှင် ဒိဗျာသည် တစ်ချက်ငေါက်လိုက်ပြန်သည်။

"ဟဲ့ မိလျှာရှည်၊ ပါးစပ်ပိတ်ထားစမ်း" ယင်းသို့ ပြောပြီးလျှင် ထိုင်ခုံမှထလျက် မိမိ၏အခန်းဘက်သို့ ထွက်သွားလေ၏။ ဆာယာ၏အထံမှ မိမိအကြောင်း ကလေးကလား စကားကြားရသဖြင့် ရှက်သွားပြီးလျှင် ဒိဗျာသည် သလွန်ပေါ်တွင် လှဲနေလိုက်လေ၏။ ရှက်ရှက်နှင့် စောင်ကို ဆွဲခြုံလိုက်လေသည်။ စောင်ခေါင်းမြီးခြုံ၍ မျက်စိကို စုံမှိတ်ထားသော်လည်း ဆာယာပြောသည့်စကားများသည် နားထဲတွင် ပဲ့တင်ညံနေကြသည်။

mgyoe.com

mgyoe.com


"ရုဒ္ဒရဓိရလာတဲ့အခါ သမီးကို ညှော်ခံခိုင်းလို့ မဟာဒေဝီက အမေ့ကို ပြောနေတယ်"

ဒီဗျာသည် ဗြာဟ္မဏမျိုးနွယ်လုလင်များနှင့် ယွန်းပဒေသရာဇ်နွယ် လုလင်များကို အမြဲတစေပင် ညှော်ခံလာခဲ့သည်။ ရုဒ္ဒရဓိရကိုလည်း အကြိမ် များစွာ လောကွတ်ပျူငှာနှင့် ညှော်ခံခဲ့ဖူးလေပြီ။ ယခု ညှော်ခံရမည်ဟူသော ညွှန်ကြားချက်၏ အနက်အဓိပ္ပာယ်ကို သိရသောအခါတွင်မူ သူ၏စိတ်သည် အင်တင်တင်ဖြစ်သွားလေ၏။ ရွှေချည်ထိုး အနီရောင်ပိုးပဝါဖြင့် ဆံထုံးကို စည်းနှောင်ထားသော နဖူးပြင်၌ စန္ဒကူးအဖြူစက်တို့ထားသော ရုဒ္ဒရဓိရ၏ ပုံသဏ္ဌာန်သည် စိတ်ထဲတွင် ပေါ်လာလေ၏။ ယင်းပုံသဏ္ဌာန်၏ ကိုယ်ရုံ အပေါ်လွှမ်း အဝတ်၏အတွင်းဘက်၌ ယဇ်ချည်ကြိုးသည် တွဲလွဲဆွဲနေ သည်။ သို့ရာတွင် လက်ထဲ၌မူ ဓားကို ကိုင်ထား၏။ ဓားဝင့်လျက် သူသည် ပိထုသေနအား ဒီဗျာ၏ဝေါကို မထမ်းပိုးစေရန် ဟန့်တားပိတ်ပင်နေလေ၏။ ဒီဗျာ၏ စိတ်နှလုံးထဲ၌ ရုဒ္ဒရဓိရအား ရွံ့သလိုလို စိတ်ကုန်သလိုလိုသာ ဖြစ်နေမိသည်။

မျက်နှာပေါ်မှ စောင်ကို ဖယ်ရှားလိုက်ပြီးနောက် ဒီဗျာသည် ထထိုင် လိုက်သည်။ "ဆာယာ..." ဆာယာကို လှမ်းခေါ်လိုက်သည်။ "ဘယ်အချိန် ရှိပြီလဲ ဆာယာ..."

ဆာယာသည် ဒီဗျာထိုင်သောခုံကိုမှီလျက် ပန်းကို သီကုံးနေရင်း အတွေးနယ်ကျွံနေသောကြောင့် သခင်မဆီသွားပြီး စိတ်ပြေရာပြေကြောင်း ပြောဆိုပြုလုပ်ရမည့် တာဝန်ဝတ္တရားကို မေ့နေလေသည်။ ရုတ်တရက် ခေါ် သံကြားလိုက်မှ သတိရလာပြီးလျှင် တံခါးဘက်မှ နေရောင်ဘက် လှမ်းကြည့် လျက် ပြန်ပြောလိုက်လေ၏။ "ရှင်... သခင်မ ညနေဆည်းဆာချိန်တောင် ရောက်တော့မယ်။ ညနေဆည်းဆာချိန် ဖြီးလိမ်းဝတ်စားဆင်ယင်မှု ပြုလုပ် ပေးရတော့မယ်လား သခင်မ..."

"ဟင့်အင်း... အင်း..." မေးဖျားကို လက်ချောင်းကလေးများဖြင့် ကိုင် လျက် မျက်လုံးမပွင့်တပွင့်ဖြင့် စဉ်းစားရင်း အဖြေပြန်ပေးလိုက်လေ၏။

မျက်နှာကို အချိုဆုံးထားပြီးလျှင် အရိုကျိုးဆုံးသော အမူအရာဖြင့် ဆာယာက ပြောလိုက်ပြန်၏။ "သခင်မ... ကွမ်းလင်ပန်းကိုကိုင်ပြီး သခင်မ

mgyoe.com

mgyoe.com

နဲ့အတူ ဧည့်ခန်းဆောင်ထဲ လိုက်ခဲ့ရမယ်လား"

ကွမ်းလင်ပန်းနှင့် ဧည့်ခံရမည်ကို သတိရသွားပြန်သဖြင့် ဒိဗျာသည် စိတ်ညစ်သွားပြီးလျှင် သက်ပြင်းတစ်ချက် ရှူလျက် ပြန်ပြောလိုက်လေ၏။ "ဟဲ့... မိလျှာရှည်၊ ညည်း တော်တော်လျှာရှည်တယ်။ အရှက်တစ်စက်မှ မရှိဘူး" သလွန်ပေါ်မှဆင်းပြီးလျှင် ဆာယာအား အမိန့်ပေးလိုက်လေသည်။ "သွား... ရထားထိန်းကို ရထားပြင်ထားလိုက်လို့ တစ်ယောက်ကို သွားအပြောခိုင်းလိုက်စမ်း"

ဒိဗျာသည် ရထားအသင့်ဖြစ်နေပါပြီဟူသော အကြောင်းပြန်ကို မစောင့်တော့ဘဲ အတွင်းဆောင်ထဲမှ ဧည့်ခန်းဆောင်ကိုဖြတ်လျက် စံအိမ်၏ ဝင်းတံခါးရှိရာသို့ သွားလေ၏။ ခြံထည်နှင့် ပန်းကုံးများကိုယူ၍ မိမိနောက်က လိုက်လာသော ဆာယာအား ပြောလိုက်ပြန်သည်။ "ငါ မလ္လိကာအိမ်ကို သွားမလို့လို့ ဘွားဘွားကို သွားပြောလိုက်စမ်း"

ဒိဗျာသည် ဥယျာဉ်အတွင်းရှိ လမ်းမမှ ဝင်းတံခါးဝဆီသို့ သွားနေလေ၏။ လမ်းတွင်ရပ်နေသော အလွန်တရာအိုမင်းလှပြီဖြစ်သည့် ကျွန်ကြီးတာရကအား မျက်စိမှုန်တိမှုန်မွှားဖြင့် မိမိအား စိုက်ကြည့်နေသည်ကို တွေ့ရသည်ဖြစ်၍ ဒိဗျာက ပြုံးပြီးမေးလိုက်သည်။ "ဦးရီး တာရက နေကောင်းရဲ့လား"

ဒိဗျာကို မှတ်မိသွားသည်ဖြစ်၍ တာရကသည် ချစ်ခြင်း၊ လေးစားခြင်းအပြည့်ဖြင့် သွားများကျိုးနေပြီဖြစ်၍ မပီမသဖြစ်နေသော အသံဖြင့် ဆုမွန်တောင်းလိုက်လေသည်။ "သခင်မလေး အသက်တစ်ရာ အနာကင်းပါစေ၊ သခင်မလေးကို မတွေ့ရတာကြာပြီ။ အခု ဘယ်ကိုသွားမလို့လဲ သခင်မလေး"

"ဒေဝိမလ္လိကာဆီကို သွားမလို့ ဦးရီးတာရက... " ဒိဗျာက ပြန်ပြောလိုက်လေသည်။ အသက်အရွယ်ကြောင့် အားနည်းနေပြီဖြစ်သည့် မိမိ၏ မျက်လုံးများကို ဒိဗျာ၏ မျက်နှာအနီးသို့ ကပ်လိုက်လျက် တာရကက မေးလိုက်သည်။ "အဆိုအကတို့၊ ပျော်ပွဲရွှင်ပွဲတို့နဲ့ ဝေးနေတာကြာလို့ ထင်တယ်။ သခင်မလေးကြည့်ရတာ နည်းနည်းညှိုးနေသလိုလိုပဲ"

အကြောင်းပြန်ကြား ပြောဆိုချက်ကို မရရှိသဖြင့် ဒိဗျာသည် ဧည့်ခန်း

mgyoe.com

mgyoe.com

ဆောင်ဘက်သို့ လှည့်ကြည့်ရင်း မေးလိုက်သည်။ "ဦးရီး၊ ဆာယာ ဘာဖြစ်လို့ ဒါလောက်ကြာနေရတာလဲ"

"ရထားအဆင်သင့်ဖြစ်နေပါပြီ သခင်မ"

ဒီဗျာသည် နောက်ဘက်လှည့်မကြည့်ဘဲ ဝင်းတံခါးရှိရာသို့ သွားလေ၏။ ဆာယာသည် အပြေးကလေးလိုက်သွားပြီးလျှင် ဒီဗျာ ရထားပေါ်ရှောရှောရှူရှူတက်နိုင်ရန် ဒီဗျာ၏ ပွဲ့လွင့်နေသော ကိုယ်ရုံအပေါ်လွှမ်းနှင့် အောက်ခံအင်္ကျီများ သိမ်းပေးလိုက်လေ၏။

လမ်းကလည်း ညီညီညာညာမရှိ။ မြင်းကလည်း အပြေးနှင်နေသည်။ သို့ဖြစ်၍ ရထားသည် ဒလိမ့်းထိုးနေ၏။ ဒီဗျာ၏ မျက်လုံးများသည် ဟိုဟိုသည်သည် ရောက်သွားလိုက်၊ ရထားအောက်ဘက်ပိုင်းတွင် ထိုင်နေသည့်ဆာယာဆီ ရောက်သွားလိုက်နှင့် ဂနာမငြိမ်ဖြစ်နေမှုကို ဖျက်ဆီးပစ်လိုသဖြင့် စကားစလိုက်သည်။ "ဒေဝီမလ္လိကာဆီ သခင်မရောက်တာ အတော်ကြာသွားပြီနော်။ ဒေဝီမလ္လိကာကတော့ သိပ်ဝမ်းသာမှာပဲ"

အတွေးနယ်ကျွံနေသော ဒီဗျာသည် ဆာယာ၏စကားကိုလည်း မိမိအတွေးနှင့် အဆက်အစပ်မကင်းဟု နားလည်သွားသည်ဖြစ်၍ မိမိကိုယ်ကိုပြောသလို ပြောလိုက်လေ၏။ "အင်း ဟုတ်တယ်။ ဒါပေမဲ့ သူ လာမှ လာပါ့မလားမသိဘူး..."

"ဘယ်သူလဲ သခင်မ..." ဆာယာ စိတ်ဝင်စားသွားပြီးလျှင် လျှို့ဝှက်ဖုံးအုပ်သည့်အသံဖြင့် မေးလိုက်လေ၏။

ဆာယာ စိတ်ဝင်စားပုံ တွေ့ရသည်ဖြစ်၍ အားတက်လာပြီးလျှင် ဒီဗျာက ပြန်ပြောသည်။ "ပီထုသေနပေါ့" ရထား၏နောက်ပိုင်းတွင် လိုက်ပါလာသည့် ကျွန်အား တစ်ချက်လှမ်းကြည့်လိုက်သည်။ အသံခပ်အုပ်အုပ်ဖြင့် စကားကို ဆက်ပြော၏။ "ပီထုသေနဟာ ဘိုးဘိုးရဲ့ တရားလွှတ်ရုံးမှာ ငါ့ဆီကတစ်ဆင့် အယူခံလွှာ တင်ထားတယ်။ အဲဒီကိစ္စနဲ့..." ဒီဗျာသည် တစ်ဖန် အတွေးနယ်ကျွံသွားပြန်လေသည်။

* * *

mgyoe.com

mgyoe.com

မလ္လိကာသည် ညနေဆည်းဆာသဘင်အတွက် ဖြီးလိမ်းဝတ်စားနေလေ၏။ ကျွန်မတစ်ယောက်က ဝင်းတံခါးဝမှာ တရားအမတ်ကြီး၏မြစ် ဒိဗျာ၏ ယာဉ်ရထား ရောက်ရှိနေကြောင်း လာရောက်အကြောင်းကြားလေ၏။ မလ္လိကာသည် ဖြီးလိမ်းဝတ်စားနေသည်များကို အားလုံးပစ်ထားခဲ့ပြီးလျှင် ကပျာကယာ ခြေနင်းကိုမျှ မစွပ်အားဘဲ ရင်သွေးနွားပေါက်ကလေးအတွက် ဣန္ဒြေမရဖြစ်နေသော နွားမကြီးကဲ့သို့ ဝင်းတံခါးဆီသို့ အပြေးထွက်သွားလေ၏။ လမ်းတစ်ဝက်၌ပင် ဒိဗျာကို တွေ့ရသည်ဖြစ်၍ ဒိဗျာအား အတင်းဖက်၍ ဦးခေါင်းကို နမ်းရှုပ်ပြီးလျှင် ဒိဗျာ၏မေးစေ့ကလေးကို ကိုင်လျက်ပြောလေ၏။ "သမီး၊ သမီး မေမေ့ကို မေ့နေပြီလား။ ရစိရာက မေမေ့ကို ပစ်သွားတယ်။ သမီးကလည်း မေမေ့ကို မေ့နေပြီလားကွယ်" စို့လာသော မျက်ရည်ကို လက်ဖြင့်တို့လျက် ဒိဗျာ၏မျက်နှာကို စိုက်ကြည့်ပြီးလျှင် မေးလိုက်ပြန်သည်။ "သမီးကြည့်ရတာ မတုန်မလှုပ်နဲ့၊ နေကောင်းရဲ့လား သမီး။ စိတ်ညစ်စရာများ ရှိနေလို့လားသမီး။ နက္ခတ်ပွဲသဘင်ပြီးတာ နှစ်လတောင် ရှိသွားပြီ။ မေမေ့ဆီ သမီး ဘာဖြစ်လို့ ခြေဦးလှည့်မလာသလဲ"

အသက်တစ်အောင့် အချိန်အတွင်းပင် မလ္လိကာသည် ပြောချင်သည့် အရာဟူသမျှကို အကုန်ပြောချပစ်လိုက်လေသည်။ မလ္လိကာ၏ ချစ်ခင်မြတ်နိုးခြင်းကို အပြည့်အဝ ခံယူရရှိနေခိုက်ဖြစ်၍ ဒိဗျာသည် စကားပြန်မပြောနိုင်အောင် ဖြစ်နေလေ၏။ မိမိဦးခေါင်းကို မလ္လိကာ၏ တလှုပ်လှုပ်ဖြစ်နေသော နှလုံးသားအပေါ်တွင် ဖိထားလိုက်လေသည်။ သူ၏မျက်လုံးမှာမူ မိခင်၏ ချစ်ခြင်းမေတ္တာမျိုးကို ခံယူရရှိသည်ဖြစ်၍ ကျေနပ်အားရပြီး မှိတ်နေလေ၏။ သို့ရာတွင် ဖွင့်လိုက်သည်နှင့်တစ်ပြိုင်နက် သူ၏မျက်လုံးသည် ဆားပတ်ဝန်းကျင်သို့ ရောက်သွားသည်။ "သူ မလာသေးဘူးထင်တယ်။ အချိန်မကျသေးလို့လား"

ဒိဗျာကိုဖက်လျက် အခန်းဘက်သို့လာနေသော မလ္လိကာသည် စကားကို ဆက်နေပြန်၏။ "ဒိဗျာ သမီးပဲ မေမေ့မျှော်လင့်အားထားရာဖြစ်တယ်။ သမီးပဲ မေမေ့နှလုံးရဲ့ ရင်သွေးဖြစ်တယ်။ ကံကြမ္မာဟာ မေမေ့သမီး ရစိရာကို လုသွားတယ်။ သမီးကိုတွေ့ရတာ မေမေ ရစိရာကို မေ့သလိုလိုရှိသွားတယ်။ အခု သမီးက ရက်စက်ချင်ပြန်ပြီလား။ သမီး မေမေ့ကို မသနား

mgyoe.com

mgyoe.com


တောင် သူရဿတီနတ်ဒေဝီရဲ့ အမျက်ကိုတော့ မလန့်ဘဲမနေနဲ့နော်။ ဘယ်နှဘဝက ဆည်းပူးလာတဲ့ ပါရမီကြောင့် သူရဿတီဒေဝီက သမီးကို အခုလို ထူးခြားလှတဲ့ ဆုထူးပါရမီထူးကို ပေးတယ်မှတ်သလဲ။ သူရဿတီဒေဝီဆီက ရရှိတဲ့ ဆုထူးပါရမီထူးကို မလေးမစားလုပ်ရင် သူရဿတီဒေဝီရဲ့ အငြိုးကို ခံရလိမ့်မယ်။ ဒေဝီက သမီးကို သူ့အစိတ်အပိုင်းကို ပေးအပ်ထားတာ ဖြစ်တယ်"

မလ္လိကာသည် စိတ်နှလုံး အထူးတက်ကြွစွာဖြင့် ဝတ်စားတန်ဆာများကို ဖြီးလိမ်းဝတ်စားနေလေ၏။ စိတ်နှလုံး အထူးတက်ကြွစွာဖြင့် ဧည့်သည်များအတွက် ကပိရှာသေရည် တည်ခင်းဧည့်ခံရန် အမိန့်ပေးနေလေ၏။ အဘိုးအို ဂီတဆရာကြီးအား ဒိဗျာ ရောက်လာပြီဆိုသည့်အကြောင်းကို အသိပေးလျက် အထူးဝါယမစိုက်၍ တီးမှုတ်ရန် အမိန့်ပေးလိုက်လေ၏။ ဧည့်သည်များ ခင်းကျင်းထားသည့်နေရာများတွင် မီးအုံးများကိုမှီ၍ ထိုင်ပြီးကြသည့်အခါ၌ မလ္လိကာသည် ဒိဗျာကိုခေါ်၍ ဆည်းဆာသဘင်ထဲသို့ ဝင်ရောက်လာလေသည်။ ဂီတဆရာများအား 'ဂန္ဓာရီ' သံတီးရန် အရိပ်အမြွက်ပြပြီးနောက် သူကိုယ်တိုင် သီချင်းလိုက်ဆိုနေလေ၏။ အတီးတစ်ခန်းရပ်သွားပြီးနောက် ကကြိုးတစ်ခုကို တီးမှုတ်ရန် အမိန့်ပေးလိုက်လေ၏။ ဒိဗျာအား အကူအညီပေးရန် တိုက်တွန်းပြီးလျှင် မလ္လိကာသည် ကိုယ်တိုင် စတင်ကပြအသုံးတော်ခံလေသည်။

ဒေဝီမလ္လိကာ၏ တိုက်တွန်းတောင်းပန်ချက်ကို ဒိဗျာ အနေဖြင့် ငြင်းဆန်ဖို့ရန်မှာ မဖြစ်နိုင်ပေ။ သို့ရာတွင် ဒိဗျာသည် အကထဲတွင် စိတ်မဝင်စား။ သူ၏မျက်စိသည် ဝေခွဲမရသည့်အသွင်ဖြင့် လမ်းနှင့် တံခါးဝဆီသို့သာ ရောက်နေ၏။ ကြွရောက်လာကြသည့် ပရိသတ်များက သာဂလ၏ အတော်ဆုံး အနုပညာရှင် 'သူရဿတီသမီးတော်' လုံမပျိုအား ကောင်းချီးသြဘာပေးကြလေ၏။ မလ္လိကာကမူ ခပ်မဆိတ်နေသည်။ အကပြီးဆုံးသွားသည့်အခါ ဒိဗျာအား တိုးတိုးပြောလိုက်လေ၏။ "သမီး အလေ့အကျင့်မလုပ်ခြင်းဟာ အတတ်ပညာရဲ့ ရန်သူဖြစ်တယ်။ သမီး ဘာဖြစ်နေသလဲ၊ စိတ်မပါဘူးလား"

မလ္လိကာ၏ ရှေ့မှောက်တွင် မိမိအပြစ်ကို ဝန်ခံလျက် ဒိဗျာသည်

mgyoe.com

mgyoe.com

တိုးလျှိုးတောင်းပန်လိုက်လေသည်။ "မေမေ မလ္လိကာ၊ သမီး နေလို့ သိပ်မကောင်းပါ။ အခုလာတာ ကရအောင် လာတာမဟုတ်ပါ။ အကကို ကြည့်ရှုကြည့်ရအောင်သာ လာတာပါ"

မလ္လိကာသည် တပည့် လုံမပျို၏ ကျောကုန်းပေါ်၌ ချစ်ခင်ယုယစွာဖြင့် လက်ကိုတင်ထားလေ၏။ ဒိဗျာ၏ မျက်လုံးသည် မကြာခဏ ဝင်းတံခါးနှင့် လမ်းမဆီသို့ ရောက်ရောက်သွားလေသည်။

ညနေဆည်းဆာသဘင် ရုပ်သိမ်းတော့မည်။ ဝင်းတံခါးဝမှ ပိထုသေန လာသည်ကို မြင်ရလေ၏။ ဒိဗျာ အလုံးကျသွားလေသည်။ သို့ရာတွင် ပိထုသေန ရှိရာသို့ ထပ်မကြည့်ရဲတော့ပေ။ မကြည့်ရဲသော်လည်း ဧည့်သည်များအတွက် ခင်းထားသော ဖုံများ၏နောက်ဘက်သို့သွား၍ ပိထုသေန ထိုင်နေသည်ကိုမူ သိရှိလေသည်။ ပိထုသေနသည် မျက်နှာမကောင်းလှပေ။ ပူပန်သောက ဖြစ်နေပုံရသည်။ ဒိဗျာကမူ စိတ်နှလုံးထဲ၌ မတရားမှုတည်းဟူသော ဝေဒနာကို ခံစားနေရ၏။

မလ္လိကာက အမိန့်ပေးလိုက်သည်ဖြစ်၍ ကျွန်မများသည် ဧည့်သည်များ၏ ရှေ့မှောက်၌ သေရည်ခွက်နှင့် ကွမ်းကို ချပေးကြလေ၏။ စကားပြောသံ၊ ရယ်သံ မောသံတို့ဖြင့် ခန်းမကြီးမှာ ပွဲတင်ညံနေသည်။ ဒိဗျာသည် ယင်းပျော်ပွဲရွှင်ပွဲ၌ နီးနှောပေါင်းဆုံမိခြင်းမရှိသဖြင့် အနေရ အထိုင်ရ ကျပ်သလိုလို ဖြစ်နေလေ၏။ တစ်နေရာ၌ ပိထုသေနအား စိတ်ပျက်အားလျော့စွာဖြင့် ငုတ်တုတ်ထိုင်နေသည်ကိုလည်း တွေ့ရသည်။ မလ္လိကာ ပြုံး၍ နှုတ်ဆက်သည်ကို မပြုံးချင် ပြုံးချင်ဖြင့် ပြန်လှန်နှုတ်ဆက်လျက် ပိထုသေနသည် တည်ငြိမ်လျှနွဲ့ရစွာဖြင့်ပင် ထိုင်နေလေသည်။

ဆည်းဆာသဘင် မရုပ်သိမ်းမီ မလ္လိကာက 'ရာသ' အကခေါ် ဝိုင်းကြီးပတ်ပတ်အကကို ကရန် အဆိုပြုလိုက်လေသည်။ ဒိဗျာ စိတ်မပါသည်ကို သိရ၍ မလ္လိကာသည် ဒိဗျာအား ပါဝင်ကပြရန် မပြောတော့ပေ။

သို့ရာတွင် ပိထုသေနကိုမူ အကတွင်ပါဝင်ရန် တိုက်တွန်းလိုက်လေ၏။ မလ္လိကာသည် ပိထုသေန၏ ခြေဟန်သွက်လက်ဖျတ်လတ်ပုံကို ချီးကျူးသြဘာပေးထားခဲ့ဖူးသူတစ်ဦး ဖြစ်သည်။ ပိထုသေနက သည်းခံပါရန် တောင်းပန်ပြီး သူ့နေရာ၌ပင် ထိုင်နေလေ၏။

mgyoe.com

mgyoe.com


'ရာသ' အကာစတင်ကကြသောအခါ နေရာထိုင်ခင်းများ၏ အနေအထားမှာ တစ်မျိုးတစ်မည် ပြောင်းသွားလေ၏။ ဒိဗျာသည် ခပ်အိုက်အိုက်ရှိသည်နှင့် လေကောင်းလေသန့်ရရှိရန် ခန်းမ၏အပြင်ဘက်သို့ ထွက်လာခဲ့လေ၏။ ပိထုသေန၏အနီးသို့ရောက်သောအခါ နှုတ်ဆက်လိုက်လေ၏။ ရှိသေလေးစားသည့်အနေဖြင့် နေရာမှ ထလိုက်ပြီးလျှင် ပိထုသေနသည် ဒိဗျာအား ပြန်လှန်နှုတ်ဆက်လျက် ဒိဗျာနှင့် အတူတကွပင် ဥယျာဉ်ထဲသို့ ထွက်လာခဲ့လေသည်။

"မောင်ကြီးပိထုသေနရဲ့ တရားရေး အသနားခံလွှာအတွက် ဘိုးဘိုးအတော့်ကို စိတ်မကောင်းဖြစ်နေပါတယ်" ဒိဗျာသည် ပိထုသေနအား ကိုယ်ချင်းစာနာငဲ့ညှာထောက်ထားစွာဖြင့် ပြောလိုက်လေ၏။ "ဘိုးဘိုးက ဂဏလွှတ်တော်ရဲ့ အဆုံးအဖြတ်ကို စောင့်နေတာနဲ့ တူပါတယ်"

မချိပြုံးပြုံးလျက် ပိထုသေနက ပြန်ပြောသည်။ "ကျုပ်က ဘိုးဘိုးတရားအမတ်ကြီးထံ ဂဏလွှတ်တော်ရဲ့ အဆုံးအဖြတ်သိရဖို့ရန်အတွက် အသနားခံတာမှမဟုတ်ဘဲ။ ဘိုးဘိုးတရားအမတ်ကြီးရဲ့ တရားဌာနက တရားမှု ရရှိလိုတဲ့အတွက်သာ အသနားခံလွှာတင်တာပါ ဒိဗျာ"

"မောင်ကြီး ပိထုသေန ပြောတာမှန်ပါတယ်" ကိုယ်ချင်းစာနာသော အသံဖြင့် ဒိဗျာက ဝန်ခံလိုက်လေသည်။

တည်ငြိမ်ကျန္တေရစွာဖြင့် ပိထုသေနက ပြောလေ၏။ "ဒိဗျာ အားပေးခဲ့ဖူးတဲ့၊ ကတိပေးခဲ့ဖူးတဲ့ တရားမှုဟာ ဂဏလွှတ်တော်ရဲ့ တရားမှုမဟုတ်ပါဘူး။ တရားလွှတ်ရုံးရဲ့ တရားမှုသာ ဖြစ်ပါတယ် ဒိဗျာ။ ကျုပ်အမျိုးဇာတ်နဲ့ပတ်သက်တဲ့ တရားမှုကို အလိုမရှိပါဘူး။ တကယ်စစ်မှန်တဲ့၊ တရားတဲ့ တရားမှုကိုသာ အလိုရှိပါတယ်။ ဂဏလွှတ်တော်ဟာ ကိုယ်ကျိုးရှာသမားတွေရဲ့ တစ်ဦးနဲ့တစ်ဦး ခွက်စောင်းခုတ်ရာဌာနဖြစ်နေပါတယ်။ တရားလွှတ်ရုံးသာ တကယ့်တရားဌာနဖြစ်ပါတယ်"

ဒိဗျာက မိမိ၏လက်ချောင်းကလေးများရှိ လက်သည်းများကို ငေးစိုက်ကြည့်ရှုရင်း ဝန်ခံလိုက်လေ၏။ "မောင်ကြီး ပိထုသေန ပြောတာ မှန်ပါတယ်"

"ပြီးတော့... ဒိဗျာ..." ပိထုသေနက ဆက်ပြောပြန်လေ၏။ "ဂဏ

mgyoe.com

mgyoe.com

လွှတ်တော်ရဲ့အကူအညီနဲ့ တရားလွှတ်ရုံးက ကျုပ်ကို ပေးတဲ့ တရားမှု အတွက်တော့ ကျုပ် တရားလွှတ်ရုံးကို ကျေးဇူးမတင်နိုင်ဘူး။ အဲဒါ တရားမှု မဟုတ်ဘူး။ အင်အားကို ဂုဏ်ပြုမှုမျှသာဖြစ်တယ်"

ပိထုသေန၏အသံ၊ ပိထုသေန၏စကားကြောင့် ဒိဗျာ၏နှလုံးတွင် ထိခိုက်နာကျင်သလိုလို ဖြစ်သွားလေ၏။ ဦးခေါင်းငုံ့လျက် ဒိဗျာက ဝန်ခံ လိုက်ရပြန်လေသည်။ "မောင်ကြီးပြောတာ မမှားပါဘူး"

"တရားလွှတ်ရုံးရဲ့အလုပ်ဟာ ဂဏလွှတ်တော်ရဲ့ အမိန့်ကို နာခံရမှာ မဟုတ်ဘူး။ ဂဏလွှတ်တော်ကို နည်းပေးလမ်းပြ လုပ်ဖို့ရန်သာဖြစ်တယ်" ဒိဗျာ ဦးခေါင်းငုံ့ပြီး ခပ်မဆိတ်နေသည်ကို တွေ့ရ၍ ပိထုသေနသည် ကရု ဏာအပြုံးဖြင့် ပြုံးလျက် မေးခွန်းထုတ်လိုက်လေသည်။

"ဒိဗျာရဲ့ ဝေါကို ထမ်းလိုတဲ့ ကျုပ်ရဲ့ အာသီသဟာ ဒိဗျာရဲ့ အမြင်မှာ ကော အပြစ်ဖြစ်နေသလား"

"ဟင့်အင်း၊ မဖြစ်ပါဘူး။ မောင်ကြီးပိထုသေန" ဒိဗျာသည် ပိထုသေန ၏ မျက်နှာကိုမော့ကြည့်လျက် အဖြေပြန်ပေးရန် ကြိုးစားလေ၏။ သို့ရာတွင် ရှက်သွေးကြောင့် မျက်နှာမှာ အလိုလိုငုံ့သွားလေသည်။ ဆက်ပြောလေသည်။ "အဲဒီအာသီသအတွက် အကျွန် ကျေးဇူးတင်ပါတယ်" ဒိဗျာ၏ လည်တိုင်မှာ ပိုမို၍ ငုံ့သွားလေသည်။

အချိန်အတန်ကြာမျှ နှစ်ဦးလုံးပင် ခပ်မဆိတ်ဖြစ်နေကြလေ၏။ အတန် ကြာမှ ပိထုသေနက တိတ်ဆိတ်ငြိမ်သက်နေခြင်းကို ဖြိုခွင်းဖျက်ဆီးပစ်လိုက် လေသည်။ "ဒိဗျာ၊ လေအေးလေသန့်ရအောင် ဟိုပန်းရုံနားမှာရှိတဲ့ ရေကန် ပေါင်ကို သွားရအောင်။ အဲဒီမှာ အပန်းဖြေကြစို့လား"

ဒိဗျာသည် စကားပြန်မပြောဘဲ ဦးခေါင်းငိုက်စိုက်ကျလျက်သာလျှင် ပိထုသေန ညွှန်ရာသို့ သွားလေသည်။

❑

mgyoe.com

mgyoe.com

# (၃)
## ပရေဆထ

မဒ္ဒရပြည့်ရှင် တရားမင်း ယွန်းဘုရင် မိလိန္ဒသည် ဗုဒ္ဓတရားကို သက်ဝင်ယုံကြည်သွားပြီးနောက် နန်းစည်းစိမ်နှင့် ရာဇပလ္လင်ကိုစွန့်လျက် သာသနာ့ဘောင် ဝင်ရောက်သွားသောအခါ ထောင်ပေါင်းများစွာသော နန်းတွင်း ကျေးကျွန်များကို ကျွန်အဖြစ်က လွတ်မြောက်ခွင့်ပေးလိုက်လေသည်။ ကျေးကျွန်များကို လွတ်မြောက်ခွင့်ပေးသည့်အခါ၌ ဘုရင်မင်းကြီးသည် ကျေးကျွန်များအား နေထိုင်စားသောက်ရေး၊ အသက်မွေးဝမ်းကျောင်း ပြုလုပ်ရေးအတွက် လိုသမျှ ကြေးငွေဥစ္စာများကိုလည်း အလှူဒါနအဖြစ် ပေးကမ်းချီးမြှင့်လိုက်လေ၏။ ယင်းကျေးကျွန်များ ပေါက်လွှတ်ပဲစား နေထိုင်သွားလာနေသောကြောင့် သာဂလမြို့ လမ်းမ လမ်းသွယ်များနှင့် ဈေးများ၌ အချိန်အတန်ကြာမျှ စည်းမဲ့ကမ်းမဲ့ဖြစ်နေလေသည်။ ဥစ္စာကြေးငွေကို ရှာဖွေစုဆောင်းခြင်းနှင့် သုံးစွဲခြင်းများ၌ အဝါးမဝသော ကျေးကျွန်တို့သည် မမျှော်လင့်ဘဲနှင့် လက်ထဲ ကြေးငွေဥစ္စာ ရောက်ရှိလာသောအခါ ငွေကို ရေလိုဖြုန်းပြီး အတိုင်းအရှည်မရှိ သောက်စားမူးယစ်ကြပြီးလျှင် အရောင်ရဲရဲ အဝတ်အစားများကို ဝတ်လျက် လမ်းသလားနေကြလေ၏။ အလှူဒါနအဖြစ် ရရှိသော ဥစ္စာကြေးငွေ ပြောင်သွားသောအခါ သူတို့သည် ဈေးငှား

mgyoe.com

mgyoe.com


၍ သုံးစွဲကြပြန်သည်။ ချေးယူသုံးစွဲသည့်အကြွေးကို ပြေလည်အောင် ပြန်မဆပ်နိုင်သောအခါ သူတို့သည် ဗြာဟ္မဏလူတန်းစားနှင့် သူဌေးသူကြွယ်လူတန်းစားတို့၏လက်ထဲ တစ်ဖန် ကျေးကျွန်အဖြစ် ထိုးအပ်ကြရပြန်လေ၏။ ကျေးကျွန်ပေါင်းများစွာတို့မှာလည်း ကျေးကျွန်ဘဝနှင့် လွတ်လပ်သောဘဝနှစ်ခု ပဋိပက္ခပြုရာ၌ ဘဝနှစ်ခုစလုံးကိုပင် ခက်ခဲသည်ဟု ယူဆပြီးလျှင် သာသနာ့ဘောင်အတွင်းသို့ ဝင်ရောက်လျက် သပိတ်နှင့် သင်္ကန်းကို အဖော်ပြုကာ ငြိမ်းချမ်းရေးကို ရှာမှီးကြလေသည်။

မိလိန္ဒဘုရင်၏ မြင်းကုဆေးဆရာတစ်ဦးဖြစ်သူ ကျွန်ပရေဆထသည် မိလိန္ဒဘုရင်မင်းမြတ်နှင့် အတူတကွပင် ယွန်း(ဂရိ)ပြည်မှ ရောက်လာသူဖြစ်လေသည်။ လိမ္မာပါးနပ်သူ၊ သခင့်အရိပ်အကဲကို နားလည်သူ၊ ကျိုးနွံသူ၊ မြင်းတို့၏မျိုးဆက် တိုးပွားမှုနှင့် ဆေးဝါးကုသမှုတို့၌ လိမ္မာကျွမ်းကျင်သူဖြစ်သောကြောင့် သူသည် ဘုရင်မင်းကြီး သူကောင်းပြုခံရသူတစ်ဦး ဖြစ်နေလေ၏။ ဘုရင့်ကျေးကျွန်ဖြစ်ခြင်းကြောင့် သူ၏အခြေအနေမှာ ကောင်းမွန်လှပေသည်။ လူ့ဘောင်ကို စွန့်ခွာသွားသောအခါ ဘုရင်မင်းကြီးသည် ပရေဆထအား ကျေးကျွန်အဖြစ်က လွတ်မြောက်ခွင့်ပြုလိုက်သည့်အပြင် ကပိရှာ၊ ကမ္ဗောဇ၊ ဝါလဟိက သုရဋ္ဌနိုင်ငံများမှ ရရှိထားသည့် အဖိုးတန်မြင်းပေါင်းများစွာကိုလည်း အလှူဒါနအဖြစ် ပေးကမ်းစွန့်ကြဲလိုက်လေ၏။ ယင်းအဖိုးတန်မြင်းများကို ယူဆောင်လျက် ပရေဆထသည် အရှေ့အနောက်နှင့် တောင်မြောက်ဒေသများသို့ ခရီးထွက်ကြသည့် ကုန်သည်အုပ်စုများနှင့် လိုက်ပါသွားပြီးလျှင် မြင်းရောင်းဝယ်ဖောက်ကားမှုကို ပြုလုပ်လေ၏။ ဒေသအသီးသီးမှ မြင်းများနှင့် ယာဉ်ရထားများကို ဝယ်ယူပြီးလျှင် အခြားဒေသများတွင် တစ်ဖန်ရောင်းချသောအခါ ထောင်ပေါင်းများစွာသော ရွှေငွေအသပြာများကို ပိုက်မိလေ၏။ ထိုအခါ မိမိကိုယ်တိုင်မှာမူ သာဂလမြို့၌ တကယ်တမ်း ချမ်းသာကြွယ်ဝသော သူဌေးသူကြွယ်ကြီးများကဲ့သို့ အခန့်သားနေထိုင်ပြီးလျှင် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းကို မိမိ၏ ကိုယ်စားလှယ်များနှင့် လွှဲထားလိုက်လေသည်။ ရုပ်ရည်လှပသည့် သူဆင်းရဲဗြာဟ္မဏသမီးကညာတစ်ယောက်ကိုလည်း ငွေနှင့်ပေါက်၍ လက်ထပ်ထိမ်းမြားလေသည်။ ပရေဆထသည် လူကုံထံအထက်တန်းလွှာမှ ပုဂ္ဂိုလ်များကဲ့

mgyoe.com

mgyoe.com
သို့ စံအိမ်နန်းဆောင်များနှင့် ဥယျာဉ်များကို ဆောက်လုပ်ဖန်တီးထားပြီးလျှင် ကျွန်၊ ကျွန်မများကို ဝယ်ယူလျက် ပဒေသရာဇ်လူတန်းစားများကဲ့သို့ ခမ်းနားထည်ဝါစွာ နေလေ၏။

မိလိန္ဒဘုရင်မင်းကြီးသည် ပေါရဝဘုရင့်အနွယ်ကို အနိုင်တိုက်ပြီးလျှင် မဒ္ဒရတိုင်းပြည်အတွင်းသို့ မိမိ၏နိုင်ငံတော်ကို ချဲ့ထွင်တည်ထောင်ခဲ့လေ၏။ မိမိ၏ ရှည်လျားကြာမြင့်သော နန်းစံကာလတစ်လျှောက်၌ ဘုရင်မင်းကြီးသည် ရာဇပလ္လင် လက်လွတ်ဆုံးရှုံးသွားရသည့် ပေါရဝအနွယ်တော်ဝင်ပုဂ္ဂိုလ်များနှင့် အခြားလူကုံထံ ဗြာဟ္မဏအနွယ်ဝင် ပုဂ္ဂိုလ်များအား ပဒေသရာဇ်တို့၏ အဆင့်ဖြင့် ချီးမြှင့်မြှောက်စားပြီးလျှင် နိုင်ငံကို အုပ်ချုပ်သည့်လုပ်ငန်းများ၌ ကူဖော်လောင်ဖက်အဖြစ် ပြုလုပ်ဖန်တီးထားလေ၏။ ထို့ပြင် ယွန်းသေနာပတိများစွာတို့အားလည်း ကျေးရွာများကို အပိုင်စား ပေးသနားပြီးလျှင် မိမိ၏လက်အောက်ခံ ပဒေသရာဇ်များအဖြစ် ခန့်အပ်ထားလေ၏။ မိလိန္ဒဘုရင်မင်းကြီး ထီးနန်းစွန့်လိုက်သောအခါ အရိုက်အရာကို ဆက်ခံမည့်သူမရှိသဖြင့် မဒ္ဒရတိုင်းပြည်ရှိ ကုံလုံကြွယ်ဝသော သြဇာအာဏာရှိဂုဏ်အသရေရှိ အထက်တန်းလွှာမှ ပုဂ္ဂိုလ်များသည် စုပေါင်းပြီးလျှင် ဂဏအုပ်ချုပ်ရေးအသွင်ဖြင့် မဒ္ဒရတိုင်းပြည်ကို အုပ်ချုပ်ကြလေ၏။ ယွန်းဘုရင်မင်းမြတ်၏ သက်တော်ရှည်၊ ဝါရင့် မဟာသေနာပတိ မိထောဒသသည် စစ်အာဏာ၏ ကြီးကိုင်ပုဂ္ဂိုလ်ဖြစ်သောကြောင့် ယင်းဂဏအုပ်ချုပ်ရေးတွင် ဂဏပတိ(သမ္မတ)အဖြစ် ရွေးကောက်ခန့်အပ်ခြင်းခံရလေသည်။ ဘုရင်မင်းကြီး၏အမတ်ကြီး အာကျာရယ ဒေဝမိတ္တ၏သား အာကျာရယ ပဝဒ္ဓနမှာမူ ဂဏလွှတ်တော်၏ဥက္ကဋ္ဌ ဖြစ်လာလေသည်။

သူကြွယ် ပရေဆထသည် ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာပြီး ပြည်သူလူထု၏ လေးစားဂုဏ်ပြုမှုကို အထိုက်အလျောက်ခံယူရရှိသော်လည်း အထက်တန်းစားမျိုးနွယ်ဝင် မဟုတ်သဖြင့် ဂဏလွှတ်တော်အဖွဲ့ဝင်အမတ် မပြုလုပ်နိုင်ပေ။ သို့ရာတွင် ပစ္စည်းအား ငွေအားကြောင့်လည်းကောင်း၊ လိမ္မာပါးနပ်မှုနှင့် ကျိုးနွံမှုကြောင့်လည်းကောင်း သူသည် ဂဏပတိ မိထောဒသ၏ လူယုံတစ်ဦးဖြစ်ပြီးလျှင် အလွန်တရာ သြဇာအာဏာရှိသူ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်နေလေ၏။ မိမိ၏ ဇေကပုတ္တ တစ်ဦးတည်းသော သားလုလင် မမှျော်လင့်
mgyoe.com

mgyoe.com


ဘဲ ကွယ်လွန်သွားသောကြောင့် ပူဆွေးသောကရောက်နေသော ဂဏာပတိ မဟာသေနာပတိ မိထောဒသအတွက် လိမ္မာပါးနပ်ဖျတ်လတ်သူ၊ လုံ့လ ဥဿာဟရှိသူ၊ ကျိုးနွံသူ ပရေဆထသည် ညာလက်ရုံးသဖွယ်ဖြစ်နေလေ သည်။

ပရေဆထသည် မိမိ၏သား ပိထုသေနအား လူကုံထံ အထက်တန်း စားပုဂ္ဂိုလ်များ၏ သားများကဲ့သို့ ထားပြီးလျှင် စာပေပညာနှင့် သေနင်္ဂ ဗျူဟာ လက်နက်အတတ်ပညာများကို သင်ကြားပေးလေ၏။ လုလင် အရွယ်ရောက်သောအခါ ပိထုသေနသည် မဟာပဏ္ဍိတ်တရားအမတ်ကြီး ဒေဝရုရမာ၏မြေး ဝိနယရုရမာ၊ ပဒေသရာဇ် ကတ္တိဝိရ၏သား သကိဒ၊ သူဌေးကြီး သမတ္ထက၏သား က္လန္ဒရဒိပ၊ မဒ္ဒရ ဂဏာလွှတ်တော်ဥက္ကဋ္ဌ အာ ကျာရယ ပဝဒ္ဓန၏ သားငယ် ဝသုမိရတို့နှင့် အတူတကွ အတတ်ပညာ သင်ကြားဆည်းပူးရန် တက္ကသိုလ်သို့ပင် သွားရောက်ခဲ့လေ၏။ ငယ်စဉ် တောင်ကျေး အကလေးအရွယ်ကပင် စတင်၍ အယုအယ အမြှောက်အစား ခံခဲ့ရ၍ ပိထုသေနသည် မိမိ၏ဖခင်ထက် မာန်မာနကြီးပြီး ကျိုးနွံမှု နည်း ပါးနေလေ၏။ သူသည် လမ်းကို တားဆီးပိတ်ပင်ထားသည့် အဟာန့်အတား အောက်မှ ဦးခေါင်းလျှို၍ ထွက်သွားသည်ထက် ယင်းအဟာန့်အတားကို ဖျက်ဆီးပစ်လိုသည့် ပုဂ္ဂိုလ်မျိုးဖြစ်နေသည်။ ဥစ္စာပစ္စည်းနှင့်လည်းကောင်း၊ လူစွမ်းလူစနှင့်လည်းကောင်းပတ်သက်လျှင် မိမိနှင့် ရွယ်တူတန်းတူ ပုဂ္ဂိုလ် များထက် သာလွန်နေပါသော်လည်း ထိုပုဂ္ဂိုလ်များနှင့် ယှဉ်လိုက်ပါက မိမိက ဂုဏ်အားဖြင့် နိမ့်ကျနေခြင်းကို သူသည် မခံမရပ်နိုင် ဖြစ်နေလေ၏။

မောရိယမင်းဆက်၏ နောက်ဆုံးဘုရင်ဖြစ်သော ဝရိဟဒရထဘုရင် အား ဗြာဟ္မဏသေနာပတိ ပုပ္ဖမိတ္တက ကွပ်မျက်သုတ်သင်ပစ်လိုက်သည် ဟူသည့်သတင်းနှင့် မဂဓနိုင်ငံ၌ တော်လှန်ခြားနားမှု ပေါ်ပေါက်လာသည် ဟူသည့်သတင်းမှာ ခရီးအလှမ်းဝေးလှသည့် မဒ္ဒရတိုင်းပြည်သို့ ဖြစ်ရပ် အမှန်ထက် ကားပြီး ရောက်လာလေ၏။ မဒ္ဒရတိုင်းပြည်ရှိ ဗြာဟ္မဏဝါဒ ကို ယုံကြည်မြတ်နိုးသူများသည် ဇမ္ဗူဒိပ်ကျွန်းအား မောရိယမင်းဆက် သုဒ္ဒရ မျိုးနွယ်ဘုရင်တို့ လက်ခံကျင့်သုံးသော ရုပ်ပျက် ဆင်းပျက် ဘုရားမဲ့၊ တရား မဲ့ ဦးပြည်းရဟန်းတို့၏ အယူဝါဒတည်းဟူသော ကျိန်စာမှ လွတ်မြောက်

mgyoe.com

mgyaye.com
အောင် ပြုလုပ်ရန်အတွက် နတ်တို့၏ သေနာပတိသည် ပုပ္ပမိတ္တ၏ အသွင်ဖြင့် မွေးဖွားပေါ်ပေါက်လာသည်ဟု ယုံကြည်ယူဆနေကြလေသည်။

မဒ္ဒရပြည့်ရှင် တရားမင်း မိလိန္ဒဘုရင်၏ အမိန့်အာဏာဖြင့် တိရစ္ဆာန်များကို သတ်ဖြတ်၍ ယဇ်မပူဇော်ရဟု တားမြစ်ပိတ်ပင်ထားသည်ဖြစ်၍ ယဇ်ပူဇော်မှု၏ ဂုဏ်သိက္ခာနှင့် ဩဇာတန်ခိုးသည် မှေးမှိန်ကျဆင်းနေခဲ့လေသည်။ မဂဓတိုင်းပြည်၌ ဗြာဟ္မဏဝါဒ အသက်ပြန်ဝင်ရန် ကြိုးပမ်းအားထုတ်နေကြောင်းကို သိရသောအခါ မဒ္ဒရတိုင်းပြည်၌လည်း အချိန်ကာလ ကြာမြင့်စွာ ခေါင်းမပြူဘဲနေခဲ့ရသော ယဇ်ပူဇော်မှုသည် တစ်ဖန်ပြန်လည်ခေါင်းထောင်လာလေ၏။ ယဇ်ပူဇော်မှုအခမ်းအနားနှင့် ကင်းကွာနေကြသော ပုရောဟိတ်များ၊ ယဇ်ဦးစီးများသည်လည်း ယဇ်ဦးစီးခေါင်းဆောင်၏ အဆောင်အယောင်ကို ပြန်လည်ကိုင်ဆောင်လာကြလေ၏။ သာဂလမြို့၏ ပတ်ဝန်းကျင်တစ်ခုလုံးသည် ယဇ်မီးထဲတွင် ထည့်ထားသည့် မုယောဆန်၊ နှမ်း၊ ထောပတ်တို့၏အနံ့ဖြင့်လည်းကောင်း၊ လောင်ကျွမ်းနေသည့် တိရစ္ဆာန်တို့၏အသားမှ ထွက်ပေါ်လာသည့် ညှော်နံ့တို့ဖြင့်လည်းကောင်း မွှန်၍နေလေ၏။ နတ်ဒေဝတာကို ရှိခိုးပူဇော်သည့် ကိရိယာတန်ဆာပလာများဖြစ်ကြသော ခရုသင်း၊ ခေါင်းလောင်း၊ စည် စသည်တို့၏ အသံများဖြင့်လည်း ပတ်ဝန်းကျင်တစ်ခွင်လုံးသည် ပွဲတင်ညံနေလေ၏။

ဗြာဟ္မဏဝါဒ ပြန်လည်ခေါင်းထောင်လာခြင်းကို တန်ပြန်ဆန့်ကျင်သည့်အနေအထားဖြင့် တရားမင်း မိလိန္ဒဘုရင်နှင့် ဗုဒ္ဓဘာသာဝင် ဥပါသကာ၊ ဥပါသိကာမများ ကိုးကွယ်ဆည်းကပ်သည့် ရဟန်းသံဃာ အရာအထောင်သီတင်းသုံးနေထိုင်သည့် ကျောင်းအရာမ်များတွင်လည်း တရားဓမ္မ၏ အမှတ်လက္ခဏာဖြစ်သော အသံများဖြင့် ဆူညံနေလေ၏။ စေတီပုထိုးများတွင်ရှိသော ဗုဒ္ဓရုပ်ပွား၏ရှေ့မှောက်ရှိ ကြေးစည်ခေါင်းလောင်းများ၏ အသံသည်ကား စဲသွားသည်ဟူ၍မရှိပေ။ ပါဏာတိပါတ အကုသိုလ်တရားနှင့် ထွေးလုံးရစ်ပတ်နေသည့် မြို့နေလူထုအား သတိပေး တရားပြသည့်အနေဖြင့် ရဟန်း သံဃာများသည် လမ်းမ လမ်းသွယ်များတွင် လှည့်လည်ကာ "စရထ ဘိက္ခဝေ စာရိကံ ဗဟုဇန ဟိတာယ ဗဟုဇနေသုခါယ လောကာနုကမ္ပာယ..." အစရှိသော တရားဒေသနာများကို ဟောကြားရွတ်ဖတ်နေကြ
mgyaye.com

mgyoe.com

လေ၏။

ဝါခေါင်လ၌ သာဂလမြို့ ကောင်းကင်ပြင်တွင် မိုးဥတုကာလ၌ မိုးသားတိမ်လိပ်များ တရိပ်ရိပ်တက်လာကြသည်။ သဲကြီးမဲကြီး ရွာချလိုက်သော မိုးကြောင့် လမ်းကြီး လမ်းငယ်အသွယ်သွယ်တို့၌ ရွှံ့များ၊ မိုးရေများ လွှမ်းနေသဖြင့် မြို့သူမြို့သားတို့မှာ ပျင်းရိငြီးငွေ့နေကြလေ၏။ မိုးစဲသွားသောအခါ ထွက်ပြူလာသည့် စူးရှပူပြင်းသော နေပူရှိန်ကြောင့် မြို့အတွင်းရှိ ကျောက်ဖြင့် ဆောက်လုပ်ထားသည့် တိုက်အိမ်များနှင့် လမ်းများမှာ အပူရှိန် တက်လာလေသည်။ လေမရသဖြင့် ပူအိုက်ပြီး မနေတတ် မထိုင်တတ် ဖြစ်နေကြသောကြောင့်လည်းကောင်း၊ ရပ်ရေးရွာရေး လူမှုကိစ္စ ဆောင်ရွက်စရာမရှိသည့်အတွက် အားလပ်နေကြသောကြောင့်လည်းကောင်း၊ အိမ်ကြီးရခိုင်နှင့် ရိုးရိုးအိမ်များတွင် နေထိုင်ကြသူတို့သည် ဥယျာဉ်များတွင် ထွက်၍ ပျော်ပွဲသဘင်များကို ကျင်းပကြလေ၏။ ထိုအခိုက် မမျှော်လင့်ဘဲ မိုးသားတိမ်လိပ်များ တရိပ်ရိပ်တက်လာသည့်အခါတွင် မြို့သူမြို့သားတို့သည် သုတ်သီးသုတ်ပျာနှင့် မိမိတို့အိမ်ရှိရာသို့ မပြန်ချင် ပြန်ချင်နှင့် ခြေဦးလှည့်ကြရပြန်လေသည်။

သာဂလမြို့ရှိ ပြည်သူလူထု၏ အတွင်းစိတ်အခြေအနေမှာလည်း ထိုနည်းနှင်နှင်ပင် ဖြစ်နေလေ၏။ ယဇ်ပူဇော်မှုစွမ်းအားဖြင့် ဗြာဟ္မဏဝါဒ ပြန်လည်ထွန်းသစ်လာရေးအတွက် အားစိုက်ကြိုးပမ်းနေသော ဗြာဟ္မဏဝါဒီပုဂ္ဂိုလ်များနှင့် ဗုဒ္ဓဝါဒီပုဂ္ဂိုလ်တို့၏ ပဋိပက္ခကြောင့် ပြည်သူလူထုသည် စိတ်ရွှင်လန်း ချမ်းမြေ့ခြင်း မရှိကြပေ။ ထိုအထဲ နတ်ကိုလည်း မယုံ၊ ကံ ကံ၏ အကျိုးကိုလည်း အယူမရှိသည့် မာရိသကဲ့သို့သော ပုဂ္ဂိုလ်များက လောကာယတ(ရုပ်)ဝါဒကို ဖြန့်ဖြူးနေကြသည်ဖြစ်သောကြောင့် အထက်တန်းလွှာမှ ပုဂ္ဂိုလ်များသည် ပြည်သူလူထု ကိုယ်ကျင့်တရား ဖောက်ပြားပျက်စီးသွားမှာကို စိုးရိမ်ထိတ်လန့်နေကြလေ၏။ မာရိသအား ယဇ်ပူဇော်မှုကို ဆန့်ကျင်ကန့်ကွက်သည့် ပြစ်မှုကြောင့်လည်းကောင်း၊ သံဃမထေရ်၏ အမိန့်အရ ရုပ်တု ထုလုပ်ရန် ငြင်းဆန်နေသည့် ပြစ်မှုကြောင့်လည်းကောင်း တရားလွှတ်ရုံးမှ အပြစ်ဒဏ်ပေးလိုက်သည့်အတွက် ပြည်သူလူထုသည် နှုတ်ပိတ်နေသော်လည်း စိတ်မချမ်းမသာဖြစ်နေကြလေ၏။ နက္ခတ်ပွဲသဘင်အခမ်း

mgyoe.com

mgyoe.com


အနားတွင် ပေါ်ပေါက်ခဲ့သည့် လုလင် ရှဒ္ဒရစ်ရနှင့် ပိထုသေနတို့၏ ပဋိပက္ခကို အဆုံးအဖြတ်ပေးရေးမှာ ပေါ်ပေါက်လာမည့် အကျိုးတရားကို ထောက်ထား ချိန်ဆနေသောကြောင့် တရားလွှတ်ရုံးတွင် သောင်မတင် ရေမကျ ဖြစ်နေလေ၏။ မဒ္ဒရတိုင်းပြည်၏ ဂဏအစိုးရတပ်မတော်တွင် အမှုထမ်းရန် အတွက် ဗိုလ်မှူးသစ်များ ခန့်ထားရေးကိစ္စကိုလည်း လူမျိုး လူတန်းစား အသီးသီး တစ်ဦးနှင့်တစ်ဦး ပဋိပက္ခဖြစ်နေကြသည်ဖြစ်၍ ဂဏလွှတ်တော်က ဆိုင်းငံ့ထားလေ၏။ စိတ်မချမ်းမြေ့ဖွယ်ရာ အကောင်းဆုံးသော အကြောင်းတစ်ရပ်မှာကား မဒ္ဒရတိုင်းပြည်၏ အရှေ့မြောက်နယ်စပ်မှ ဒဗ္ဗဘုရင် ယွန်းကိန္နရဆ ကျူးကျော်ဝင်ရောက်လာသည်ဟူသော သတင်းစကား ဖြစ်လေ၏။

မိလိန္ဒဘုရင်မင်းကြီး၏ ရှည်လျားကြာမြင့်သော နန်းစံကာလနှင့် မိလိန္ဒဘုရင်မင်းကြီးနောက် အထက်တန်းလွှာမှ ပုဂ္ဂိုလ်များ အုပ်ချုပ်သည့် ဂဏအုပ်ချုပ်ရေးခေတ်ကာလနှစ်ခုလုံးတွင် နှစ်ပေါင်းငါးဆယ်ကျော်မျှ ကျူးကျော်မှုနှင့် စစ်မက်ဖြစ်ပွားမှုတည်းဟူသော ဘေးဒုက္ခမှ ကင်းငြိမ်းလျက် မဒ္ဒရတိုင်းသူပြည်သားများနှင့် သာဂလမြို့သူမြို့သားတို့သည် စစ်အတွေ့အကြုံ စစ်အသိကို လုံးဝမေ့ပျောက်နေကြလေ၏။ သူတို့သည် ယဇ်ပူဇော်မှုပြုလုပ်ရန် တိရစ္ဆာန်နှင့် ဥစ္စာဓနကို စုဆောင်းရာ၌လည်းကောင်း၊ စေတီပုထိုးတို့ကို တည်ထားကိုးကွယ်ရာ၌လည်းကောင်း၊ နိုင်ငံအသီးသီးနှင့် ကုန်သန်းရောင်းဝယ်မှုပြုလုပ်၍ ကြွယ်ဝချမ်းသာအောင် ပြုလုပ်ရာ၌လည်းကောင်း၊ နိုင်ငံရပ်ခြားများမှ ခိုင်း၍ကောင်းမည့် အားကောင်းမောင်းသန် ကျွန်များနှင့် ပြည့်ဖြိုးဖွံ့ထွားသော ကျွန်မများကို ဝယ်ယူရာ၌လည်းကောင်း၊ ဂဏလွှတ်တော်အဖွဲ့ဝင်၏ အခွင့်အရေးနှင့် ဂုဏ်သိက္ခာကို ရရှိရေးအတွက် ကြိုးပမ်းရာ၌လည်းကောင်း၊ အပြိုင်အဆိုင်ဖြစ်နေကြသော အထက်လွှာမှ ပုဂ္ဂိုလ်များ၏ လှုပ်ရှားမှုမျိုးကိုသာ မျက်မြင်ကိုယ်တွေ့ ဖြစ်နေကြလေသည်။

ဘုန်းသမ္ဘာရှင် ယွန်းဘုရင် မိလိန္ဒ၏ အုပ်ချုပ်ရေးကို အထက်တန်းလွှာမှ ပုဂ္ဂိုလ်များ၏ ဂဏအစိုးရက လွှဲပြောင်းယူငင်လိုက်သောအခါ မဒ္ဒရတိုင်းပြည်၏ စစ်တပ်ပုံစံသည်လည်း တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားလေ၏။ မဒ္ဒရတိုင်းပြည်၏ ဘုရင့်ဘဏ္ဍာတိုက်သည် ဗုဒ္ဓဘာသာ ကျောင်းကန်ဘုရား

mgyoe.com

mgyoe.com


များကို တည်ထားဆောက်လုပ်ရာ၌ လျှုဒါန်းထောက်ပံ့ရသဖြင့် ဖြူခါပြာခါ ကျနေလေ၏။ မိလိန္ဒဘုရင်မင်းကြီး စစ်သွေးစစ်မာန်ကြွစဉ်က ပြုစုပျိုးထောင်ခဲ့သော နှစ်သောင်းမျှသော စစ်သားများကို ကျွေးမွေးထောက်ပံ့ရေးအတွက် ယခုအခါတွင် နည်းလမ်းရှာမရတော့ပြီ။ ဘုရင်မင်းကြီး၏ စစ်နှင့်ပတ်သက်သော သဘောထားကို စိတ်ပျက်ကြသည့် မိလိန္ဒဘုရင်မင်းကြီး၏ တိုင်းပြည်မှ လက်နက်ကိုင်စစ်သားများသည် အခြားတိုင်းပြည်များ၏ စစ်တပ်ထဲသို့ ဝင်ရောက်သွားသူများကလည်း ဝင်ရောက်သွားကြ၏။ စစ်သားဘဝကို စွန့်လွှတ်လိုက်ပြီး အခြားသောလုပ်ငန်းများကို လုပ်ကိုင်ကြသူများလည်း လုပ်ကိုင်ကြ၏။ စစ်သားများစွာတို့မှာမူ လေးနှင့်မြား၏အစား သပိတ်နှင့် သင်္ကန်းကို ကိုင်ဆောင်လိုက်ကြလေသည်။ ဂဏအုပ်ချုပ်ရေးနိုင်ငံ၏ ဘဏ္ဍာတိုက်တွင်း၌ ဘဏ္ဍာချို့တဲ့နေသည်ကို တွေ့ရသည်ဖြစ်၍ မဟာသေနာပတိ ဂဏပတိ မိထောဒသသည် စစ်တပ်စီမံခန့်ခွဲရေးကို အထက်တန်းလွှာပုဂ္ဂိုလ်များအား တာဝန်လွှဲလိုက်လေသည်။ မဒ္ဒရဂဏအုပ်ချုပ်ရေးနိုင်ငံ၏ ဂဏလွှတ်တော်အဖွဲ့ဝင် ပဒေသရာဇ်တစ်ဦးစီသည် ဂဏစစ်တပ်အတွက် စစ်သားငါးရာမှ တစ်ထောင်အထိလည်းကောင်း၊ သာမန်အဖွဲ့ဝင်တစ်ဦးစီသည် စစ်သားနှစ်ရာအထိလည်းကောင်း စုဆောင်းပေးရမည်ဟူ၍ တာဝန်လွှဲထားလေ၏။ အထက်တန်းလွှာမှ ပုဂ္ဂိုလ်တို့၏ ဂုဏ်သိက္ခာနှင့် အစွမ်းအစအားလျော်စွာ ယင်းပဒေသရာဇ်များအား စစ်တပ်၏အကျိုးကို သယ်ပိုးဆောင်ရွက်သဖြင့် အဖိုးအခ၏အနေအားဖြင့် ကျေးရွာငါးရွာမှ နှစ်ဆယ့်ငါးရွာအထိ ဂဏအစိုးရက အပိုင်စား ပေးသနားထားလေသည်။

ကိန္နရဆ ကျူးကျော်တိုက်ခိုက်လာသောအခါ အထက်တန်းလွှာအနွယ်ဝင်ပုဂ္ဂိုလ်များ စီမံခန့်ခွဲထားသော ယင်းစစ်တပ်သည် ဂဏလွှတ်တော်မှ စာရေးစာချီတို့၏ ပေရှက်နှင့် ဂဏလွှတ်တော်အဖွဲ့ဝင်တို့၏ စိတ်ကူးထဲ၌သာလျှင် ရှိနေသည်ကို တွေ့ရလေ၏။ အပိုင်စားရရှိထားသည့် ကျေးရွာနေ ပြည်သူလူထု၏အထံမှရရှိသော အခွန်အကောက်များကို စစ်သားများ၏ အသုံးစရိတ်အတွက် အသုံးမပြုဘဲ ပဒေသရာဇ်တို့သည် မိမိတို့ စည်းစိမ်ယစ်မူးရာ၌ ဖြုန်းတီးပစ်ကြလေ၏။ သားလုလင် ကွယ်လွန်အနိစ္စရောက်သွားသည့်အတွက် ပရိဒေဝမီး တောက်လောင်နေသော အဘိုးကြီး မဟာ

mgyoe.com

 mgyoe.com


သေနာပတိသည် ရဟန်းတော် ဓမ္မရက္ခိတ၏ တရားရေအေးဖြင့် ပရိဒေဝမီးကို ကြိုးစား၍ ငြိမ်းသတ်နေလေ၏။ သို့ရာတွင် ရန်သူ၏ ကျူးကျော်တိုက်ခိုက်မှုမှ ဂဏအုပ်ချုပ်ရေးနိုင်ငံကို ကာကွယ်ရန်အတွက် တာဝန်ဝတ္တရားကရှိနေသဖြင့် သူသည် မနေသာတော့ဘဲ ဂဏလွှတ်တော်ဥက္ကဋ္ဌ အာကျာရယပဝဒ္ဓနအား ဂဏလွှတ်တော်ဆင့်ခေါ်ရန် အမိန့်ပေးလိုက်ရလေသည်။ ဂဏလွှတ်တော်ဥက္ကဋ္ဌကတစ်ဆင့် မဲအရာရှိချုပ် ကတ္တဝိရအား အမိန့်ပေးလိုက်လေသည်။ ယခုတစ်ကြိမ် ကျင်းပသည့် ဂဏလွှတ်တော်အစည်းအဝေးမှာ နေ့ရက်ပေါင်းများစွာ မကျင်းပဘဲနေပြီးမှ ကျင်းပပြုလုပ်သည့် အစည်းအဝေးဖြစ်လေသည်။

မဟာသေနာပတိက သတိပေးစကား ပြောကြားလေ၏။ "ဂဏနိုင်ငံ၏ စစ်တပ်မှာ ပြက်ရယ်ပြုစရာမျှလောက်သာ ဖြစ်နေသည်။ ဂဏနိုင်ငံသည် မိမိကိုယ်ကိုကာကွယ်ရန် ခိုင်မာတောင့်တင်းသည့် စစ်တပ်တစ်တပ် ဖြစ်မြောက်ရေးအတွက် စီစဉ်ဖန်တီးရမည်"

ဂဏလွှတ်တော်ဥက္ကဋ္ဌသည် စစ်ပွဲကို ရင်ဆိုင်ရန်နှင့် စစ်တပ်ပြန်လည်တည်ထောင်ရန်အတွက် ကြေးငွေစနလိုအပ်နေပုံကို ပြောပြပြီးလျှင် ဂဏ၏ဘဏ္ဍာတိုက်ထဲတွင် ဘဏ္ဍာတော် တိုးပွားများပြားလာစေရန်အတွက် နိုင်ငံတော်၏ အခွန်အတုတ်ကို တိုးတက်ကောက်ယူရမည်ဟု ကြေညာလိုက်လေ၏ ။

သာဂလမြို့သူမြို့သားတို့သည် မိုးဥတုကာလ၏ စွတ်စိုထိုင်းမှိုင်းမှုကြောင့် ပျင်းရိငြီးငွေ့နေကြလေ၏ ။ မိုးဥတုကာလ၏ စူးရှသော နေပူရှိန်ကြောင့် မလှုပ်ချင် မကိုင်ချင် ဖြစ်နေလေ၏။ လေကင်းမဲ့သည့်အပူကြောင့် မနေတတ် မထိုင်တတ် ဖြစ်နေကြလေ၏။ ကိန္နရဆ၏ မြေတပ်သားများတစ်နေ့တခြား နီးကပ်လာပြီဆိုသည့်သတင်းကို ကြားရသဖြင့် ထိတ်လန့်ကြောက်ရွံ့နေကြလေ၏။ သွေးဆုတ်နေကြလေ၏။ လမ်းကြီးလမ်းငယ်အသွယ်သွယ်နှင့် ဈေးများ၌ စိုစိုပြည်ပြည် မရှိတော့ပေ။ ရန်သူ၏ ကျူးကျော်တိုက်ခိုက်မှုကြောင့် ကျီးလန့်စာစားနေရသည့်အထဲ စစ်အတွင်း အတင်းအဓမ္မ အခွန်အတုတ် လိုက်ကောက်နေကြသည့် မင်းချင်းယောကျ်ားများကလည်း မြွေပူရာ ကင်းမှောင့်ဖြစ်နေကြသည့်အတွက် ပြည်သူလူထုသည်

mgyoe.com

mgyoe.com


အိပ်ကောင်းခြင်း မအိပ်ရ၊ စားကောင်းခြင်း မစားရ ဖြစ်နေကြလေ၏။ ပြည်သူလူထုသည် စစ်ကို အနိုင်တိုက်ခိုက်ရန် လုံ့လဥဿာဟ ပေါ်မလာဘဲ ရန်သူနှင့် ရင်ဆိုင်ရမည့်ဘေးကို တွေး၍ သွေးလန့်နေလေ၏။ အရပ်ထက်ဝန်းကျင်တွင် သွေးမရှိသောမျက်နှာမျိုးဖြင့်သာ နားစွင့်နေကြသည်။ ကိန္နရဆ ရောက်လာလျှင် မည်ကဲ့သို့သောအခြေအနေမျိုးနှင့်များ ကြုံကြိုက်ရမည်နည်း။ အထက်တန်းလွှာမှ ပုဂ္ဂိုလ်များအုပ်ချုပ်သည့် ဂဏအုပ်ချုပ်ရေးနိုင်ငံ၌ စစ်အတွက် တိုး၍စည်းကြပ်သော အခွန်အတုတ်ကို ထမ်းနေရခြင်းနှင့် ပဒေသရာဇ်တို့ တည်ထောင်ထားသည့် စစ်တပ်မှ စစ်သားများ၏ နိုင်ထက်စီးနင်း ပြုမူခြင်းမျိုးမှပဲ လွတ်ကင်းသွားမည်လော၊ သို့မဟုတ် နောက်ရောက်သည့် ကိန္နရဆ၏စစ်တပ်ကပဲ ပိုမို၍ကဲမည်လော။ ကိန္နရဆနှင့်ပတ်သက်သောသတင်းများသည် ရက်စက်ကြမ်းတမ်းသည်ဟူ၍လည်းကောင်း၊ ပြည်သူပြည်သားတို့အား ငံ့ညှာထောက်ထားသည်ဟူ၍လည်းကောင်း၊ အမျိုးမျိုးအဖုံဖုံ ကိုယ်လိုရာကို ဆွဲ၍လည်းကောင်း၊ ချဲ့ထွင်၍လည်းကောင်း၊ စိတ်ကူးနှင့်မှန်းဆ၍လည်းကောင်း လူနေရပ်ကွက်များ၊ ဈေးများတွင် ပျံ့နှံ့နေလေ၏။ အရပ်ထက်ဝန်းကျင်၌ ကံစီမံရာကိုသာ ခံတော့မည်ဟု စိတ်တုံးတုံးချထားကြပုံရလေသည်။

သူဌေးသူကြွယ်နှင့် ကုန်သည်တို့သည်ကား ခေတ်အခြေအနေကို စိတ်မချသည်ဖြစ်၍ မိမိတို့၏ ပစ္စည်းဥစ္စာများကို အိမ်နီးနားချင်းနိုင်ငံများဖြစ်သည့် မာလဝ၊ ကဌ အစရှိသော ဂဏနိုင်ငံများသို့လည်းကောင်း၊ သူရသေနနှင့် မဂဓနိုင်ငံများသို့လည်းကောင်း ကျိတ်၍ပို့နေကြလေသည်။ ပဒေသရာဇ် သဗ္ဗတ္ထ၊ ကတ္တဝီရနှင့် အာကျာရသ ပဝဒ္ဓနတို့၏ စံအိမ်များ၌ ညအချိန်များတွင် ညဥ့်နက်သန်းခေါင်အထိ ညှိနှိုင်းတိုင်ပင်နေကြလေသည်။ အာကျာရယ ပဝဒ္ဓနသည် သူရသေနနှင့် မဂဓနိုင်ငံများသို့ လျှို့ဝှက်သဝဏ်လွှာကို ပေးပို့လိုက်ပြီးလေပြီ။ ဗြာဟ္မဏဝါဒ ပြန်လည်ပြုစုပျိုးထောင်သည့် ဗြာဟ္မဏသေနာပတိ ပုပ္ပမိတ္တသည် ကိန္နရဆ၏ ဘေးရန်မှ မဒ္ဒရတိုင်းပြည်ကို ကာကွယ်ရန်အတွက် စစ်တပ်ကို စေလွှတ်ပြီးလျှင် မဒ္ဒရတိုင်းပြည်၌ မဂဓပြည်မှာကဲ့သို့ ဦးပြည်း ရဟန်းတို့၏ ဘာသာအယူဝါဒကို ချေမှုန်းလျက် ဗြာဟ္မဏဝါဒကို ပြုစုပျိုးထောင်ပေးရန် လက်နှေးလိမ့်မည်မဟုတ်ဟု အာကျာ

mgyoe.com

mgyoe.com


ရယပဝဒ္ဓနက တွက်ထားလေသည်။ ယင်းအစီအစဉ်ကို သူသည် ဂဏာလွှတ်တော်၌ ဆွေးနွေးတင်ပြဖို့ရန် အကြံပြုလိုက်သေးသည်။ သို့ရာတွင် ယွန်းပဒေသရာဇ်တို့နှင့်တကွ ဗုဒ္ဓအယူဝါဒကို သက်ဝင်ယုံကြည်နေကြသည့် ဂဏာပတိ၊ ပဒေသရာဇ် ဣန္ဒရသေန၊ တရားအမတ်ကြီး ဒေဝရုရမာတို့ကို စိတ်မချသဖြင့် သူ၏အကြံမှာ ထမြောက်အောင်မြင်ခြင်းမရှိခဲ့ပေ။ ပဒေသရာဇ်သဗ္ဗတ္ထနှင့် ကတ္တဝီရတို့သည် မိမိတို့၏ စစ်တပ်တည်ထောင်ဖွဲ့စည်းရေးဟူသော အခွင့်အရေးဖြင့် အမြတ်ထုတ်ပြီးလျှင် ကိန္နရဆ၏ ဘေးရန်မှ ကာကွယ်ရန်ဟူသောအကြောင်းပြချက်ဖြင့် မဒ္ဒရတိုင်းပြည်၌ တစ်ဖန် ပေါရဝဘုရင်မျိုးနွယ်အရိုက်အရာခံများ၏ လက်တွင်းသို့ အာဏာကို ပေးအပ်ပြီးလျှင် မိမိတို့ မျိုးနွယ် စိုးမိုးအုပ်ချုပ်သောနိုင်ငံကို ပြန်လည်တည်ထောင်ဖို့ရန် အကြံဖြစ်ပေါ်နေကြပေ၏။ မဒ္ဒရဂဏာနိုင်ငံရှိ သူဌေးသူကြွယ်ကြီးများနှင့် ကုန်သည်ပွဲစားတို့သည်ကား ဂဏာနိုင်ငံ၏ စစ်တပ်တည်ထောင်ရေးအတွက် လိုသော ဆန်စပါး၊ အဝတ်အစား၊ ယာဉ်ရထား၊ မြင်းများအပြင် အခြားသော ပစ္စည်းဥစ္စာများကို အဆမတန် ဈေးတင်ရောင်းလျက် ရရှိသည့်အမြတ်ဖြင့် ကုန်ပစ္စည်းများကို စုဆောင်းဝယ်ယူပြီးလျှင် တက္ကသိုလ်၊ ပုပ္ဖပူရ၊ မထုရာပူရီတိုင်းပြည်များရှိ ဈေးရုံများသို့ တစ်ပို့တည်း ပို့နေကြလေ၏။

မျိုးဆက်ပေါင်းများစွာမှ ဆင်းသက်လာသည့် လူများဖြင့် ပြည့်နေသည့် သာဂလမြို့ရှိ လူ့လောက လူ့အသိုက်အဝန်းထဲ၌ မိမိတို့၏ အမှတ်သညာထဲတွင် စစ်အတွေ့၊ စစ်အသိ စွဲကျန်နေသည့် ပုဂ္ဂိုလ်များမှာ အသက်အရွယ် အိုမင်းလုပြီဖြစ်ကြသည့် မဟာပဏ္ဍိတ် တရားအမတ်ကြီး ဒေဝရုရမာနှင့် ဂဏာပတိ မိထောဒသ နှစ်ယောက်လောက်သာလျှင် ရှိလေ၏။ ဂဏာပတိ၏ အမှတ်သညာတွင် မိမိကိုယ်တိုင် ကျူးကျော်ရေးသမား အနိုင်ရရှိသူအဖြစ်ဖြင့်လည်းကောင်း၊ မဟာပဏ္ဍိတ် ဒေဝရုရမာ၏ အမှတ်သညာတွင် အရှုံးပေ းအညှဲ့ခံလိုက်ရသူအဖြစ်ဖြင့်လည်းကောင်း စစ်အကြောင်းကို ပြန်ပြောင်းသတိရနေလေ၏။ သာဂလမြို့ဘက်သို့ ကိန္နရဆချီတက်လာပြီဟူသော သတင်းစကားနှင့်ဆက်၍ အဘိုးကြီးနှစ်ဦးတို့၏ မျက်စိအာရုံ၌ ခမ်းနားကြီးကျယ်သော အိမ်ကြီးရခိုင်များ မီးတောက်မီးလျှံထဲတွင် ပြိုကျပျက်စီးသွားပြီး ပြာပုံဘဝသို့ ရောက်သွားရပုံသည်လည်းကောင်း၊ မြို့အပေါ်၌ထွမ်း

mgyoe.com

mgyoe.com


နေသော မီးခိုးထုကြောင့် အသက်ရှူကျပ်နေရပုံသည်လည်းကောင်း၊ လမ်းကြီး လမ်းငယ်အသွယ်သွယ်တို့၌ သွေးချောင်းစီးနေပုံသည်လည်းကောင်း၊ မိန်းမများ ကျူကျူပါအောင် အော်ဟစ်ငိုကြွေးနေပုံသည်လည်းကောင်း၊ စစ်ရှုံးပုဂ္ဂိုလ်များ သုံ့ပန်းအဖြစ် အဖမ်းခံရပြီး အစော်ကား အနှိပ်စက်ခံနေရပုံသည်လည်းကောင်း ကွက်ကွက်ကွင်းကွင်း ထင်ထင်ရှားရှား ပေါ်ပေါက်လာလေ၏။

ဂဏာပတိက တစ်ကြိမ်မက နှိုးဆော်တိုက်တွန်းသည်ဖြစ်၍ မဒ္ဒရဂဏာနိုင်ငံကာကွယ်ရေးကို စဉ်းစားဆွေးနွေးရန် ဂဏာလွှတ်တော်အစည်းအဝေးကို ကျင်းပပြုလုပ်လေသည်။ သို့ရာတွင် လွှတ်တော်အဖွဲ့ဝင်များ တစ်ယောက်တစ်ပေါက် ဖြစ်နေကြသဖြင့် တိကျသော ဆုံးဖြတ်ချက်ကို မချနိုင်ဘဲ လွှတ်တော်အစည်းအဝေးကို ရုပ်သိမ်းလိုက်ရလေ၏။

သူကြွယ် ပရေဆထကလည်း အခြေအနေကို မျက်ခြည်မပြတ် အကဲခတ်နေသည်။ သူသည် မဒ္ဒရဂဏာနိုင်ငံ စစ်တပ်တည်ထောင်ဖွဲ့စည်းသည့် အရေးအခင်း၌ ရာပေါင်းများစွာသော မြင်းများနှင့် ယာဉ်ရထားများကို အိမ်နီးနားချင်း နိုင်ငံများမှ မှာယူပြီး တစ်ဆင့်ရောင်းချသောကြောင့် ထောင်ပေါင်းများစွာသော အသပြာများကို အမြတ်ရရှိလေသည်။ မဟာပဏ္ဍိတ်တရားအမတ်ကြီးနှင့် ဂဏာပတိတို့ စစ်အတွက် ပူပင်ကြောင့်ကြနေပုံကို တွေ့မြင် သိရှိရသည်ဖြစ်၍ ပရေဆထက သူ့ဘာသာသူ ရွှေအသပြာတစ်ထောင်ကို စစ်ရန်ပုံငွေအတွက် ပေးလှူလိုက်လေ၏။ သို့ဖြစ်၍ ပုဂ္ဂိုလ်ကြီးနှစ်ဦးတို့၏ လူယုံဖြစ်သွားပြီးလျှင် အလွန်လျှို့ဝှက်သည့် ဆွေးနွေးပွဲများ၌ တက်ရောက် အကြံဉာဏ်ပေးနိုင်သူ ပုဂ္ဂိုလ်တစ်ဦး ဖြစ်လာလေ၏။ စစ်တပ်အုပ်ချုပ်ကွပ်ကဲမှုတာဝန်ကို သေနင်္ဂဗျူဟာ စစ်ပညာကျွမ်းကျင်သည့် စစ်သည်သူရဲကောင်းများနှင့် ယုံကြည်စိတ်ချရသည့် ဗိုလ်မှူးများ၏ လက်ထဲသို့ လွှဲအပ်ရန် ပရေဆထက အကြံဉာဏ်ပေးလေ၏။ ပရေဆထ၏ အကြံဉာဏ်ပေးချက်ကို မည်သူမျှ ဥပေက္ခာမပြုနိုင်အောင် ဖြစ်နေလေသည်။ စစ်တပ်ပြန်လည်ပြုပြင်တည်ထောင်ရေးကိစ္စနှင့်ပတ်သက်၍ ဂဏာလွှတ်တော်အစည်းအဝေးကို တစ်ဖန် ကျင်းပပြုလုပ်ပြန်လေ၏။ သို့ရာတွင် အာကျာရယ ပဝဒ္ဓန၏ ဉာဏ်နီဉာဏ်နက်ကြောင့် စစ်သေနာပတိရာထူး ပြောင်းလဲခြင်း

mgyoe.com

mgyoe.com


ခန့်အပ်ခြင်းကိစ္စများနှင့်ပတ်သက်၍ စနစ်တကျ မပြုလုပ် မဆောင်ရွက်နိုင်ခဲ့ပေ။ ပဒေသရာဇ် ကတ္တဝီရ၏ အဆိုပြုချက်ဖြင့် လုလင် ဣန္ဒရဒီပနှင့် လုလင် ဝိရုဏေသတို့အား မြင်းတပ်၏ ဗိုလ်မှူးသစ်များအဖြစ်ဖြင့်လည်းကောင်း၊ လုလင် ဝိနယရှုရမာအား ယာဉ်ရထားတပ်၏ ဗိုလ်မှူးအသစ်ဖြစ်ဖြင့်လည်းကောင်း ခန့်ထားလိုက်ကြလေ၏။

* * *

မဒ္ဒရဂဏနိုင်ငံ၏ တပ်မတော်တွင် ရာထူးရရှိရေးအတွက် ဂဏလွှတ်တော်နှင့် တရားလွှတ်ရုံးမှ တရားအဆုံးအဖြတ်ကို ရရှိရန် တင်သွင်းထားသော ပိထုသေန၏ အသနားခံလွှာကိစ္စကိုမူ ဆိုင်းငံ့ထားလေသည်။ ပိထုသေနသည် ပြည်သူလူထု၏ အတွင်း၌ ဘယ်နေရာကို ကြည့်လိုက် ကြည့်လိုက် လျော့ရိလျော့ရဲဖြစ်နေပုံကိုလည်းကောင်း၊ ဝါးအစည်းပြေနေပုံကိုလည်းကောင်း၊ ကျိုးလန့်စာစားဖြစ်နေပုံကိုလည်းကောင်း မြင်တွေ့ရလေ၏။ သူကိုယ်တိုင်လည်း လျော့ရိလျော့ရဲဖြစ်နေ၏။ မတုန်မလှုပ်ဖြစ်နေ၏။ စိုးရိမ်မကင်းဖြစ်နေ၏။ သူ့ဖခင်က သူ့ကို အားပေးစကား ပြောလေသည်။

"သား... အခွင့်အရေးဟာ လျင်မြန်တဲ့အဟုန်နဲ့ ပြေးသွားနေကြတယ်။ အဲဒီပြေးသွားနေတဲ့အခွင့်အရေးကို လက်ရဖမ်းဖို့ရန်အတွက် လုံ့လ၊ ဝီရိယရှိဖို့လိုတယ်။ သတိရှိဖို့လိုတယ်။ ယွန်းပညာရှင်များ မိန့်ကြားသွားတဲ့ ဆိုရိုးစကားတစ်ခုရှိတာ သားသိတယ်မဟုတ်လား။ အခွင့်အရေးနတ်ရဲ့ မျက်နှာဟာ သူ့ဦးထိပ်က တွဲလောင်းကျနေတဲ့ ဆံပင်တွေထဲမှာ ဝှက်နေတယ်တဲ့။ သူ့ကို မှတ်မိဖို့၊ သိဖို့ မလွယ်တာ မှန်တယ်။ ဒါပေမဲ့ သူ့ကို ချုပ်ကိုင်နိုင်တဲ့ နည်းတစ်နည်းရှိတယ်။ ဆံပင်များကို ဆွဲကိုင်ပြီးတော့သာ သူ့ကို ချုပ်ကိုင်နိုင်တယ်။ အခွင့်အရေး ဦးခေါင်းရဲ့ နောက်ဘက်မှာ ဆံပင်မရှိဘူး။ ရှေ့ကဖြတ်သွားရင် သူ့ကို အားလုံးကပဲ သိကြတယ်။ ဒါပေမဲ့ ဆံပင်မပေါက်တဲ့နေရာကို ဖမ်းဆွဲလို့မရဘူး။ ဒါကြောင့်မို့ အခွင့်အရေးကို စောင့်မျှော်တဲ့နေရာမှာ လုံ့လဥဿာဟရှိနေဖို့လိုတယ်။ ထထကြွကြွရှိနေဖို့လိုတယ်။ တကယ်လို့ သားမှာ လုံ့လဝီရိယတို့၊ သူရသတ္တိတို့၊ အကြံဉာဏ်တို့၊ ဥစ္စာကြေးငွေတို့ရှိမယ်ဆိုရင် အခုလို အကျပ်အတည်းတွေ့နေတဲ့ အချိန်

mgyoe.com

mgyoe.com


အခါမျိုးမှာ သားရဲ့တန်ဖိုးကို မသိဘဲ ဘယ်နေကြမလဲ။ သားအနေနဲ့ နီးနီးကြားကြား၊ ထထကြွကြွရှိနေရမယ်။ လူတွေရဲ့ ယုံကြည်ကိုးစားမှုကို ရအောင်လုပ်ရမယ်။ အဘိုးကြီး တရားအမတ်ကြီးနဲ့ ဂဏပတိတို့ရဲ့ အကျိုးကို သယ်ပိုးဆောင်ရွက်ရမယ်။ ပဒေသရာဇ် ဩကရိသနဲ့ ဣန္ဒရသေနတို့နဲ့ ရင်းနှီးအောင် လုပ်ရမယ်။ ကြားလား သား"

ဖခင်ဖြစ်သူက နည်းပေး လမ်းပြ ပြုလုပ်သော်လည်း ပိထုသေနသည် ယုံကြည်မှုနှင့် ငဲ့ညှာမှုကို တောင်းခံရန် သွားလိုသည့်စိတ် မရှိပေ။ စိတ်ဓာတ်ကျ၍သာ နေလေ၏။ အထက်တန်းလွှာတို့၏ လူ့အသိုက်အဝန်း၌ ဘယ်ဆီကို ကြည့်လိုက် ကြည့်လိုက် သူ့ကို မေးငေါ့နေကြသည်ကိုလည်းကောင်း၊ ပြုံးစူစောင်းမြောင်းနေကြသည်ကိုလည်းကောင်း၊ မထီမဲ့မြင်ပြုနေကြသည်ကိုလည်းကောင်း တွေ့မြင်နေရပေ၏။ မည်သည့်နေရာကိုမျှ သူသွားချင်သည့် စိတ်ဆန္ဒမရှိပေ။ လူတော သူတောထဲ၌ ဖြစ်စေ၊ ဈေးထဲ၌ဖြစ်စေ၊ မည်သည့်နေရာတွင်မှ သူ့စိတ်နှင့် မတွေ့ဖြစ်နေ၏။ အရက်သေစာနှင့် ပွဲလမ်းသဘင်ကိုလည်း သူ စိတ်မဝင်စားပေ။ အချိန်ကုန်ခဲသည်ဟု ထင်နေသည့်အခါမျိုး၌ စံအိမ်ဥယျာဉ်အတွင်းရှိ သစ်ပင်များအောက်၌ ထိုင်ပြီးလျှင် လေအလာတွင် ယိမ်းနွဲ့လှုပ်ရှားနေသော သစ်ရွက်များကို ပစ်မှတ်ပြုလုပ်လျက် မြားဖြင့်ပစ်နေသည့်အခါ ပစ်နေလေ၏။ သို့မဟုတ်ကလည်း ကျွန်ရွံ့ဂနှင့် စစ်တုရင်ထိုးနေသည့်အခါ ထိုးနေလေ၏။

ညနေချမ်းအချိန်မျိုး၌ သူသည် တစ်ခါတစ်ရံ မလ္လိကာ၏ အိမ်သို့ဖြစ်စေ၊ ဝသုမိတ္တာ၏အိမ်သို့ဖြစ်စေ သွားတတ်လေသည်။ ထိုသို့သွားခြင်းမှာ ဒိဗျာနှင့်တွေ့လို့တွေ့ငြားဟူသော မျှော်လင့်ချက်တစ်ခုတည်းဖြင့်သာလျှင် သွားခြင်းဖြစ်လေသည်။ သူ၏ စိတ်ဆင်းရဲမှုကြောင့် စိတ်မကောင်းဖြစ်နေသော ဒိဗျာနှင့် နီးနီးကပ်ကပ်နေရလျှင် သူ စိတ်သက်သာရာရလေသည်။ သူသည် ဘဝ၏ တစ်ခုတည်းသောလမ်းမကိုသာလျှင် မြင်တွေ့နေရသည်။ သူ့ကို လူဟူ၍အမှတ်ထားပြီး ကမ္ဘာလောကအတွင်း၌ ဆေးဖော်ကြောဖက်လုပ်သော၊ အနှောင့်အယှက်အဟန့်အတားအမျိုးမျိုးကို လျစ်လျူရှုလျက် မိမိ၏နှလုံးကို အပ်နှင်းသော ဒိဗျာသည်သာလျှင် သူ၏ တစ်ခုတည်းသော မှီခိုအားကိုးရာဖြစ်သည်။ တစ်ဦးတည်းသော ပိုင်ဆိုင်သူဖြစ်သည်။ ထိုဒိဗျာ

mgyoe.com

 mgyoe.com


ကို ခေါ်လျက် သူသည် မသိမမြင်သည့် အရပ်မျက်နှာနှင့် အရပ်ဒေသတစ်ခုခု သို့သွားပြီးလျှင် မိမိအတွက် နေရာသစ်၊ လူ့အသိုက်အဝန်းအသစ်၊ ကမ္ဘာသစ်ကို တည်ထောင်လိုသည့်ဆန္ဒရှိနေသည်။ မိမိ၏အမျိုးဇာတ်အတွက် အနှိမ်မခံရသော အရပ်ဒေသသို့၊ မသိအပ် မသိရသည့် ကံတရား၏ အကျိုးအာနိသင်ကြောင့် လူလုံးမလှ ဖြစ်မနေရသော အရပ်ဒေသသို့၊ အလုပ်ကို လွတ်လပ်စွာ လုပ်ပိုင်ခွင့်ရှိသည့် အရပ်ဒေသသို့၊ အောက်တန်းလွှာ မိဘ၏ သားသမီးဖြစ်ရခြင်းတည်းဟူသောအကြောင်းကြောင့် မိမိ၏ ကာယဗလနှင့် ဉာဏဗလ အချည်းနှီး အလဟဿဖြစ်မသွားရသည့် အရပ်ဒေသသို့ သူသွားချင်စိတ်ပေါက်နေသည်။

မဒ္ဒရတိုင်းပြည်၏နယ်စပ်၌ ကိန္နရဆ၏ တပ်သားများ အလုံးအရင်းနှင့် ဝင်ရောက်တိုက်ခိုက်ခြင်းကို မဒ္ဒရတပ်သားများ မခုခံနိုင်ဘဲ အရေးနိမ့်သွားကြသည်ဟူသော သတင်းသည် ရုတ်ခြည်းရောက်လာလေသည်။ စစ်ကို ထိတ်လန့်ကြောက်ရွံ့မှုသည် သာဂလမြို့ရှိ လူ့အလွှာအသီးသီး၏ အတွင်းသို့ နက်ရှိုင်းစွာ ဝင်ရောက်လာလေသည်။ မည်သည့်နေရာ၌မဆို၊ မည်သည့်အချိန်၌မဆို ပြောသူပါးစပ်ပေါက်နှင့် နားထောင်သူ နားနှစ်ဖက်တို့ တွေ့ဆုံမိကြပြီဆိုလျှင် စစ်အကြောင်းကိုသာလျှင် စကားစပ်ကြလေသည်။ မလ္လိကာပင်လျှင် စစ်တည်းဟူသော ယဇ်ထဲ၌ ကြေးငွေခနတည်းဟူသော ဗလိနတ်စာထည့်လျက် အားပေးကူညီမှု ပြုလုပ်လေသည်။ သူ၏အဆောင်ခန်းမတွင်လည်း အတီးအမှုတ် အကအခုန်များ ပြုလုပ်သည့် အချိန်ဖြစ်စေကာမူ စစ်ရေးစစ်ရာနှင့် အုပ်ချုပ်ရေးရာပိုင်းက ပုဂ္ဂိုလ်များသည် စစ်အကြောင်းကိုသာလျှင် ဆွေးနွေးပြောကြားနေကြလေ၏။ လက်ထဲတွင် သေရည်ခွက်ကို ကိုင်ထားသည့် ပြောသူနှင့် နားထောင်သူနှစ်ဦးလုံးသည် အနုပညာ၏အရသာကိုမေ့လျက် စစ်၏ ထိတ်လန့်ကြောက်မက်ဖွယ်အရေးကို တွေးရင်း ငေးမောနေကြလေ၏။ ကိုယ့်ဘဝကို သာယာနှစ်သိမ့်ရေးထက် ကိုယ့်ဘဝကို ကာကွယ်ရေးက ပိုမိုအင်အားကောင်းနေလေသည်။ သေရည်အရှိန်တက်လာသောအခါ လေးလေးနက်နက် တွေးခေါ်ဝေဖန်မှုသည် ပေါက်ကရစကား၏အသွင်သို့ ပြောင်းလဲသွားလေသည်။ ပိထုသေနသည် ယင်းအရာအားလုံးကို ကြားနေရ၏။ ယင်းမိုက်မဲမှု၊ သူရဲဘောကြောင်မှုများ

mgyoe.com

mgyoe.com

ကြောင့် စိတ်ပျက်ပြီး ဘာတစ်ခွန်းမျှမပြောဘဲ ခပ်မဆိတ်သာ ထိုင်နေလေ၏။

သေရည် အတော်ကလေးဝင်သွားသောအခါ ဣန္ဒရဒီပသည် ရင်ကို ကော့လျက် ပြောလေသည် "ဗြာဟ္မဏတွေရဲ့ လက်ရုံးအားကို အသုံးပြုလိုက်လျှင် စစ်ပွဲမှာ အနိုင်ရရှိဖို့ ကျိန်းသေပါတယ်။ စစ်ပွဲမှာ အနိုင်ရရှိဖို့ အတွက် သေနာပတိ ပုပ္ဖမိတ္တလို စိတ်နှလုံး ထက်မြက်ဖို့နဲ့ ရဲစွမ်းသတ္တိရှိဖို့ လိုတယ်။ အတွေးအခေါ် ကမောက်ကမ ဖြစ်ပြီး ခေါင်းညိတ်ဖို့ ဟန်ပြင်နေတဲ့ ကျုပ်တို့ သေနာပတိ အဘိုးကြီးတို့အနေနဲ့တော့ ဘယ်မှာသွားပြီး စစ်တိုက်လို့ ဖြစ်ပါမလဲ။ ဒီသာမန်အနိုင်အရှုံးကလေးနဲ့လောက်တော့ ဘာလုပ်မှာလဲ" လက်ရုံးကို မြှောက်လျက် ကြုံးဝါးလိုက်ပြန်လေ၏။ "ဟောဒီ အကြောတွေထဲမှာ ပေါရဝသွေးရှိနေတယ်။ အဲဒီရဲရဲနီနေတဲ့ ပေါရဝသွေးကို ရင်မဆိုင်ရဲတဲ့အတွက် မိလိန္ဒဘုရင်ဟာ စစ်ကိုနိုင်အောင်တိုက်နိုင်ပေမဲ့ တိုင်းပြည်ကို မအုပ်ချုပ်နိုင်ဘဲ ရဟန်းဘောင်ဝင်ရောက်ပြီး သပိတ်နဲ့ သင်္ကန်းကို အဖော်လုပ်သွားရရှာတယ်။ သေနာပတိ ဣန္ဒရဒီပစစ်တပ်ကို ကွပ်ကဲအုပ်ချုပ်တဲ့ တစ်နေ့မှာ ကိန္ဒရဆအနေနဲ့ ဘယ်လိုအခြေအနေမျိုးကို ရင်ဆိုင်ရမယ်ဆိုတာ ကြည့်ပါ" သေရည်ခွက်ကို ကိုင်၍ ရှေ့၌ ရပ်နေသော ကျွန်မ၏ လက်မောင်းကို ရင်ခွင်ထဲ ဆွဲသွင်းလိုက်လေ၏။ အဲဒီအချိန်မှာ ကိန္ဒရဆရဲ့ ကြင်ရာတွေဟာ ပဒေသရာဇ် ဣန္ဒရဒီပရဲ့ ရင်ခွင်ထဲမှာ ဟောဒီလို ပန်းရနေမှာပေါ့... ဟား... ဟား"

သေရည်ဖြင့် ဧည့်ခံနေသော ကျွန်မ မင်္ဂါသည် ဣန္ဒရဒီပ၏ အရူးအမူးဖြစ်နေသောအမူအရာကြောင့် ထိတ်လန့်ကြောက်ရွံ့သွားပြီးလျှင် မျက်စိမျက်နှာ ပျက်နေလေ၏။ မလ္လိကာသည် နှုတ်ခမ်းတွင် လက်ချောင်းတင်လျက် ဣန္ဒရဒီပအား သတိပေးလိုက်လေ၏။ "ဣန္ဒရဒီပ၊ မျက်နှာငယ်နေတဲ့ မိန်းမသားကို ဒီလိုမစော်ကားပါနဲ့'

ဣန္ဒရဒီပ၏ အနီးတွင် ထိုင်နေသော ရှရီမုခရှုရမာ၏သား ကေဒါရရှုရမာက မလ္လိကာ ဟန့်တားလိုက်သည်ကို မခံမရပ်နိုင်ဖြစ်ပြီးလျှင် ပြောလေသည်။ "ဒီလိုအချုပ်အချယ် အဟန့်အတားမျိုးတွေရှိနေလျှင် ကျုပ်တို့ မိမိကိုယ်ပေါ်မှာ ကိန္ဒရဆရဲ့ ဓားအထိခံလို့ ဖြစ်ပါ့မလား" လက်နှစ်ဖက်ကို

mgyoe.com

mgyoe.com

ဆန့်လျက် အားလုံး၏ထောက်ခံချက်ကို ရယူသည့်အနေဖြင့် အားလုံးကို ကြည့်လိုက်သည်။ "ဟုတ်တယ်မဟုတ်လား၊ ပြောကြစမ်းပါဦး၊ ပဒေသရာဇ် လုလင်တစ်ဦးဟာ ကျွန်မတစ်ယောက်ရဲ့ ရှေ့မှာတောင်မှ ခြေချုပ် လက်ချုပ် ဖြစ်နေရမှာလား။ ကျွန်မကိုတောင်မှ လုပ်ချင်သလို လုပ်လို့ မရတော့ဘူးလား။ ကျွန်မရဲ့ သဘောတူညီမှုကို လက်ဖြန့်တောင်းခံနေရမှာလား။ သာဂလမြို့ လမ်းကြီးလမ်းငယ်တွေမှာ ဗြာဟ္မဏတွေကို အောက်တန်းစားပုဂ္ဂိုလ်တွေက ပခုံးချင်းယှဉ်ကြတော့မှာလား။ နွာရာချင်း တိုင်းကြတော့မှာလား။ မထီမဲ့ မြင်ပြုကြတော့မှာလား။ လက်လုပ်လက်စားပုဂ္ဂိုလ်တွေဟာ ကျုပ်တို့နဲ့ တန်းတူရည်တူ တစ်ပြေးတည်း ထိုင်ကြတော့မှာလား။ မဒ္ဒရဂဏရဲ့ အဲဒီလို အုပ်ချုပ်ရေး၊ အဲဒီလို အစိုးရမျိုးအကြွက် ကျုပ်တို့ အထိခိုက် အနစ်နာခံရမှာလား၊ အသက်စွန့်ရမှာလား။ ဘယ်လိုသဘောရသလဲ သူကြွယ် ဥဒယဘာနု" ကေဒါရရှုရမာသည် မှီအုံးကိုမှီ၍ ထိုင်နေသော ဥဒယဘာနုအား ထောက်ခံအားပေးမှုကို ရယူလိုသည့်သဘောဖြင့် တိုင်တည်လိုက်လေ၏။

စိတ်မပါ့တပါဖြင့် ဥဒယဘာနုက ပြန်ဖြေလေသည်။ "ကျုပ်အတွက်ကတော့ အားလုံး အတူတူနဲ့ အနူနူချည့်ပဲ။ မဒ္ဒရဂဏအစိုးရဟာ ကျုပ်ရဲ့ ကုန်သွယ်မှုလုပ်ငန်းက ပေါ်ထွက်မြတ်စွန်းလာတဲ့ အမြတ်အစွန်းရဲ့ အပုံအတော်များများကို နိုင်ငံတော်ရဲ့ အခွန်ဘဏ္ဍာအဖြစ် သိမ်းပိုက်သလို ကိန္နရဆလည်းပဲ ကျုပ်ကို ခေါင်းပုံဖြတ်မှာအမှန်ပဲ။ ဂဏအစိုးရက ကျုပ်ဆီက စစ်စရိတ်အတွက် ရွှေဒင်္ဂါး ၁၀၀ ယူတယ်။ ကျုပ်ကို တခြားပုဂ္ဂိုလ်တွေထက် အဆတစ်ရာပိုပြီး ဂဏအစိုးရက အကာအကွယ်ပေးမှာလား။ ကျုပ်ရဲ့ ကိုယ်ခန္ဓာဟာ တခြားနိုင်ငံသူနိုင်ငံသားတွေထက် အဆတစ်ရာ ပိုကြီးနေလို့လား" မိမိ၏ ကျယ်ပြန့်သော ရင်ဘတ်ကြီးကို လက်ဖြင့်အုပ်လျက် ဥဒယဘာနုက မေးခွန်းထုတ်လိုက်လေ၏။

"မိတ်ဆွေ၊ ကျုပ် တစ်စုံတစ်ယောက်ကို ဘာဖြစ်လို့ ဒေါသဖြစ်အောင် လုပ်ရမှာလဲ။ ကျုပ်အတွက် အားလုံးအတူတူချည်းပဲ။ ကျုပ်က မျက်နှာငယ်တဲ့ ဝေသသတစ်ယောက်ပါ။ နိုင်ငံရဲ့ ရာဇပလ္လင်ပေါ်မှာ ဘယ်သူတက်နေတက်နေ မျက်နှာငယ်တဲ့ ဝေသသတွေကတော့ မျောက်လောင်း မျောက်လောင်း ပါပဲ။ အရှင်သခင်ရဲ့ ကျေးကျွန် သူခစားအနေနဲ့ပဲ နေရမှာပါပဲ"

mgyoe.com

mgyoe.com

ဣန္ဒရဒီပသည် မလ္လိကာအား လှမ်းပြောလိုက်လေသည်။ "ဒီမှာ မလ္လိကာ သိတယ်မဟုတ်လား။ ဦးပြည်းရဟန်းတွေဟာ မဒ္ဒရတိုင်းပြည်ကို အတွင်းက လိုက်စားပြီး သစ်သားပုထိုးကို ခြစားသလို အခေါင်းချည်းပဲ ကျန်အောင် လုပ်ပစ်ကြတယ်။ နိုင်ငံတော်ရဲ့ဘဏ္ဍာဟာ ဦးပြည်းရဟန်းတွေ ပြည့်နေတဲ့ ကျောင်းတိုက်တွေကို ပံ့ရ ပိုးရတဲ့အတွက် ဘယ်မှာကျန်တော့လို့လဲ" ဣန္ဒရဒီပသည် ဟက်ဟက်ပက်ပက်ရယ်မောလျက် ထိုင်ရာမှ ထလိုက်လေသည်။

မလ္လိကာ၏မျက်နှာပေါ်၌ စိုးရိမ်ကြောင့်ကြသည့် အမူအရာ ပေါ်နေသည်။ ရောဂျ မရယ်နိုင် မပြုံးနိုင် ဖြစ်နေသည်။ ဣန္ဒရဒီပအား ပြန်လည်ပြောကြားလိုက်လေ၏။ "ဣန္ဒရဒီပလုလင်၊ အချင်းချင်း ခွက်စောင်းခုတ်နေမယ်ဆိုရင် ရန်သူ့လက်ထဲ ဝကွက်အပ်လိုက်တာနဲ့ ဘာထူးမှာလဲ။ မဒ္ဒရတို့၊ သာဂလတို့ မရှိတော့ရင် ဘယ်သူ အပြစ်ပြောနေတာကို ဘယ်သူက နားထောင်နေဦးမှာလဲ"

ပိထုသေနသည် ယင်းစကားများကို နားကြားပြင်း ကတ်နေလေ၏။ ဒိဗျာအား ခန်းဆောင်ထဲမှထွက်ခဲ့ရန် မျက်ရိပ်ပြလိုက်ပြီးလျှင် ပန်းချုံ ပန်းရုံရှိရာသို့ ထွက်လာခဲ့လေသည်။ မကြာမီပင် ဒိဗျာလည်း နောက်က လိုက်လာလေ၏။

ဒိဗျာ၏လက်ကို ဆွဲကိုင်လိုက်ပြီးလျှင် ပိထုသေနသည် စိတ်ပျက်သည့်အမူအရာဖြင့် မေးလိုက်လေ၏။ "တွေ့တယ်မဟုတ်လား အချစ်၊ ဒါ စစ်အတွက် ပြင်ကြ ဆင်ကြတာတဲ့လား။ ဘီလူးသရဲ ကိန္နရဆက မဒ္ဒရရဲ့ လည်မျိုကို သံဖနောင့်နဲ့ နင်းထားပြီ။ မဒ္ဒရရဲ့ ခေါင်းဆောင်တွေကတော့ အခုထက်ထိ ဘာမှ မည်မည်ရရ မရှိသေးဘူး"

ဒိဗျာသည် ရှက်ကိုးရှက်ကန်းဖြစ်နေပြီးလျှင် မျက်နှာကို ကိုယ်ရုံအဝတ်ဖြင့် ဖုံးအုပ်လိုက်လေ၏။ ဒိဗျာ၏ကျောပေါ်တွင် မိမိ၏လက်မောင်းကို တင်လျက် ပိထုသေနက ဆက်ပြောပြန်လေ၏။ "ဒီလူတွေရဲ့အမြင်မှာ အခု ကျူးကျော်တိုက်ခိုက်တာဟာ ဦးပြည်းတွေရဲ့ ဘာသာတရားကို လိုက်နာကျင့်ကြံခြင်းရဲ့ အပြစ်ဒဏ်ခံရတာပဲလို့ ထင်နေတယ်။ အာကျာရယ ပဝဒ္ဒနဟာ စစ်ကို အကာအကွယ်ယူပြီး ဗြာဟ္မဏ ဘာသာတရားကို ပြန်လည်

mgyoe.com

mgyoe.com

ထူထောင်ဖို့ စက်ပုန်းခုတ်နေတယ်။ ပုပ္ပမိတ္တာဖြစ်ဖြစ်၊ ကိန္နရဆဖြစ်ဖြစ်၊ မဒ္ဒရနိုင်ငံမှာ ဗြာဟ္မဏဘာသာတရားကို ထူထောင်ဖို့ ရည်ရွယ်ချက်နဲ့ မိမိရဲ့သွေးကို အစွန်းခံလိမ့်မယ်မဟုတ်ဘူးလို့ ဘယ်သူမှမတွေးကြဘူး။ သူတို့ရဲ့ ရည်ရွယ်ချက်က အရှင်းကြီးပါ။ မိမိရဲ့နိုင်ငံကို ချဲ့ထွင်ဖို့အတွက်သာ ဖြစ်တယ်။ မဒ္ဒရနိုင်ငံကထွက်တဲ့ ဥစ္စာရွှေငွေ ဆန်ရေစပါးကို သိမ်းပိုက်ယူငင်လိုတဲ့အတွက်သာဖြစ်တယ်။ မဒ္ဒရကိုတိုက်လို့ရရင် ကိန္နရဆက သူတို့ကို နတ်ဒေဝတာလို သဘောထားပြီး အခွင့်ထူးတွေနဲ့ ပူဇော်ပသလိမ့်မယ်လို့ ဒီလူတွေ ယုံကြည်နေကြတယ်။ အရှုံးပေးလိုက်ရတဲ့လူတွေဟာ ဘယ်တော့မှ အပူဇော်မခံရဘူး။ ကိန္နရဆက သူ့ကိုယ်သူသာ နတ်ဒေဝတာလို့ အောက်မေ့နေတဲ့လူဖြစ်တယ်။ အခုစစ်ပွဲဟာ သူ့လိုဘကို ဖြည့်ဖို့ တိုက်တဲ့ စစ်ပွဲသာဖြစ်တယ်။ သာဂလတစ်ပြည်လုံးကတော့ စစ်တလင်းပဲဖြစ်နေမှာပဲ။ အဲဒီစစ်ပွဲမှာ ဒီတိုင်းပြည်မှာရှိတဲ့ လူတွေရဲ့ အသက်စည်းစိမ်အိုးအိမ်တွေဟာ စစ်တည်းဟူသော ယဇ်ပွဲရဲ့ ဗလိနတ်စာတွေ ဖြစ်ကုန်မှာပဲ။ အင်း… ကံကောင်းထောက်မပြီး ဗလိနတ်စာဘဝမရောက်မယ့် လူတွေတော့ ရှိတယ်။ ဘယ်လိုလူတွေလဲဆိုရင် မိမိရဲ့ လူသား လူအဖြစ်ဆိုတာကို မေ့ပျောက်ပြီး ကိန္နရရဲ့ သံဖနောင့်နဲ့ အကန်ခံရတာကို ဂုဏ်ပကာသနလို့ အထင်ရောက်နေကြတဲ့လူတွေပေါ့။ အဲဒါ ကံကောင်းထောက်မတယ်လို့ ခေါ်မလား။ အဲဒီလူတွေရဲ့ အဆောင်တွေမှာ မြေကြီး ခြေနဲ့မထိဘဲ ခြေမွေးမီးမလောင် လက်မွေးမီးမလောင်နေကြတဲ့ မိန်းမတွေဟာ မွတ်သိပ်နေကြတဲ့၊ ကာမဂုဏ်ရူး ရူးနေကြတဲ့ စစ်နိုင် ကိန္နရဆရဲ့ စစ်သားတွေအတွက် စပျစ်သီး အပြွတ်အခိုင်ကြီးတွေလို သွားရည်ကျစရာ ဖြစ်နေလိမ့်မယ်။ အမျိုးကောင်းသား အထက်တန်းစားဖြစ်ရတာကို ဂုဏ်ယူမော်ကြွားနေတဲ့ ပုဂ္ဂိုလ်တွေဟာ ကြိုးနဲ့ချည်ထားတဲ့ ကျွန်၊ ကျွန်မတွေလို မျက်နှာသေကလေးနဲ့ လျှောက်နေရတဲ့အဖြစ်ကို ရောက်လိမ့်မယ်။ သွေးရူးသွေးတန်းနဲ့ ငယ်သံပါအောင် အော်ဟစ်နေကြတဲ့ သာဂလသူ အထက်တန်းစား မိန်းမပျိုများ၊ ဗြာဟ္မဏကညာပျိုများဟာ စစ်နိုင်တွေရဲ့လက်ထဲမှာ မလှုပ်သာ မလွန့်သာ ဖြစ်နေကြရလိမ့်မယ်။ အားလုံးပျက်ပြုန်းနေတဲ့ အဲဒီမီးပုံကြီးထဲမှာ ကျုပ်တို့ရဲ့ ဘဝမျှော်လင့်ချက်ဟူသရွေ့ဟာ ပြန်ပြီး နာလန်ထူတော့မှာမဟုတ်ဘူး"

mgyoe.com

အတွေးရေယဉ်ကြောတွင် မြုပ်နစ်နေသော ပိထုသေန၏ မျက်လုံးများသည် ရေကန်ထဲတွင် ယိမ်းထိုးနေကြသည့် ကြယ်တာရာတို့၏ အရိပ်ဆီသို့ ရောက်နေလေ၏။ ဒိဗျာ၏လက်သည် သူ၏လက်ထဲမှ ထွက်သွားလေ၏။ ခါးစည်းကြိုးတွင် ချိတ်ဆွဲထားသည့် ဓားသည် သူ၏လက်ထဲရောက်လာသည်။ သူ့မျက်နှာကို စိုက်ကြည့်နေသော ဒိဗျာ၏မျက်လုံးများကို သူ သတိမပြုမိပေ။ ရုတ်တရက်ပြောလိုက်လေ၏။ "ကျုပ် စဉ်းစားကြည့်တယ်။ ကျုပ်တို့ရဲ့ မီးဟုန်းဟုန်းတောက်နေတဲ့ ပြာသာဒ်ဘုံဗိမာန်တွေက ထွက်တဲ့ မီးညွှန့်မီးလျှံတွေရဲ့ အရောင်အောက်မှာ စစ်ရူး ရူးနေတဲ့၊ စစ်မာန်တက်နေတဲ့ စစ်နိုင်စစ်သားတွေက ဒိဗျာကို ဆွဲလား လွဲလား လုပ်ကြလိမ့်မယ်။ ကျုပ်ကတော့ လက်ကြိုးအတုပ်ခံရပြီး အငူသား ရပ်နေရလိမ့်မယ်။ အဲဒီလို မဖြစ်ခင် ကျုပ်တော့ ရန်သူရဲ့ ဓားဒဏ်ချက်နဲ့ အသက်ထွက်သွားမှာပဲ။ ဒါမှမဟုတ်ရင်လည်း ကိုယ့်ဓားနဲ့ပဲ။ ဒါပေမဲ့ အသက်ထွက်သွားပြီးတဲ့နောက်တောင်မှ ဒိဗျာအတွက် အဲဒီ ရင်တုန်စရာအတွေးကို တွေးမကြည့်ရဲအောင် ဖြစ်နေတယ်"

ဒိဗျာ၏ ရှိုက်လိုက်သောအသံကြောင့် အတွေးနယ်ကျွံနေရာမှ ပြန်လည်သတိရလာသော ပိထုသေနသည် ဒိဗျာ၏ခါးကို လက်မောင်းဖြင့် လှမ်းဖက်လိုက်ပြီးလျှင် မိမိ၏ရင်ခွင်ထဲသို့ ဆွဲယူလိုက်လေ၏။ ဒိဗျာ၏ နဖူး၊ ပါး၊ နှုတ်ခမ်းများကို အကြိမ်ကြိမ် အထပ်ထပ် နမ်းစုပ်ပြီးလျှင် ဒိဗျာ၏မျက်နှာကို မိမိ၏မျက်နှာဖြင့် တေ့လျက် အားပေးစကား ပြောလေ၏။

"ဒိဗျာ၊ စိုးရိမ်ကြောက်ရွံ့နေလို့ ဘာအကျိုးရှိမှာလဲ။ ဘဝရဲ့အချိန်သမယတွေကို အပြည့်အဝ အနိုင်ယူပြီးတော့ ဘဝကို ရဲရဲဝံ့ဝံ့ အပြီးသတ်လိုက်ဖို့လိုတယ်"

ဒိဗျာကို အားပေးနှစ်သိမ့်ရင်းနှင့် ပိထုသေနကိုယ်တိုင်သည်လည်း ဒိဗျာ၏ ကိုယ်ကာယတွင် ခိုလှုံအားကိုးရာကို ရှာဖွေနေလေ၏။ ဒိဗျာ၏ ကြော့ရှင်းသော ခါးကို ပိုမိုတင်းကျပ်စွာ ဖက်ထားလိုက်လေ၏။ သို့ဖြစ်၍ အင်္ကျီအတွင်းဘက်မှ ဖောင်းကြွမို့ထွက်နေသော ဒိဗျာ၏ရင်သားသည် ပိထုသေန၏ ခုန်နေသောနှလုံးကို ခိုလှုံမှုပေးရန် ရှေ့သို့ တိုးလာလေသည်။

mgyoe.com

mgyoe.com
ပိထုသေန၏ မေးဖျားသည် ဒိဗျာ၏ဆံပင်များပေါ်တွင် ခိုလှုံမှုရရှိနေသည်။ ပိထုသေန၏ဦးနှောက်သည် ဒိဗျာ၏ဆံပင်မှ ထွက်နေသည့် မွှေးရနံ့ကို ရှူရှိုက်နေရသဖြင့် မိန်းမောနေလေ၏။ စစ်၏ ထိတ်လန့်ကြောက်ရွံ့ဖွယ် အတွေးတည်းဟူသော မီးလျှံသည် အားကုန်ခန်းသွားသော ဆီးမီးလျှံကဲ့သို့ အားပျော့သွားပြီးလျှင် အဝေးသို့ ဖယ်ရှားလွင့်ပျောက်သွားလေ၏။ ပြင်းထန်ကြီးမားသော ရောင့်ရဲမှုအတွက် စိတ်တက်ကြွနေသော ပိထုသေန၏အသက်သည် နှုတ်ခမ်းပေါ်တွင် ပေါ်ပေါက်လာပြီးလျှင် ဒိဗျာအတွက် ဗျာများနေလေသည်။ ဒိဗျာနှင့် နှုတ်ခမ်းချင်းထိစပ်သွားသောအခါတွင် တော်တော်နှင့် ပြန်ခွဲမပစ်ချင်အောင် ဖြစ်နေသည်။ သူ၏ တားမရ ဆီးမရသော လက်သည် ဒိဗျာ၏ ရင်သားအောက်၌ လှုပ်ရှားကွန့်မြူးနေသည့်အသက်ကို ရှာနေသည်မှာ မအားလပ်အောင် ဖြစ်နေသည်။

ဒိဗျာသည် ရှက်သွေးကြောင့် တွန့်ဆုတ်သွားလေ၏။ မိမိကိုယ်ကို အပ်နှံသည့် ရောင့်ရဲမှုနှင့် မိမိကိုယ်ကို ကာကွယ်သည့် စိတ်စောမှုနှစ်ခု၏ အကြားတွင် သို့လော သို့လော ဖြစ်နေရင်း လက်နှစ်ဖက်ဖြင့် ပိထုသေန၏ လက်များကို ဖမ်းကိုင်ထားလိုက်လေသည်။ သက်ပြင်းရှည်ကြီးတစ်ချက် ချလျက် မိမိကိုယ်ကို ထိန်းလိုက်ပြီးလျှင် ပိထုသေနသည် မိမိ၏နှုတ်ခမ်းကို သွားဖြင့် ကိုက်ထားလိုက်လေသည်။ တစ်ခဏမျှ သူ၏မျက်လုံးထဲမှ ပျောက်ကွယ်နေသည့် စစ်၏ ကြောက်ရွံ့ထိတ်လန့်ဖွယ်သည် တစ်ဖန် သူ့မျက်မှောက် ပြန်ရောက်လာသည်။ မိမိ၏ လျော့ရိလျော့ရဲဖြစ်နေသောလက်ကို ဒိဗျာ၏ပခုံးနှင့် ခါးပေါ်တွင် တင်ထားပြီး ရေကန်ထဲတွင် ယိမ်းထိုးနေသည့် ကြယ်တာရာတို့၏ အရိပ်ဆီသို့ လှမ်းကြည့်နေလေ၏။ တက်ကြွလှုပ်ရှားမှု၏ အချည်းနှီး အလဟဿဖြစ်မှုကြောင့် ပါးစပ်ထဲတွင် ပျို့လာသော ခါးသီးမှုကို မျိုချလိုက်ပြီးလျှင် ပိထုသေနသည် တစ်ဖန် စကားဆိုပြန်လေသည်။ "ဒိဗျာ၊ ကျုပ် သေရမှာကြောက်တယ်ဆိုတာကို အသိအမှတ်မပြုဘူး။ သေတယ်ဆိုတာ ဘာလဲ။ တည်ရှိမှုအဆုံးသတ်သွားခြင်းပဲ မဟုတ်လား။ တည်ရှိမှုမရှိတဲ့လူဟာ၊ အထိအတွေ့မရှိတဲ့လူဟာ ကြောက်ခြင်းကိုလည်း သိနိုင်မှာမဟုတ်ဘူး။ ကြောက်တယ်ဆိုတာ အသက်ရှင်နေပြီး ဆင်းရဲဒုက္ခ ခံစားရခြင်းနဲ့ အဖိနှိပ် အစိုးမိုးခံနေရခြင်းမှာသာ ရှိတယ်။ တစ်သက်လုံး
mgyoe.com

mgyoe.com


ဆင်းရဲဒုက္ခခံနေရမှာနဲ့ အဖိနှိပ်အစိုးမိုးခံနေရမှာကိုသာ ကြောက်တယ်။ ဒီဗျာကို ရင်ခွင်မှာပိုက်ပြီး နိဂုံးချုပ်လိုက်မယ်ဆိုရင် မပြည့်ဝတဲ့ အလိုဆန္ဒရယ်လို့ ဘယ်မှာရှိတော့မှာလဲ။ ကြောက်တယ်ဆိုတာလည်း ဘယ်မှာရှိတော့မှာလဲ။ အဲဒါဟာ ချမ်းသာသုခ အပြည့်အဝရှိတဲ့ တည်ရှိမှုရဲ့ ချမ်းသာသုခ အပြည့်အဝရှိတဲ့ အဆုံးသတ်မှုပဲ။ ဒါပေမဲ့ စစ်ပွဲမှာ အညှဲခံလိုက်ရပြီး တစ်သက်ပတ်လုံး သေနေရမှာမျိုးကိုတော့ ကျုပ် တွေးကြည့်တာတောင် မခံနိုင်ဘူး။ ဘဝရဲ့ အကျိုးရှိမှု၊ အဓိပ္ပာယ်ရှိမှုဆိုတာဟာ အခွင့်အာဏာနဲ့ စွမ်းဆောင်နိုင်မှု အင်အားမှာသာရှိတယ်။ ဒီလူတွေအတွက်ကတော့ စစ်ပွဲဟာ ကောက်ကျစ်စဉ်းလဲမှု ထမြောက်အောင်မြင်ရေးအတွက် အခွင့်အလမ်းမျှသာဖြစ်နေတယ်။ သူတို့ဟာ ကိုယ့်အချင်းချင်းကိုတော့ ရန်သူလို သဘောထားနေကြတယ်။ အားလုံးရဲ့ ရန်သူအစစ်အမှန်ကိုတော့ မိတ်ဆွေဖွဲ့ဖို့၊ အကူအညီအထောက်အပံ့ပေးဖို့ အကြံထုတ်နေကြတယ်။ သား သောကနဲ့ လောကကို ငြီးငွေ့နေတဲ့ မဟာသေနာပတိရဲ့ ရှေ့မှောက်မှာ မိလိန္ဒ ဘုရင်ရဲ့ စံနမူနာရှိနေတယ်။ သူကတော့ တစ်ချိန်လုံးပဲ ဓမ္မရက္ခိတမထေရ်ဆီက နိဗ္ဗာန်ရောက်ကြောင်း နည်းလမ်းကောင်းများကို ကြားနာပြီး ငြိမ်းချမ်းမှုကို ရရှိနေတယ်။ ဂဏလွှတ်တော်ဥက္ကဋ္ဌကလည်း သူ့မိဘဘိုးဘွားတွေလိုပဲ ကိန္နရဆရာရဲ့ အမတ်ကြီးရာထူးကို မျှော်လင့်ပြီး မဒ္ဒရပြည် ပြာပုံဘဝရောက်သွားတာကို ကြည့်ဖို့ အဆင်သင့်ဖြစ်နေတယ်။ နေပြည်တော်နဲ့ မဒ္ဒရဂဏနိုင်ငံအဝန်းမှာရှိနေကြတဲ့ ပြည်သူအားလုံးရဲ့ ဘဝဟာ ဒီလူတွေရဲ့ ကိုယ်ကျိုး၊ ကိုယ်စီးပွားအပြည့်ရှိနေတဲ့ လုပ်ကြံမှုများအပေါ်မှာ တည်နေတယ်။ အဲဒီလူတွေဟာ ကိုယ်ကျိုး ကိုယ်စီးပွားကို ပြည်သူလူထု သိန်းသန်းများစွာရဲ့ အသက်ထက် ချစ်မြတ်နိုးကြတယ်"

ပိထုသေနသည် ရေကန်ထဲရှိ ကြယ်တာရာအရိပ်ထင်နေသည့် ရေပြင်ရှိရာသို့ အာရုံစိုက်နေလေ၏။

ပိထုသေန၏လက်ကို မိမိ၏မေးပေါ်တင်လျက် ဒိဗျာက တိုက်တွန်းတောင်းပန်လေ၏။ "ဘိုးဘိုးဆီကို သွားပါလား မောင်ကြီး။ သူလည်းပဲ မောင်ကြီးလိုပဲ စစ်ရဲ့ အကျိုးအာနိသင်ကြောင့် ဖြစ်ပေါ်လာမယ့် ကြောက်ရွံ့ထိတ်လန့်ဖွယ်ကို စိုးရိမ်မကင်းဖြစ်နေတယ်။ ဘိုးဘိုးဟာ မဒ္ဒရတိုင်းပြည်

mgyoe.com

mgyoe.com


ကို ဘုရင်မိလိန္ဒ အနိုင်တိုက်ယူခဲ့တာကို မျက်စိနဲ့ ကိုယ်တိုင်ကိုယ်ကျ တွေ့ခဲ့တဲ့ပုဂ္ဂိုလ်ဖြစ်တယ်။ အဲဒီလို ငရဲခန်းအဖြစ်အပျက်မျိုးကို နောက်တစ်ကြိမ် ထပ်မံတွေ့ကြုံဖို့ရန်အတွက် သူ့အသက်နဲ့ ကိုယ်ခန္ဓာ တည်မနေရပါစေနှင့်လို့ အဓိဋ္ဌာန်ပြုထားတဲ့ပုဂ္ဂိုလ်ဖြစ်တယ်။ ဘိုးဘိုး တစ်ခုခုလုပ်ကိုင်ဆောင်ရွက်နိုင်ပါလိမ့်မယ်။ မဟာသေနာပတိကလည်း သူ့ကို ပစ်ပယ်မှာ မဟုတ်ပါဘူး။ အာကျာရယပဝဒ္ဓနလည်း သူ့ကို လွန်ဆန်ရဲမှာမဟုတ်ပါဘူး..."

အမှောင်ထဲ၌ရှိသော ဒီဗျာ၏မျက်လုံးများကို စိုက်ကြည့်ပြီးလျှင် ပိထုသေနက ပြန်ပြောလိုက်လေ၏။ "ဒီဗျာ၊ တကယ်လို့ အခွင့်သာရမယ်ဆိုရင် အခုလည်းပဲ ကျုပ် လူရိုင်း ကိန္နရဆကို ဟန့်တားနိုင်ပါတယ်။ ကျုပ် အပြည့်အဝ ယုံကြည်စိတ်ချတယ်။ ဒါပေမဲ့လို့ အခွင့်မရတော့ ဘယ်လိုမှ မတတ်နိုင်ဘူးမဟုတ်လား"

ပိထုသေန၏လက်ကို မိမိ၏လက်ဖြင့် ဆုပ်ကိုင်ပြီးလျှင် ဒီဗျာက တစ်ဖန် တောင်းပန်ပြန်လေ၏။ "မောင်ကြီး၊ ဘိုးဘိုးဆီကိုသာ ဆက်ဆက်သွားပါ။ တစ်ခါ ထပ်သွားကြည့်ပါဦး။ အကျွန်ုပ်ကိုယ်တိုင်လည်း ဘိုးဘိုးကို ပြောပါဦးမယ်။ အချိန်တောင် တော်တော်လင့်သွားပြီ။ ပြန်ကြစို့..."

* * *

မလ္လိကာ၏ စံအိမ်ဝင်းတံခါးဝ၌ ရပ်စောင့်နေသော မြင်းထိန်းကို သတိမပြုဘဲ ပိထုသေနသည် ခြေကျင်လျှောက်၍သာလျှင် ထွက်လာခဲ့လေသည်။ မင်းလမ်းမမှ ထွက်ခွာခဲ့ပြီးလျှင် ရက်ကန်းသမားတို့၏လမ်းမှ လျှောက်လာခဲ့လေသည်။ ထိုလမ်းမှာ လူသူကင်းမဲ့ဆိတ်သုဉ်းနေပြီဖြစ်၍ ဟိုနေရာ သည်နေရာ၌ သာမန်လက်လုပ်လက်စား လူနေအိမ်တို့၏ တံခါးများ၊ ပြတင်းပေါက်များမှ ထိုးထွက်ကျရောက်နေသော အလင်းရောင်မှတစ်ပါး အမိုက်မှောင်အတိသာ ဖြစ်နေသည်။ ကျောက်ခင်းထားသည့် လမ်းပေါ်၌ သူ့နောက်မှ လိုက်ပါလာသည့် မြင်း၏ အားကောင်းလှသော ခွာသံကြောင့် လမ်းတစ်ခုလုံး ပွဲတင်ညံနေသည်။ ပိထုသေနသည် တွေးမိတွေးရာ တွေးရင်း လျှောက်လာခဲ့လေသည်။

ကျဉ်းမြောင်းသော ထိုလမ်းထဲမှထွက်၍ အတန်ကျယ်သော ပန်းပဲ

mgyoe.com

mgyoe.com


ဆရာတို့၏လမ်းသို့ ရောက်လာသည်။ ဈေးကွဲပြီဖြစ်၍ လမ်းမှာ လူသူ ဆိတ်သုဉ်းနေလေသည်။ အချို့ဆိုင်များမှာသာလျှင် မီးကလေး မှိတ်တုတ် မှိတ်တုတ်ဖြစ်နေသည်။ ထိုဆိုင်များမှ စူးရှသော သေရည်နံ့ ထိုးထွက်လာ သည်။ ဟိုနေရာ သည်နေရာ၌ မီးဖိုပေါ်တွင် အသားနှင့် အခြားအရာဝတ္ထု များကို ဖုတ်ကင်နေကြသည်။ တစ်နေရာ၌မူကား မီးရောင်မှာလည်း အတော် ပင် လင်းနေသည်။ လူတွေ ဆူညံဆူညံဖြစ်နေသည်။ မြင်းခွာသံကို ကြားရ သောကြောင့် စုရုံးနေသော လူစုလူဝေးသည် ပိထုသေနဘက်သို့ လှည့် ကြည့်ကြလေ၏။ ပိထုသေန၏ အသွင်အပြင်ကို တွေ့ရပြန်သည့်အခါ ကြွက်စီကြွက်စီ ဖြစ်နေသောအသံမှာ ရပ်တန့်သွားလေ၏။ မိမိအား လူစု လူဝေးက ဂရုစိုက်ကြည့်ရှုနေသည်ကို တွေ့ရသောအခါ ပိထုသေနသည် မိမိ၏ အတွေးအမျှင်တန်းကြီးကို ဖြတ်တောက်ပစ်လိုက်သည်။ ထိုလူစုလူဝေး သည် စစ်အကြောင်းကိုသာ ဆွေးနွေးငြင်းခုံနေကြခြင်းဖြစ်သည်ဆိုသည့် အကြောင်းကို ပိထုသေန သိရှိသွားသည်။

အတန်ငယ် ရှေ့သို့တိုးသွားပြီးလျှင် ပိထုသေနသည် မိမိ၏ အဖိုး ထိုက်တန်လှသော ဥသျှောင်ကို ချွတ်ပြီးလျှင် မြင်းထိန်းအားပေးပြီးလျှင် မြင်းကိုယူပြီး စံအိမ်သို့ပြန်သွားရန် အမိန့်ပေးလိုက်လေ၏။ ကိုယ်ရုံအဝတ် ဖြင့် ကိုယ်ကိုဖုံးပြီးလျှင် သူသည် တစ်ကိုယ်တည်း ဆက်လက်လျှောက်သွား လေသည်။ ယခုအခါတွင်ကား ဂရုတစိုက်ကြည့်ပါမှ သူ၏လည်ပင်းပေါ် တွင် ငိုက်ကျနေသော ဆံပင်များ၏အကြားမှ မြင်တွေ့ရသော အဖိုးတန် နားတောင်းသာလျှင် သူ လူကုံထံတစ်ဦးဖြစ်ကြောင်း ဖော်ပြနေသည်ကို တွေ့မြင်ရမည်ဖြစ်လေသည်။

ရှေ့ခပ်ယွန်းယွန်း၌ ပြည့်တန်ဆာရပ်ကွက်ကို တွေ့ရ၏။ အိမ် အဆောင်များ၏ အပေါ်ခန်း ပြတင်းတံခါးများမှ ထိုးထွက်နေသော အလင်း ရောင်သည် အောက်ဘက်လမ်းမပေါ်၌ စုရုံးနေသော လူစုလူဝေး၏အပေါ် သို့ ကျရောက်နေလေ၏။ သူငယ် သူငယ်မများစွာတို့မှာ ကျယ်လောင်သော အသံများဖြင့် တစာစာအော်ဟစ်နေကြ၏။ 'ချစ်သူတို့အတွက် ရနံ့သင်းနေ သော ပန်းကုံးများ' ကို ရောင်းနေကြလေ၏။ သူငယ်တစ်ယောက်သည် စူးရှကျယ်လောင်သောအသံဖြင့် နူးညံ့သော အသားကင်၏အရသာကို မြည်း

mgyoe.com

mgyoe.com


ကြည့်ကြရန် ဖိတ်ခေါ်နေလေသည်။ ဘုံဆိုင်ရှေ့တွင် ရပ်နေသော အမယ်ကြီး တစ်ယောက်သည် အမှူးသမားတစ်ဦး၏ အင်္ကျီစကို ဆွဲထားရင်း အရက်ဖိုး အတွက် စကားများနေလေ၏။ သူ၏ ဘေးပတ်လည်တွင် ရပ်နေကြသည့် အခြားသော လူတစ်စုကမူ ဟားတိုက်ရယ်နေကြလေသည်။

အမယ်ကြီးသည် ကျယ်လောင်သော၊ မခံမရပ်နိုင်ဖြစ်နေသောအသံ ဖြင့် ခုနစ်အိမ်ကြား ရှစ်အိမ်ကြား အော်ကျယ်ဟစ်ကျယ် ပြောနေလေ၏။ "ဘာရမလဲ၊ အရက်ဖိုးမရဘဲနဲ့ ငါ နင့်ကို ဆိုင်ထဲက ထွက်သွားခွင့်ကို မပေးဘူး။ နင်က စစ်သားဖြစ်နေကော ဘာအကြောင်းလဲ၊ နက်ဖြန်ခါ နင် ဒဗ္ဗကို ထွက်သွားလို့ရှိရင် ငါ ဘယ်သူ့ဆီက အရက်ဖိုးရမှာလဲ။ ငွေမရှိဘဲ နဲ့ အရက်ချက်လို့ ရမှာတဲ့လား။ နင် တော်တော်ကလိမ်ကျ။ အရက်ဖိုးမပါ ဘဲနဲ့ အရက်လာသောက်ရသလား။ နင် စစ်သားဖြစ်ပြီး စစ်ထွက်တိုက်တာ နဲ့ ငါ ဘာဆိုင်သလဲ။ နင့်ကို စစ်သားအဖြစ် မွေးထားတဲ့ ပဒေသရာဇ်ဆီက၊ နင် အကာအကွယ်ပေးရမယ့် ပဒေသရာဇ်ဆီက အရက်ကို တောင်းသောက် ပါလား။ ငါ့လို မရှိဆင်းရဲတဲ့ အမယ်ကြီးကို ဘာလာ ကလိမ်ကျချင်ရတာလဲ။ မင်းမှူထမ်းတွေက ငါ့ဆီက စစ်အတွက် ယဇ်ပူဇော်ဖို့ဆိုပြီး ရွှေဒင်္ဂါးနှစ်ပြား ကောက်သွားပြီ။ နင်ကလည်း အရက်သောက်ပြီး အရက်ဖိုးပေးဖို့ ငြင်းဆန် နေပြန်ပြီလား" အမယ်ကြီး၏စကားကို တစ်ယောက်က ဖြတ်ပြီး ပြောလိုက် လေ၏။ "စစ်အတွက် ယဇ်ပူဇော်ဖို့ ငွေကောက်တဲ့အတွက် မင်းမှူထမ်းတွေ တော့ သူဌေးဖြစ်ကုန်ကြပြီ။ အမယ်ကြီး၊ ခင်ဗျား ရွှေဒင်္ဂါးနှစ်ပြားထဲက တစ်ပြားတော့ ဂဏနိုင်ငံရဲ့ ရွှေတိုက်ထဲ ရောက်သွား ကောင်းပါရဲ့။ ကျန်တဲ့ တစ်ပြားကတော့ မင်းမှူထမ်းရဲ့အိတ်ထဲ ရောက်သွားမှာ ကျိန်းသေတယ်။ ကျုပ်တို့ဆီက ကိန္နရဆ လုမှာ ယက်မှာက နောက်၊ ကိန္နရဆ မရောက်ခင် ကျုပ်တို့ကို ဖြုံခါပြာခါကျအောင် လုပ်မှာက မဒ္ဒရက မင်းမှူထမ်းတွေ။ ဒီမှာ အမယ်ကြီး စစ်အတွက် ယဇ်ပူဇော်ဖို့ ငွေအတင်းလာတောင်းတဲ့ မင်းမှူ ထမ်းတွေကိုတော့ ခင်ဗျားကြီး အရက်ဖိုးမယူဘဲ အရက်နဲ့ ဧည့်ခံလိုက်တယ်။ သူလိုငါလို ငမွဲဖောက်သည်တွေကျတော့ ရေရောထားတဲ့ အရက်တစ်ကျိုက် နှစ်ကျိုက်အတွက် အရက်ဖိုးနှစ်ဆတောင်းနေတယ်ဟုတ်လား..."

ထိုပုဂ္ဂိုလ်၏ကျောကို ပုတ်ပြီး အနီးတွင်ထိုင်နေသည့် အမှူးသမား

mgyoe.com

တစ်ယောက်က စကားစပြန်လေ၏။ "မိတ်ဆွေ... အဲဒါခက်တာပေါ့။ ခွေးဟာ ခွေးခွေးချင်းကို ကိုက်ပေမဲ့ သခင်ရဲ့ ဥစ္စာပစ္စည်းကိုကျတော့ ကာကွယ်စောင့်ရှောက်တယ်။ အဲဒီလိုပဲ ခင်ဗျားတို့ ကျုပ်တို့တစ်တွေဟာ မင်းမှုထမ်းတွေ ကျေနပ်အားရအောင် တစ်ယောက်နဲ့တစ်ယောက် နှိပ်စက်နေကြတယ်။ မိတ်ဆွေ၊ မိတ်ဆွေရဲ့ခါးမှာလည်း မင်းမှုထမ်းတံဆိပ်တွေ တပ်ထားတဲ့ ခါးစည်းကြိုးပတ်ထားရင် ဘယ်လိုအခြေအနေမျိုး ဖြစ်လာမယ်ဆိုတာ မိတ်ဆွေ သိရဲ့လား။ အိမ်ပေါ်မှာ ချည်ထားတဲ့ခွေးက လမ်းပေါ်သွားနေတဲ့ ခွေးကို လှမ်းဟောင်တာ မိတ်ဆွေ တွေ့ဖူးတယ်မဟုတ်လား။ ကိုယ်ကိုယ်တိုင် စားတာဟာ ဗြာဟ္မဏကို ကျွေးမွေးတာလောက် ကုသိုလ်ကောင်းမှု မဖြစ်ဘူး။ ဘာဖြစ်လို့လဲသိလား... ဗြာဟ္မဏက နတ်ဒေဝတာရဲ့ ခွေးဖြစ်လို့..."

အမှောင်ထဲရှိ ထောင့်တစ်ထောင့်တွင်ရပ်နေသော ပိထုသေနသည် ထိုအမူးသမား၏အသံကို ကျက်မိသွားသည်ဖြစ်၍ တအံ့တဩဖြစ်နေလေ၏။ ပန်းပုပညာသည် အတွေးရှင် ဒဿနိကလုလင် မာရိသပါကလား။ သူ၏ဆံပင်နှင့် အဝတ်အစားတို့မှာ မည်မျှ ကပိုကရိုဖြစ်နေသနည်းဟူမှု သူ့ကို မှတ်မိဖို့ရန်မှာ မလွယ်ကူပေ။ ပိထုသေနသည် စဉ်းစားနေမိသည်၊ ရာထူးနဲ့ ပစ္စည်းမဲ့ဖြစ်နေရှာသည့်အတွက် မာရိသလည်း ဘယ်လိုအခြေအနေမျိုးများ ရောက်ရှိနေသနည်း။ ထိုအခိုက် အရက်ဖိုးမပေးနိုင်သည့် အမူးသမား၏ အင်္ကျီစကို ဆွဲပြီး နှုတ်သီးကောင်းနေသည့် အမယ်ကြီး၏အသံကို ကြားရပြန်သောကြောင့် ပိထုသေန၏အာရုံသည် ထိုနေရာသို့ ရောက်သွားပြန်လေသည်။ တစ်ယောက်သောသူက အမယ်ကြီးကို ပြောပြနေပြန်၏။ "ဒီမှာ အမယ်ကြီး သူ့ခမျာ သနားစရာ၊ ဒါလောက် မရက်စက်သင့်ပါဘူး။ စစ်ထဲမှာ အမှုထမ်းဖို့ ပဒေသရာဇ်ရဲ့ စစ်သားတွေ အတင်းလာဆွဲတဲ့အတွက် စိတ်ညစ်ညစ်နဲ့ အရက်တစ်ခွက်သောက်လိုက်တာများ ဒါလောက် ရေးကြီးခွင်ကျယ်လုပ်နေရသလား"

အခြားအရက်သမား အဘိုးကြီးတစ်ဦးက လက်တစ်ဖက်တွင် မြေဖြင့်လုပ်ထားသည့် သေရည်ခွက်ကိုကိုင်၍ အခြားတစ်ဖက်ဖြင့်မူ အမြည်းကိုကိုင်လျက် သူ့နေရာမှထလာပြီး ပြောလေ၏။ "သဉ္ဇေယ မင်းအရက်ဖိုး ငါပေးမယ် သောက်... ထပ်သောက်ဦး" အဘိုးကြီးသည် သူ၏အရက်ခွက်ကို

mgyoe.com

mgyoe.com


သဉ္ဇယ၏ပါးစပ်တွင် တေ့ပေးလိုက်လေ၏။ သေရည်တစ်စက်မှ မကျန် တော့သည့်ခွက်ကို လမ်းပေါ် ခွမ်ခနဲ လွှင့်ပစ်လိုက်ပြီး ပြောလေ၏။ "ဒီ ပစ္စည်းဥစ္စာကို ဘယ်လိုလုပ်ပြီး သုံးဆောင်ခံစားမှာလဲ။ စားပစ်တာ သောက် ပစ်တာသာ ငါ့ဟာ ငါ့ဥစ္စာဖြစ်တယ်။ ငါကတော့ တစ်နေ့လုံး မီးပူနားမှာ ထိုင်ပြီး ဓားတွေကို ထုလုပ်နေရတယ်။ အဲဒီဓားကို ကိုင်ပြီး မင်းမှုထမ်းတွေ က ငါ့သားကို စစ်ထဲဝင်ရအောင် အတင်းလာခေါ်သွားကြတယ်။ ငါ့သားက ကိန္နရဆရဲ့ ဓားချက်ကို ခံဖို့ ဒဗ္ဗကို သွားရမယ်။ ပုရောဟိတ်တွေ၊ ဗြာဟ္မဏ တွေကတော့ စစ်အတွက် ယဇ်ပူဇော်ဖို့ ငါပေးထားတဲ့ငွေတွေနဲ့ မြင့်မြတ် စင်ကြယ်အောင် မန္တန်စုတ်ထားတဲ့ သေရည်ကိုသောက်ပြီး ယဇ်ပူဇော်တဲ့ အသားကိုစားပြီး ဂါထာမန္တရားကိုရွတ်ပြီး အစောင့်အရှောက် နတ်ဒေဝတာ တွေကို ခေါ်လိမ့်မယ်။ မဟာသူရဲကောင်း ပဒေသရာဇ်တွေက အသားဖြူ၊ အသားညို ကျွန်မတွေကို ရင်ထဲမှာ ပွေ့ပိုက်ရင်းနဲ့ သူရဲကောင်းဘွဲ့ကို ယူ ကြလိမ့်မယ်။ ဓားချက်ထိသွားလို့ တုန်လှုပ်နေတဲ့ ငါ့သားကတော့ သူရဲ ဘောကြောင်တဲ့လူဖြစ်ရမယ်။ ဒီဘဝမျိုးရောက်တာထက်တော့ ရဟန်းဝတ် ပြီး ဘေးကင်းရန်ကင်းနေတာက ကောင်းသေးတယ်…" အမူးသမားအဘိုး ကြီးသည် လက်နှစ်ဖက်ဖြင့် ခေါင်းကိုထုပြီး မြေကြီးပေါ် ထိုင်ချလိုက်လေ ၏။

သဉ္ဇယသည် အမယ်ကြီး၏လက်ထဲက မိမိ၏အင်္ကျီစကို ဆွဲယူ လိုက်ပြီးလျှင် အဘိုးကြီး၏အနီး၌ထိုင်ပြီး အားပေးလေ၏။ "အဘ၊ ငိုနေ လို့ ဘာအကျိုးထူးမှာလဲ။ ကံကြမ္မာဟာ အခရာပဲ။ ကံကောင်းရင် အသက် ရှင်မှာပဲ။ ကံမကောင်းလည်း သေရုံအပြင်မရှိဘူး။ အကျွန်ုပ်ကိုယ်တိုင် ပဒေ သရာဇ်ရဲ့ ကြေးစားစစ်သားတစ်ယောက်ဖြစ်ပါတယ်။ အဘရဲ့သားကို အကျွန် စောင့်ရှောက်လိုက်ပါမယ်။ ကြေးစားစစ်သားရဲ့ သူရသတ္တိကို သိရဲ့ လား။ တိုက်ဖို့၊ ခိုက်ဖို့ဆိုရင် နောက်က ပြေးဖို့ဆိုရင်တော့ ရှေ့ကပဲ…"

သဉ္ဇယ၏စကားကို နားမထောင်ဘဲ နောက်အမူးသမားတစ် ယောက်က ပြောနေလေ၏။ "ဒီမှာ လူကြီးလူကောင်းတစ်ယောက်ယောက် ကျုပ်ကို အရက်တစ်ခွက်တိုက်ပါလား။ ကျုပ်အဘဟာ ပေါရဝဘုရင် အတွက် ဓားတွေကို ထုလုပ်ပေးရတယ်။ ကျုပ်အဘဟာ ယွန်းဘုရင် မိလိန္ဒ

mgyoe.com

mgyoe.com


အတွက် ဓားတွေကို ထုလုပ်ပေးရတယ်။ ကျုပ်လည်းပဲ မဒ္ဒရနိုင်ငံရှိ ပဒေသရာဇ်နှစ်ရာတို့အတွက် ဓားတွေကို ထုလုပ်ပေးရတယ်။ ကျုပ် ထုလုပ်ပေးတဲ့ ဓားတွေနဲ့ နိုင်ငံမှာ အုပ်ချုပ်မင်းလုပ်နေကြတယ်။ ဒါပေမဲ့ ကျုပ်ကတော့ အရက်ကလေးဝအောင် သောက်ဖို့တောင် ငွေမရဘူး။ ကျုပ်ကို အရက်တစ်ခွက်လောက် မစပါလား မိတ်ဆွေ..."

အမူးသမားများစွာတို့သည် မည်သူပြောသည်ကိုမျှ နားမထောင်ဘဲ မိမိပြောချင်ရာကို စွတ်ပြောနေကြလေ၏။ အကျယ်ဆုံးပြောနိုင်သူ၏စကားသည် ပိထုသေန၏နားသို့ ရောက်လာလေ၏။ လူရွယ်တစ်ယောက်သည် သူ၏ သေရည်ခွက်ကို အပေါ်မြှောက်ရင်း ပြောလေသည်။ "မင်းမှုထမ်းတွေဟာ ကျုပ် မြင်းသုံးကောင်ကို ဒီကနေ့ စစ်အတွက် အနိုင်ကျင့်သွားကြပြီ။ သူကြွယ် ပရေဆထဟာ မြင်းတစ်ကောင်စီအတွက် နိုင်ငံတော်ဘဏ္ဍာတိုက်ထဲက ရွှေဒင်္ဂါးငါးပြား ငါးပြားရတယ်။ ကျုပ်ကျတော့ မြင်းသုံးကောင်လုံးအတွက်မှ ရွှေဒင်္ဂါးလေးပြားပဲရတယ်။ ဂဏနိုင်ငံက စစ်တိုက်ဖို့အတွက် ကျုပ်မြင်းကို အလိုရှိတယ်။ ပဒေသရာဇ် သဗ္ဗတ္တကတော့ ကမ္ဘောဇမြင်းလေးကောင် လေးကောင်ကတဲ့ ရထားတွေကိုစီးပြီး လမ်းတကာလှည့်နေတယ်။ ဂဏနိုင်ငံက ကျုပ်မြင်းတွေကို အလိုရှိတယ်။ ပဒေသရာဇ်ရဲ့ မြင်းကိုတော့ အလိုမရှိဘူး..."အမူးသမားသည် ဟက်ဟက်ပက်ပက်ရယ်ပစ်လိုက်လေ၏။

သေရည်တစ်ခွက် သောက်ဖို့ရန် အသနားခံနေသော ပန်းပဲဆရာက ထိုအမူးသမား၏ နားနားကပ်ပြီး ကျယ်လောင်သောအသံဖြင့် အကြံဉာဏ်ပေးလေ၏။ "မိတ်ဆွေ၊ ရွှေဒင်္ဂါးလေးပြားဖိုး အရက်သောက်ပစ်လိုက်။ မိတ်ဆွေတွေကိုလည်း တိုက်လိုက်။ ပြည့်တန်ဆာအလှ အလောမာနဲ့အတူ တွဲအိပ်ပစ်လိုက်။ ကမ္ဘာလောကကြီးဟာ အလကားပဲ။ လှည့်စားနေတဲ့ မာယာသာ ဖြစ်တယ်။ မိတ်ဆွေ၊ လာ သောက်လိုက်ကြစို့..."

လုလင်အမူးသမားကစ်ယောက်မှာမူ အရက်ဖိုးမရသည့်အတွက် စိတ်ပျက်နေသည့် အမယ်ကြီးအား အားပေးစကားပြောနေလေ၏။ "အမေကြီး မဒ္ဒရသားတွေဆီက အရက်ဖိုး ရရကောင်းစေ သိပ်အောက်မေ့မနေနဲ့။ နောက်မကြာခင် ကိန္နရဆရဲ့ ဓားပြတွေ အမေကြီးရဲ့ အရက်အိုးတွေကို ရိုက်ခွဲပြီး အမေကြီးရဲ့ အရက်ကိုလည်း သောက်ကြလိမ့်မယ်။ အမေကြီးကိုလည်း

mgyoe.com

mgyoe.com


နိုပ်စက်ကြလိမ့်မယ်..." ထိုလုလင်၏စကားကို ဟန့်တားလျက် အခြားတစ်ယောက်က ပြောပြန်လေ၏။ "ဟော့ မင်းက ဘာနားလည်လို့လဲ။ ကိန္နရဆကို ဘာကြောက်စရာရှိသလဲ။ ဂဏနိုင်ငံမှာရှိတဲ့ ဘုရင်နှစ်ရာထက်တော့ ဘုရင်တစ်ဦးတည်း အုပ်ချုပ်တာက အဆအရာပိုကောင်းသေးတယ်။ သာဂလမှာ တရားမင်း မိလိန္ဒလက်ထက်ကလို ငြိမ်းချမ်းသာယာနေမှာ သိလား..."

လမ်းပေါ်တွင် လဲနေသော လုလင်တစ်ယောက်သည် ယင်းထက်ပင် ကျယ်လောင်သောအသံဖြင့် အော်ကျယ် ဟစ်ကျယ်လုပ်နေလေ၏။ "မိတ်ဆွေတို့၊ ကျုပ်ကို တိုက်ကြစမ်းပါ။ ဒီကနေ့ညဟာ ကျုပ်ဘဝရဲ့ နောက်ဆုံးညပဲ။ ပဒေသရာဇ်ရဲ့ မင်းမှုထမ်းတွေ ဒီကနေ့ ကျုပ်ကို ဆွဲဖို့လာကြတယ်။ ပါးနပ်တဲ့ ကျုပ်မိန်းမက 'ကျွန်မယောကျ်ား ကိစ္စတစ်ခုနဲ့ ရက်ကန်းသမားတစ်ယောက်အိမ်သွားတယ်။ နက်ဖြန်ခါကျမှ လာပါ' လို့ ပြောလိုက်တယ်။ နက်ဖြန်ခါ ကျုပ် အဆွဲခံရတော့မှာ ကျိန်းသေတယ်။ မိတ်ဆွေတို့၊ ဒီကနေ့ညဟာ ကျုပ်ရဲ့ နောက်ဆုံးပိတ်ညပဲ... ကျုပ်ကို တိုက်ကြပါ..."

သူ့အနီးတွင်ထိုင်နေသည့် အမူးသမားတစ်ဦးက သူ့ပေါင်ကို ပုတ်၍ ပြောလေ၏။ "မိုက်လိုက်တဲ့အကောင်၊ ကြေးစားစစ်သားလုပ်ပြီး အသက်စွန့်ဦးမလို့လား။ ထွက်ပြေးပါလား။ ထွက်ပြေးလို့ လွတ်မြောက်သွားတဲ့လူတွေ ရာထောင်မကရှိနေပြီ။ ကဒ္ဒ ဂဏနိုင်ငံကို ထွက်ပြေးပါလား။ ဟိုမှာ ပဒေသရာဇ်တွေ စိုးမိုးအုပ်ချုပ်တာမရှိဘူး။ လူအားလုံး ညီတူညာတူ လွတ်လပ်မှုရှိကြတယ်..."

"ဘယ်လိုလုပ် ထွက်ပြေးလို့ဖြစ်မလဲ" စိတ်ပျက်အားလျော့သည့်အသံဖြင့် လုလင်က ပြန်ပြောလေ၏။ "ကျုပ်ရဲ့ လိမ္မာတဲ့မယားနဲ့ လူမမည်သားကလေးက ရှိနေတယ်မဟုတ်လား။ ပုရောဟိတ်ကပြောတယ်။ အရှင်သခင်နဲ့ ပဒေသရာဇ်တို့ရဲ့ အမိန့်အာဏာကို ဖီဆန်ရင် ဖီဆန်တဲ့လူဟာ ဘဝကူးမကောင်းဘူး။ အပြစ်ခံရတဲ့အနေနဲ့ ခွေးဘဝရောက်ပြီး သခင်ရဲ့ အကျိုးကို သယ်ပိုးဆောင်ရွက်ရတယ်။ ဒီဘဝမှာလည်း ဆင်းရဲဒုက္ခနဲ့ တွေ့ရတယ်။ နောင်တမလွန်ဘဝမှာလည်း နာလန်ထူနိုင်မှာမဟုတ်ဘူး... တဲ့"

နှုတ်ခမ်းပေါ်တွင် ကပ်နေသော စူးရှသည့် သေရည်၏အရသာကို

mgyoe.com

mgyoe.com


လျှာဖြင့်လျက်ရင်း လူအုပ်ထဲမှ မာရိသက လှမ်းပြောလိုက်လေ၏။ "ဟော့... မင်းတယ်မိုက်ပါကလား။ မင်းရော မင်းအရှင်သခင်ရော တမလွန်လောက ကို တွေ့ဖူးလို့လား။ အဲဒီလို ယုံကြည်ဖွဲလမ်းနေတာကိုက မင်းရဲ့ ကျွန်ဘဝ ကျွန်အဖြစ်ပဲ။ အရှင်သခင်ရဲ့ အခွင့်အာဏာကို မင်းလက်ခံတယ်မဟုတ် လား။ အဲဒါ မင်းရဲ့ ကျွန်ဘဝ ကျွန်အဖြစ် နှောင်ကြိုးနဲ့ အတုပ်နှောင်ခံနေရ တဲ့အချက်ပဲ။ မင်း အခက်အခဲအကျပ်အတည်းက ထွက်ပြေးပြီး လွတ်မြောက် လိုတဲ့စိတ် ရှိနေတယ်မဟုတ်လား။ အဲဒါ မင်းရဲ့ အားပျော့ချက်ပဲ။ အခက် အခဲအကျပ်အတည်းကို အနိုင်ရအောင် တိုက်ရမယ်။ အရှုံးပေးတာဟာ မကောင်းမှုအကုသိုလ်ပဲ။ အဲဒီအကျိုးကို ချက်ချင်းခံစားရမှာပဲ။ မင်းဟာ လွတ်လပ်တဲ့ 'အပြုသမား' ဖြစ်တယ်။ လွတ်လပ်ရေးကို ခံစားရခြင်းသာ အသက်ရှင်နေခြင်းဖြစ်တယ်။ မလွတ်လပ်ရင် အသက်ရှင်နေရပေမဲ့ အသေ ပဲ။ မကြောက်ပါနဲ့။ အသက်ရှင်မှု လူ့ဘဝအတွက် တိုက်ပွဲဝင်ပါ။ သေခြင်း ဟာ ကြောက်ခြင်းရဲ့ အပြီးသတ်ဖြစ်တယ်။ ဘဝတစ်လျှောက်မှာ ထက်မြက် တဲ့လူ၊ အဆိပ်ရှိတဲ့လူဖြစ်ပါစေ။ သူ့ရဲဘောကြောင်တဲ့လူ မဖြစ်ပါစေနဲ့..." မာရိသသည် သူ၏သေရည်ခွက်ကို နှုတ်ခမ်းတွင် တစ်ဖန်တေ့လျက် တစ်ကျိုက်သောက်လိုက်ပြီးလျှင် ထိုလုလင်၏လက်ထဲ လှမ်းပေးလိုက်လေ ၏။

ငိုနေသည့် အဘိုးကြီး၏ လက်မောင်းကို မိမိ၏လည်ပင်းမှဖက်လိုက် ပြီးလျှင် သဉ္စေယက မာရိသကို လှမ်းပြောလေ၏။ "ဘယ်သူ့အတွက် တိုက်ပွဲဝင်ရမှာလဲ။ ဘယ်သူ့အတွက် အသက်စွန့်မှာလဲ။ ပဒေသရာဇ် သဗ္ဗတ္ထ ရဲ့ ဘုန်းသမ္ဘာအတွက်လား၊ အာကျာရယ ပဝဒ္ဓရဲ့ ယဇ်ပွဲအတွက်လား၊ ဦးပြည်းရဟန်း ဓမ္မရက္ခိတအတွက်လား။ ကျုပ်တို့တော့ ဘယ်သွားထားမလဲ။ ဘယ်သူ့သာဂလလဲ။ ဘယ်သူ့မဒ္ဒရလဲ။ အလုပ်အကျွေးလုပ်ရဖို့ ကံပါလာ တဲ့လူကတော့ မည်သူ့ကိုမဆို လုပ်ကျွေးနေရမှာပဲ"

သေရည်စွတ်စိုနေသည့် နှုတ်ခမ်းကို လျှာဖြင့်လျက်ရင်း မာရိသက ပြောလိုက်ပြန်လေ၏။ "မင်းလည်းပဲ မိုက်တာပဲ။ အလုပ်အကျွေးလုပ်ဖို့ရန် အတွက် မင်းလူဖြစ်လာရတယ်လို့ မင်းထင်နေတယ်။ အဲဒါ မင်းရဲ့ကံကြမ္မာ ပဲ။ သူတစ်ပါးရဲ့ ကိုယ်ကျိုး ကိုယ်စီးပွားကို ဆောင်ရွက်ပေးဖို့ မင်းလူဖြစ်လာ

mgyoe.com

mgyoe.com


ရတာမဟုတ်ဘူး။ အဲဒီအလုပ်အတွက် ကျွဲနွား တိရစ္ဆာန်တွေ ရှိနေတယ်။ ကိုယ့်အတွက်သာ တိုက်ပွဲဝင်ပါ။ နားလည်တယ်မဟုတ်လား။ ပဒေသရာဇ်တွေ၊ ဗြာဟ္မဏတွေဟာ ကိုယ့်အတွက် တိုက်ပွဲဝင်နေကြတယ်။ မင်းလည်းပဲ ကိုယ့်အတွက် တိုက်ပွဲဝင်ပါ။ ကိုယ့်ထမင်းအတွက်၊ ကိုယ့်အဝတ်အစားအတွက်၊ ကိုယ့်သေရည်သေရက်အတွက်၊ ရင်ခွင်ထဲမှာ ပွေ့ပိုက်ပြီး အကြည်ဆိုက်နေရတဲ့ ကိုယ့်မိန်းမအတွက်၊ ကိုယ့်အသက်သွေးခဲဖြစ်တဲ့ ရင်သွေးအတွက်။ သေရမယ်ဆိုရင် မိမိရဲ့ လူသား လူ့အဖြစ်အတွက်၊ မိမိရဲ့ အခွင့်အရေးအတွက် သေပါ။ ဆန့်ကျင်မှုမပြုလုပ်ဘဲနဲ့ မငြင်းဆန်ဘဲနဲ့ သူတစ်ပါးရဲ့ လက်ကိုင်တုတ်အလုပ်ခံရတာဟာ၊ သူတစ်ပါးအသုံးချခံရတာဟာ သေတာနဲ့ ဘာမှမထူးဘူး။ အသက်ကင်းမဲ့သွားတာနဲ့ ဘာမှမထူးဘူး။ တိရစ္ဆာန်ထက်တောင် ယုတ်ညံ့သေးတယ်။ မင်းတို့ဟာ ပဒေသရာဇ်တွေရဲ့ နိုင်ငံမှာ ကျေပ်ပြည့်လူမဟုတ်ဘူး။ တစ်ဝက်တစ်ပျက်လူသာ ဖြစ်တယ်။ ကျပ်ပြည့်လူဖြစ်အောင် ကြိုးစားကြပါ။ စိတ်ပျက်အားလျော့ပြီးတော့ တိရစ္ဆာန်အဖြစ် တိရစ္ဆာန်ဘဝကို လက်မခံကြပါနဲ့။ ကိန္နရဆဟာ လူရိုင်းဖြစ်တယ်။ သူဟာ မင်းတို့ဘဝရဲ့ မှီခိုအားထားရာဖြစ်တဲ့ ဥစ္စာပစ္စည်းတွေကို မက်မောနေတဲ့လူ ဖြစ်တယ်။ တိုက်ရဲခိုက်ရဲတဲ့လူဟာ အားရှိတဲ့လူပဲ။ ကြောက်တဲ့လူဟာ အားမဲ့တဲ့လူပဲ" မာရိသသည် စကားကို အဆုံးသတ်ပြီးလျှင် တစ်နေရာသို့ ထွက်ခွာသွားလေ၏။

အမူးသမားတစ်ဦးသည် ပိထုသေနဆီသို့ အာရုံရောက်သွားလေ၏။ အမူးသမားက လှမ်းပြောလိုက်သည်။ "မိတ်ဆွေ ဘာဖြစ်လို့ စကားမပြောတုဏှိဘောလုပ်နေသလဲ။ ဘာဖြစ်လို့ စိတ်ပျက်အားလျော့နေသလဲ။ မိတ်ဆွေကြောက်နေသလား။ ကြောက်တယ်ဆိုတာ အလကားပါလို့ မာရိသက ပြောတယ်။ ဘယ်သူ့ကို ကြောက်တာလဲ။ စစ်ကို ကြောက်တာလား။ သွား... ဗြာဟ္မဏလူကြီးလူကောင်းတစ်ယောက်ရဲ့ ကျွန်လုပ်လိုက်...။ ပဒေသရာဇ်တစ်ယောက်ယောက်ရဲ့ ကျွန်လုပ်လိုက်။ မင်းမှုထမ်းတွေ၊ မိတ်ဆွေကို ထိတောင် ထိရဲကြမှာမဟုတ်ဘူး။ ကိုယ့်အိမ်က မိန်းမကို စိတ်ပျက်နေတာလား။ သွား... ပြည့်တန်ဆာ အလောမာဆီကို သွား။ အလောမာဟာ ဆင်စွယ်လိုပဲ ချောမွတ်နေတာပဲ။ လောဘလည်း မကြီးဘူး။ လာပါမိတ်ဆွေ။

mgyoe.com

mgyoe.com
ဘုံဆိုင်ထဲမှာ အသိအကျွမ်းဖြစ်ရတာဟာ မိတ်ရင်းဆွေရင်းဖြစ်အောင် ချည်နှောင်လိုက်တဲ့ ကြိုးတစ်ခုဖြစ်ပါတယ်"

အမူးသမားသည် တစ်ဝက်တစ်ပျက် သောက်ထားသော သေရည်ခွက်ကို ပိထုသေန၏ ပါးစပ်တွင် တေ့ပေးလိုက်လေ၏။ ပိထုသေနသည် သေရည်ခွက်ကို ပါးစပ်မှ ဖယ်ပစ်လိုက်ပြီးလျှင် အမှောင်ထဲရှိ လမ်းထဲသို့ ထွက်သွားလေသည်။ ပန်းပဲသမား အဘိုးကြီးဂိုနေသံကို ခပ်လှမ်းလှမ်းသို့ ရောက်သည်အထိ ကြားနေရလေသည်။

* * *

မတ်တတ်ရပ်စောင့်နေသော ကျွန်က ပိထုသေနအား အိပ်ခန်းသို့ သွားသည့်လမ်းကို ညွှန်ပြလိုက်လေ၏။ စိတ်လေလွင့်နေသည့်အသွင်ဖြင့် ပိထုသေနသည် အိပ်ရာပေါ်၌ ထိုင်လိုက်လေသည်။ ဆီမီးတိုင်တွင် ပတ်ရံနေသော ပိုးဖလံများပမာ အတွေးအကြံပေါင်းများစွာတို့သည် အရပ်မျက်နှာပေါင်းများစွာမှ သူ၏ဦးနှောက်ထဲသို့ တိုးဝင်လာကြသည်။ သာဂလမြို့သို့ ချီတက်လာသော တိုက်ခိုက်ဖြိုဖျက်ဖို့ရန် မလွယ်ကူသည့် ရန်သူ၊ ယင်းအခက်အခဲအကျပ်အတည်းကြောင့် ဖြစ်ပေါ်နေသော စိုးရိမ်ထိတ်လန့်မှုများ၊ အထက်တန်းလွှာပုဂ္ဂိုလ်များ၏ လုပ်ကြံမှု၊ ပြည်သူလူထု၏ မကျေနပ်မှုများနှင့် လျစ်လျူရှုမှုများ၊ ရဟန်းသံဃာတို့၏ လျစ်လျူရှုမှုများ၊ ယင်းအရာအားလုံး၏အကျိုးတရားမှာ မည်ကဲ့သို့များ ဖြစ်ပေါ်လာမည်နည်း။ စိတ်ပျက်အားငယ်ပြီးလျှင် မိမိ၏ရင်ခွင်ထဲတွင် ဒိဗျာ သူ့ကိုယ်ကို ပုံအပ်ပုံ၊ ထို့နောက် တစ်ဖန် တွန့်သွားပြီးလျှင် သစ္စာထားပုံ၊ ထိုမျှချစ်ခြင်း၊ ထိုမျှ သစ္စာထားခြင်းမှာ အဘယ့်ကြောင့်နည်း။ သို့သော် သူနှင့်လက်ထပ်ဖို့ကိစ္စမှာ ဖြစ်နိုင်ပါမည်လော။ မည်သည့်အချိန်ကာလတွင် ဖြစ်နိုင်ပါမည်နည်း။ လက်မထပ်ခင် ကိန္နရဆ၏ ကျူးကျော်တိုက်ခိုက်မှုကြောင့် ဘယ်လိုအခြေအနေမျိုး ရောက်သွားမည်နည်း။ ကိန္နရဆက သာဂလကို စွန့်ခွာထွက်သွားမည်လော။ မာရိသပြောသည်မှာ အမှန်ပင်မဟုတ်ဘူးလော။ ကိန္နရဆကို ဘယ်သူတွန်းလှန်ဟန့်တားမည်နည်း။ နူးညံ့အိစက်နေသော ခေါင်းအုံးများကို သတိမပြုဘဲ ပိထုသေနသည် လက်ဝါးပေါ် မေးတင်လျက် အတွေးရေယဉ်ထဲတွင်
mgyoe.com

mgyoe.com

မြုပ်နှစ်ရင်း ထိုင်နေလေ၏။ သူ၏ ကျောနောက်ဘက်မှ ရပ်နေသော ကျွန်မသည် သူမသိအောင်ပင် ဖြည်းညင်းစွာ ယပ်ခတ်ပေးလျက် အခန်းထဲရှိ အပူဓာတ်နှင့် မိုးဥတုတွင် ပေါက်ဖွားကြသည့် ခြင်ကောင်များကို ဖယ်ရှားပစ်နေသည်။

ပိထုသေန ဦးခေါင်းထောင်ကြည့်လိုက်သောအခါ ရှေ့တွင် ကျွန်မ ဝါပါ ရပ်နေသည်ကို တွေ့ရလေ၏။ ပိထုသေန၏ အသံမထွက်သည့် အမေးကို ဖြေသည့်အနေဖြင့် ကျွန်မက ပြောလိုက်လေသည်။ "သခင်ကြီးက သခင်လေး နေကောင်းထိုင်သာရှိရဲ့လားဆိုတာ အမေးခိုင်းလိုက်တယ်။ သခင်လေး နေထိုင်ကောင်းပါရဲ့လား။ စိတ်နှလုံးကော ရွှင်ပြုံးကြည်သာပါရဲ့လား"

သက်ပြင်းတစ်ချက်ချလျက် ပိထုသေန ပြန်လည်ဖြေကြား၏။ "ငါက ဦးညွှတ်အလေးပြုလိုက်တယ်ဆိုတဲ့အကြောင်း ဖခင်ကြီးကိုပြောလိုက်။ ငါ နေထိုင်ကောင်းပါတယ်" အိပ်ရာပေါ်တွင် လှဲလိုက်ပြီးလျှင် "မီးရောင် မလိုဘူး" ဟု ပြောလိုက်လေ၏။ အခန်းတွင်းရှိ ဟိုနေရာ သည်နေရာတို့၌ ဆီမွှေးဖြင့် ထွန်းညှိထားသည့် ဆီမီးငါးတိုင်အနက်မှ လေးတိုင်ကို ကျွန်မက ငြိမ်းသတ်ပစ်လိုက်သည်။ ဆီမီးတိုင်တစ်တိုင်သာလျှင် ကျန်နေသည်။ ထိုဆီမီးတိုင်၏ အလင်းရောင်သည် သလွန်၏အောက်ဘက်ရှိ အခင်းများပေါ် ကျနေလေ၏။ ပိထုသေန မတုန်လှုပ်ဖြစ်နေသည်ကို တွေ့ရသောအခါ ဝါပါ ထွက်သွားလေသည်။ ယပ်ကိုင်ထားသည့် ကျွန်မသည် ခြေသံမကြားအောင် နင်းလျက် ပိထုသေန၏ မျက်ကွယ်မှနေ၍ ယပ်ခတ်ပေးနေလေ၏။

ပိထုသေနသည် တစ်ဖက်သို့ စောင်းအိပ်လိုက်ပြန်၏။ ဦးခေါင်းအောက်တွင် လက်မောင်းကိုထားလျက် အိပ်၏။ နည်းမျိုးစုံဖြင့် အိပ်၏။ သို့ရာတွင် အိပ်၍မပျော်။ တစ်ပဟိုရ်ကျော်သွား၏။ တံခါးများနှင့် ပြတင်းပေါက်များမှ အခန်းတွင်းသို့ လေသံများ ဝင်ရောက်လာသည်။ ထို့နောက် မိုးသံနှင့် မိုးရေ၏ အေးမြခြင်း။ အေးမြသော လေတိုက်ခတ်လာသည်ဖြစ်၍ ယပ်ခတ်ပေးနေသော ကျွန်မသည် ယပ်ကို တစ်နေရာတွင် ချထားလိုက်ပြီးလျှင် မတုန်မလှုပ်ရပ်နေလေသည်။ အတန်ကြာသွားသောအခါ ကျွန်မသည် သလွန်အနီးရှိ ခုံပေါ်တွင် တင်ထားသည့် စောင်ကိုယူပြီးလျှင် ပိထုသေန၏

mgyoe.com

mgyoe.com

ကိုယ်ပေါ်တွင် ခြုံပေးလိုက်လေ၏။ မိုးနှင့်လေ၏ အေးမြခြင်းသည် ပိထုသေန၏ ဘဝင်မကျသော အတွေးများကြောင့် ပူလောင်နေသည့် ဦးနှောက်ကို ငြိမ်းအေးအောင် လုပ်နေလေသည်။ ကိုယ်ပေါ်မှ စောင်ကို ခွာလိုက်ပြီးလျှင် ပိထုသေနသည် တစ်ဖက်သို့ စောင်းအိပ်လိုက်ပြန်လေ၏။ နောက်အတန်ငယ်ကြာသွားသောအခါ စောင်ကို တစ်ဖန် ဆွဲခြုံလိုက်ပြန်လေသည်။

သလွန်ပေါ်တွင် လှဲအိပ်ပြီးသည့်နောက်၌လည်း ဤမျှသော အချိန်သမယထိအောင် အိပ်၍မပျော်သည်ကို တွေ့ရသောအခါ ကျွန်မသည် အခန်းဝသို့သွားပြီး အစောင့်တာဝန်ကျနေသော ကျွန်မအား သခင်လေးကို သိပ်ဖို့ရန် လျောက်ပတ်သင့်တော်မည့် ကျွန်မတစ်ယောက် လွှတ်လိုက်ရန် အကြောင်း ကြားလိုက်လေသည်။

အခွံခွာထားသည့် ငှက်ပျောတုံးကြီးပမာ ချောမွတ်ပြောင်ဝင်းသော အဆင်းရှိသည့် ကျွန်မသည် ခြေသံမကြားအောင် အခန်းတွင်းသို့ ဝင်လာလေသည်။ သူ၏အသွင်အပြင်နှင့် အဆင်းသဏ္ဍာန်မှာ တပ်မက်စွဲလမ်းဖွယ်ဖြစ်သည်။ လည်ပင်းတွင်ဆွဲထားသော ပုလဲသွယ်တစ်ကုံးနှင့် ပွင့်သစ်စစံပယ်ပန်းကုံးများသည် နှင်းဆီသွေး ပိုးစဖြင့် ကျောဘက်မှ သိုင်းထားသည့် ဝိုင်းစက်သော ရင်သားများအပေါ်တွင် ယိမ်းထိုးလှုပ်ရှားနေကြသည်။ ခါးပေါ်၌ အဝါရောင် ပိုးခါးဝတ်ကို ပုလဲသွယ် ခါးစည်းကြိုးဖြင့် စည်းနှောင်ထားလေ၏။ နူးညံ့သော လက်မောင်းများပေါ်၌ကား ပုလဲသွယ် လက်ကြပ်များ ဝတ်ထားလေ၏။ ရနံ့ကြိုင်သင်း၍နေသော ဆံပင်များကို ပုလဲသွယ်များနှင့် ထုံးထားလေသည်။ ကိုယ်ကာယပေါ်၌ အတွေ့မာကျောသော ရွှေစသော အဆင်တန်ဆာများမရှိပေ။ အေးမြသော အတွေ့၊ ညင်သာသော ပုလဲများသာလျှင် ရှိလေသည်။

တစ်ဖက်သို့ စောင်းအိပ်လိုက်သောအခါ ပိထုသေနသည် ကျွန်မကို မြင်သွားလေသည်။ ကျွန်မသည် သူ၏ခြေကိုဆုပ်ရန် ငုံ့နေလေသည်။ ပိထုသေန တစ်ဖက်သို့ စောင်းအိပ်သည်ကို တွေ့ရသောအခါ ကျွန်မသည် ပိထုသေနကို လှမ်းကြည့်လိုက်သည်။ ကျွန်မ၏ နှုတ်ခမ်းနှင့် မျက်လုံးများ၌ ဟိုဟာလုပ်ရနိုးနိုး၊ သည်ဟာလုပ်ရနိုးနိုးနှင့် ဝေခွဲမရသည့်အမူအရာမျိုး ပေါ်နေသည်။ သခင်ကို ကျေနပ်နှစ်သိမ့်စေရန် ပြုံးပြရမည်လော၊ သို့တည်း

mgyoe.com

mgyoe.com


မဟုတ် သခင်အား ကိုယ်ချင်းစာနာသည့်အနေဖြင့် မျက်နှာအမူအရာ ဣန္ဒြေရရပင် ထားရမည်လော။ ကျွန်မ၏ ယင်းနှစ်ခွဖြစ်နေသည့်အမူအရာကြောင့် ပိထုသေနသည်ပင်လျှင် ဦးနှောက်ခြောက်သလိုလို ဖြစ်လာလေသည်။ သူသည် ကျွန်မဆီမှ မျက်နှာလွှဲလိုက်လေ၏။ ကျွန်မသည် သူ၏ခြေကို ဆုပ်နယ်လိုက်သည်။ ထိုအခိုက် ယင်းအတွေ့အထိကြောင့် သာယာမှုဖြစ်မသွားဘဲ ပိထုသေနသည် ခြေထောက်ကို ရုပ်လိုက်လေ၏။ သခင်ချမ်းလို့ ဖြစ်မှာပဲဟု ကျွန်မက တွက်လိုက်သည်။ နောက်ထပ် စောင်တစ်ထည်ကို ဆွဲယူပြီးလျှင် သခင်၏ ကိုယ်ပေါ်တွင် ထပ်ခြုံပေးလိုက်လေ၏။

ကိုယ်ပေါ်တွင် စောင်တစ်ထည်ခြုံထားသောကြောင့် ပိထုသေနသည် အအေးကို သတိမရတော့ပေ။ နောက်စောင်တစ်ထည် ကိုယ်ပေါ် ထပ်ခြုံပေးလိုက်သောအခါ သူသည် ကျွန်မကို လှမ်းကြည့်လိုက်လေ၏။ တံခါးမှ တဝိုးဝိုးဖြင့် အတွင်းသို့ ဝင်လာသော အေးမြသောလေကြောင့် ကျွန်မ၏ အဝတ်ဝတ်မထားသည့် ကိုယ်ကာယပေါ်၌ ကြက်သီးမွေးညင်းထနေလေ၏။ သခင်အလိုပြည့်စေရန် သူ့ကိုယ်ကို အဝတ်ဖုံးမထားခြင်းဖြစ်လေသည်။ ရုတ်တရက် ပိထုသေန၏အတွေးထဲတွင် ပဒေသရာဇ် သဗ္ဗတ္ထနှင့် အာကျာရယ ပဝဒ္ဓနတို့ ရောင့်ရဲကျေနပ်မှုရှိစေရန် သာဂလတစ်မြို့လုံး ပျက်စီးခြင်းချောက်ကမ်းပါးထဲ ဆွဲအချခံရသည့်ပုံ ထင်မြင်လာလေသည်။ သာဂလ၏ အထက်တန်းလွှာ လူ့အသိုက်အဝန်း၊ သာဂလ၏ ပြည်သူလူထု၊ ဉာဏ်အမြော်အမြင်ကြီးမားသော ဖခင်၏ ခဲခဲယဉ်းယဉ်း ကြိုးပမ်းအားထုတ်မှုကြောင့် ကြွယ်ဝချမ်းသာလာသည့် သူ၏အိမ်ထောင်စု၊ သူကိုယ်တိုင်၊ သူ၏ ဒီဗျာ။ သူသည် ဘယ်သူ့ကို အပြစ်တင်မည်နည်း။ ဖခင်ပြောသည်မှာ မှန်သည်။ မိမိ၏ တိုးတက်ကြီးပွားရေးတွင် အနှောင့်အယှက်ဖြစ်နေသည့် ပြိုင်ဘက်များကို ဖယ်ရှားပစ်ရန် ယခုအချိန်သည် သင့်လျော်သောအချိန်ဖြစ်လေသည်။ ဘိုးဘိုး တရားအမတ်ကြီးထံ သွားရန်၊ မဟာသေနာပတိ၏ ယုံကြည်အားထားမှုကို ရယူရန်၊ ဒီဗျာကလည်း တိုက်တွန်းခဲ့သည်။ ပိထုသေနသည် သလွန်ပေါ်၌ တစ်ဖက်သို့ စောင်းအိပ်လိုက်ပြန်၏။ သူ၏မျက်လုံးသည် နှလုံးနှစ်ခွ ဝေခွဲမရသည့်အသွင်ဖြင့် ရုပ်စောင့်နေသည့် အချမ်းကြောင့် ကြက်သီးမွေးညင်းထနေသော ကျွန်မဆီသို့ ရောက်သွားပြန်လေ၏။

mgyoe.com

mgyoe.com


ကျွန်မအား သွားအိပ်တော့ဟု မျက်ရိပ်ပြလိုက်ပြီးလျှင် သူသည် တစ်ဖန် အတွေးရေယဉ်ကြောတွင် မြုပ်နစ်ရင်း ဟိုဘက်စောင်းလိုက်၊ သည်ဘက် စောင်းလိုက် လုပ်နေလေသည်။ နောက်တစ်ပဟိုရ်လောက် ကြာသွားမှ အိပ် ပျော်ခြင်းက သူ့ကို အနားပေးလိုက်လေသည်။

အိပ်ရာမှ နိုးသောအခါ ကျွန်မသည် သလွန်အနီးတွင် မျက်နှာသစ် ရေနှင့် မျက်နှာသုတ်ပဝါကို ကိုင်လျက် အသင့်ရပ်နေလေ၏။ ပိထုသေန သည် တံခါးမှ အပြင်သို့ လှမ်းကြည့်လိုက်လေ၏။ ကောင်းကင်၌ မိုးသား တိမ်လိပ်များ ထူထပ်စွာ လွှမ်းနေတုန်းပင် ရှိသေးသည်။ မိုးလည်း တဖွဲဖွဲ ရွာနေတုန်းပင်ရှိသေး၏။ နေထွက်သည်မှာ အချိန်အတန်ကြာသွားပြီဟု ထင်ရသည်။ ကျွန်မအား မေးလိုက်လေ၏။ "ဘယ်အချိန်လောက် ရှိသွား ပြီလဲ"

"နေထွက်ပြီးလို့ တစ်နာရီခွဲလောက်ရှိသွားပြီ"

ပလုတ်ကျင်း မျက်နှာသစ်ပြီးသောအခါ ပိထုသေနအား မျက်နှာသုတ် ရန် မျက်နှာသုတ်ပဝါလှမ်းပေးရင်း ကျွန်မက ပြောလိုက်လေသည်။ "မနက် မိုးလင်းကတည်းက သခင်ကြီး၊ သခင်လေးကို မေးနေတာ နှစ်ကြိမ်ရှိသွား ပြီ။ သခင်လေး အိပ်တာ နောက်ကျတယ်ဆိုတဲ့အကြောင်း ကြားရတဲ့အတွက် သခင်ကြီး သခင်လေး အိပ်ရာနိုးတဲ့အထိ အတွင်းခန်းထဲမှာ ထိုင်စောင့်နေ ပါတယ်"

ထိုစကားကို ကြားသိရသည့်အခါ ပိထုသေနသည် အဝတ်လဲပြီး ဖခင်ဆီသို့ သွားလေသည်။ သူကြွယ်ကြီး ပရေဆထသည် မျက်နှာအမူအရာ လေးနက်တည်ကြည်နေ၏။ သို့ရာတွင် ပြုံးပြီးလျှင် သား နှုတ်ဆက်သည် ကို ပြန်လှန်နှုတ်ဆက်လိုက်လေသည်။ သား၏ပခုံးပေါ်တွင် လက်တင်လျက် လျှို့ဝှက်ချက်အပြည့်ရှိသည့် ဖြည်းညင်းညင်သာသော အသံဖြင့် ပြောလေ ၏။ "သား၊ မဒ္ဒရရဲ့ စစ်တပ်နဲ့ သာဂလရဲ့အခြေအနေကို သားသိတယ်။ ယမန်နေ့ ညနေက မဒ္ဒရစစ်တပ်ဟာ ကိန္နရဆကို တစ်ဖန် အရှုံးပေးလိုက်ရ ပြန်ပြီဆိုတဲ့သတင်း ရောက်လာတယ်။ ဂဏာပတိကို အဲဒီသတင်းမပြောဘဲ ပိတ်ထားကြတယ်။ အာကျာရယ ပဝဒ္ဓနဟာ သူရသေနနဲ့ မဂဓတိုင်းပြည် ကို လျှို့ဝှက်စွာ လက်ကမ်းနေတယ်ဆိုတဲ့ အထောက်အထားကိုလည်း ငါ

mgyoe.com

mgyoe.com


ငွေကုန်ကြေးကျခံပြီး အခိုင်အလုံရအောင် လုပ်ထားတယ်။ အဲဒီသတင်းစကားနဲ့ အထောက်အထားတွေအားလုံးကိုယူပြီးတော့ သား ဂဏပတိနဲ့ တရားအမတ်ကြီးဆီကို သွားချေ။ အဲဒါတွေကို အခြေခံပြီးတော့ သား သူတို့ရဲ့ ယုံကြည်ကိုးစားမှုကို ရအောင် လုပ်နိုင်တယ်။ အခုအချိန်ဟာ အင်မတန်အခါအခွင့်သင့်နေတဲ့ အချိန်အခါဖြစ်တယ်။ မဒ္ဒရတိုင်းပြည်နဲ့ပတ်သက်လို့လည်း တာဝန်ဝတ္တရားက ရှိနေတယ်"

အတန်ငယ် စဉ်းစားပြီးနောက် ပိထုသေနသည် စိတ်ပျက်အားလျော့သည့်ဟန်ဖြင့် ပြန်ပြောလေ၏။ "ဖခင်ပြောတာတော့ မှန်ပါတယ်။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့ အခါအခွင့်ဟာ ကုန်ဆုံးကျော်လွန်သွားသလောက် ဖြစ်နေပြီ။ ပြာသာဒ်ဗိမာန်တွေမှာ ရှိနေကြတဲ့ အထက်တန်းလွှာလူ့အသိုက်အဝန်းထဲက အိမ်ထောင်စု နှစ်ရာသုံးရာလောက်က ဘာတတ်နိုင်ကြဦးမှာလဲ။ သူတို့ကလည်း တစ်စိတ်တစ်ဝမ်းတည်း မဟုတ်ကြဘူး။ မဒ္ဒရမှာနေကြတဲ့ ကျယ်ပြန့်များပြားတဲ့ ပြည်သူလူထုကြီးဟာ စိတ်ပျက်အားလျော့နေကြတယ်။ မကျေမနပ်ဖြစ်နေကြတယ်။ သူတို့တစ်တွေဟာ ကိန္နရဆကိုပဲ မျှော်နေကြတယ်။ မနေ့ညက အဆင့်အတန်းနိမ့်ကျတဲ့လူတွေရဲ့ အယူအဆအတွေးအခေါ်ကို သားကိုယ်တိုင် ကြားခဲ့ရတယ်။ သူတို့တစ်တွေဟာ စိတ်ပျက်နေကြတယ်၊ ထိတ်လန့်နေကြတယ်၊ မကျေမချမ်းဖြစ်နေကြတယ်။ သေနာပတိရဲ့ ညွှန်ကြားချက်၊ အမိန့်ပေးချက်ဟာ အထူးအရေးကြီးတယ်ဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ စစ်ကို ပြည်သူကသာ တိုက်နိုင်တာပါ။ ပြည်သူလူထုဟာ အတော့်ကို မကျေမချမ်းဖြစ်နေကြတယ်။ စိတ်ပျက်အားလျော့နေကြတယ်။ သူတို့ဟာ ကိန္နရဆကို ကြိုဆိုဖို့ အသင့်စောင့်နေကြတယ်။ သားတို့အတွက်ကတော့ အချိန်ရှိခိုက် သာဂလကို စွန့်ခွာပြီး တခြားတိုင်းပြည် သွားခိုလှုံရင်ခိုလှုံ၊ ဒါမှမဟုတ်ရင်လည်း ဂုဏ်သိက္ခာရှိရှိနဲ့ စစ်ပွဲမှာ အသက်စွန့်လွှတ်ဖို့ပဲရှိတယ်။ အဲဒီလမ်းနှစ်လမ်းကလွဲပြီး တခြားလမ်းမရှိဘူး"

ပိထုသေနအား ယခင်ကကဲ့သို့ အခြေအနေနှင့် တသီးတခြားဖြစ်မနေသည်ကို တွေ့ရသည်ဖြစ်၍ သူကြွယ် ပရေဆထသည် တစ်အားတက်လာလေ၏။ သားဖြစ်သူကို အပါးရှိ ခုံတစ်ခုပေါ်၌ အထိုင်ခိုင်းပြီးလျှင် ရှင်းလင်း

mgyoe.com

mgyoe.com


ပြောပြလေသည်။ "ပြည်သူလူထုဟာ မကျေမနပ်ဖြစ်နေတယ်ဆိုရင် ကျေနပ်မှုလည်း ဖြစ်နိုင်တာပေါ့။ ပြည်သူလူထုရဲ့ ကျေနပ်မှုနဲ့ ကူညီအားပေးမှုလိုအပ်တယ်။ ဒါပေမဲ့ ပဒေသရာဇ် သဗ္ဗတ္ထနဲ့ အာကျာရယ ပဝဒ္ဓနတို့ကို ကျေနပ်ပြီး ကူညီအားပေးတဲ့အခြေအနေမျိုး ရောက်သွားစေလို့တော့ မဖြစ်ဘူး။ ဂဏာပတိ သူကြွယ် ပရေဆထ၊ သေနာပတိ ပိထုသေနတို့ကို ကျေနပ်ပြီး ကူညီအားပေးတဲ့အခြေအနေမျိုး ရောက်မှဖြစ်မယ်။ နားလည်လား"

သူကြွယ်ကြီးသည် သားဖြစ်သူအား အချိန်အတန်ကြာမျှ နီတိရေးရာနှင့်ပတ်သက်၍ ညွှန်ကြားဆုံးမနေလေ၏။

* * *

မဒ္ဒရဂဏာနိုင်ငံ၏စစ်တပ်ကို အနိုင်တိုက်ပြီးလျှင် ကိန္နရဆ၏ စားပြတပ်သည် တဝိရှာမြစ်သို့ ရောက်ရှိလာလေ၏။ နယ်စပ်မှရောက်လာသော ယင်းထိတ်လန့်ဖွယ် သတင်းစကားကို ကြားသိရသည်ဖြစ်၍ သာဂလမြို့သူမြို့သားတို့သည် အလွန်တရာထိတ်လန့်ကြောက်ရွံ့ပြီး အလွန်တရာ စိတ်ပျက်အားလျော့နေကြလေ၏။ ထိတ်လန့်ကြောက်ရွံ့သော ပြည်သူလူထုသည် ထိတ်လန့်တုန်လှုပ်ဖွယ် သတင်းဟောင်းများနှင့် ယဉ်ပါးသွားပြီး မသိလိုက် မသိဘာသာနေရန် ကြိုးစားသည့်အခါ ယင်းသတင်းဟောင်းထက် ပိုမိုထိတ်လန့်တုန်လှုပ်ဖွယ်ကောင်းသည့် သတင်းအသစ်အဆန်းများက တစ်ဖန်ရောက်လာပြီးလျှင် ပြည်သူလူထုကို ဂနာမငြိမ်အောင် လုပ်ပြန်လေသည်။ ထိုကဲ့သို့သောအခြေအနေမျိုး၌ မရင်းနှီး မယဉ်ပါးသေးသည့် ယင်းအဖြစ်အပျက်များသည် ပြည်သူလူထုကို ပိုပြီး စိတ်ပူပင် ချောက်ချားစေလေသည်။ ပြည်သူလူထုသည် အဖြစ်အပျက်၏ အကြောင်းနှင့်အကျိုးကို စိစစ်ဝေဖန်ကြလေသည်။

ဇရာဒုဗ္ဗလဖြစ်နေသည့် တရားအမတ်ကြီး ဒေဝရှုရမာသည် မိမိ၏ပြာသာဒ်မှ အပြင်အပသို့ အလွန်တရာထွက်ခဲလေသည်။ အလားတူပင် သားသောကကြောင့် စိတ်လက် မကြည်မသာဖြစ်နေသည့် အဘိုးကြီး ဂဏာပတိ မိထောဒသသည်လည်း တစ်ကိုယ်တည်းသာလျှင် အနေများလေသည်။ တရားအမတ် အဘိုးကြီးသည် ဝေါစီးပြီးလျှင် ဂဏာပတိ မဟာသေနာ

mgyoe.com

mgyoe.com

ပတိ၏ ပြာသာဒ်သို့ ရောက်လာသည်။ ထိုနေ့ညနေချမ်းတွင် ဂဏပတိ၏ ဝေါသည် ဂဏပတိကို တင်ဆောင်လျက် တရားအမတ်ကြီး၏ စံအိမ်သို့ ရောက်လာသည်။ သူကြွယ်ကြီး ပရေဆထ၏သား သာဂလမြို့တော်၏ အတော်ဆုံး ဓားကိုင်စစ်သည်တော် ပိထုသေနသည် မိမိ၏ ဖျတ်လတ်ပေါ့ ပါးသော ဖောင်းဝတ် မြင်းဖြူကြီးကို ဇက်ကြိုးဆွဲလျက် တရားအမတ်ကြီး နှင့် ဂဏပတိတို့၏ ဝေါများအားမှ ကပ်ပါလာသည်ကို တွေ့မြင်ရလေသည်။

သူကြွယ်ကြီး ပရေဆထ၏ ယာဉ်ရထားကို နေ့လယ်နေ့ခင်းတွင် ဂဏပတိနှင့် တရားအမတ်ကြီးတို့၏ စံအိမ်တံခါးဝ၌ မကြာခဏတွေ့မြင် နေရသည်။ ပဒေသရာဇ် ဩကရိက၊ ပဒေသရာဇ် မေခဝရိတ၊ သူဌေးကြီး သမတ္တကတို့၏ ယာဉ်ရထားများလည်း သုတ်သီးသုတ်ပျာဖြင့် မြို့တွင်းရှိ လမ်းများပေါ်၌ လမ်းသလားနေကြသည်ကို တွေ့မြင်ရလေ၏။ သုံးရက် ဆက်၍ ထိုအတိုင်းပင် ဖြစ်နေလေသည်။ အထက်တန်းလွှာ လူအသိုက် အဝန်းနှင့် သာမန်ပြည်သူလူထု၏ ပျာလောင်ခတ်မှုသည် အထွတ်အထိပ် သို့ ရောက်နေလေသည်။ သုံးရက်မြောက်နေ့ ညနေချမ်းအချိန်၌ကား အရေး ကြီးသောအကြောင်းကို တိုင်ပင်ဆွေးနွေးရန် ဂဏပတိက ဂဏလွှတ်တော် အစည်းအဝေးကို ဆောလျင်စွာခေါ်ရန် အမိန့်ပေးလိုက်လေသည်။ ပြည်သူ လူထုသည် ညဉ့်နက် မိုးချုပ်အထိ ဂဏလွှတ်တော် အဆုံးအဖြတ်ကို ကြား သိရန် စောင့်ဆိုင်းနေကြသည်။ ဂဏလွှတ်တော်အစည်းအဝေးမှာ မပြီးပြတ် သေးပေ။ လူအပေါင်းတို့သည် သီချင်ဖောကို ရင်၌ပိုက်လျက် စောင့်ဆိုင်း ရင်းပင် အိပ်ပျော်သွားကြလေသည်။

နံနက် နေမထွက်ခင်ပင် မြို့အတွင်းရှိ လမ်းကြီးလမ်းငယ်အသွယ် သွယ်တိုင်း၌ စစ်စည်ရွှမ်းသံဖြင့် ပဲ့တင်ညံနေလေ၏။ သွေးလန့်နေကြသည့် လူအချို့မှာ နာရီမလပ် ဆိုက်ရောက်လာမည့် ဘေးအန္တရာယ်ကို စောင့်မျှော် နေကြသည်ဖြစ်သောကြောင့် ကိန္နရဆ၏ စစ်တပ်များ မြို့တွင်းသို့ ဝင်ရောက် လာပြီဟု ထင်မှတ်ပြီးလျှင် အိပ်ရာထဲတွင်ပင် မျက်လုံးပြူး မျက်ဆန်ပြူးနှင့် အမယ်လေး တနေကြလေသည်။ အချို့မှာမူ လက်တစ်ဖက်ဖြင့် လျော့ရိ လျော့ရဲဖြစ်နေသည့် ခါးဝတ်ပုဆိုးကိုဆွဲလျက် မိမိကိုယ်ကို ကာကွယ်ရန် တွေ့ရာလက်နက်ကို ဆွဲကိုင်ကြလေသည်။ လူပေါင်းများစွာတို့မှာမူ ကြောက်

mgyoe.com

mgyoe.com
ရွံ့စိုးရိမ်ခြင်း ရောနှောနေသော အံ့သြခြင်းဖြင့် တံခါးများ၊ ပြတင်းများမှ မရဲတရဲ အပြင်သို့ လှမ်းကြည့်ကြလေသည်။

စည်သံများ ရပ်သွားသောအခါ ဘုရင့်ခရာသံ ပေါ်လာလေသည်။ မြင်းစီးသူရဲများက ကြေညာလိုက်လေ၏။

"မဒ္ဒရပြည် ဂဏလွှတ်တော်၏သဘောတူချက်အရ မဒ္ဒရဂဏလွှတ်တော်၏ ဂဏပတိ ဘုန်းသမ္ဘာရှင် မဟာပဒေသရာဇ် မဟာသေနာပတိ မိထောဒသသည် စစ်ကာလအတွင်း ဂဏနိုင်ငံ၏ အုပ်ချုပ်ရေးအာဏာဟူသရွေ့ကို သိမ်းပိုက်ယူငင်လိုက်သည်။ ဂဏလွှတ်တော်၏ အမိန့်အာဏာအရ မဒ္ဒရဂဏနိုင်ငံအတွင်း၌ရှိသော အထက်တန်းလွှာအနွယ်ဝင်များနှင့် ပြည်သူလူထု၏ ပစ္စည်းဥစ္စာဟူသရွေ့သည် အထက်တန်းလွှာ အနွယ်ဝင်များနှင့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အခွင့်အာဏာထက် ကြီးမားသည့် အခွင့်အာဏာရှိသည့် ဂဏနိုင်ငံ၏ အပိုင်ဖြစ်ရမည်။ မည်သည့် မင်းမှုထမ်းမျှ ပြည်သူလူထုထံမှ စစ်အတွက် ယဇ်ပူဇော်ရန် အတင်းအဓမ္မ ငွေကြေးဥစ္စာသိမ်းပိုက်ယူငင်ခြင်းမပြုလုပ်ရ။ မည်သည့်နိုင်ငံသားကိုမျှလည်း စစ်မှုထမ်းရန်အတွက် အတင်းအဓမ္မ မခေါ်ငင်ရ။ မဒ္ဒရဂဏနိုင်ငံအတွင်းရှိ ပြည်သူလူထုသည် ဂဏ၏ တရားဥပဒေအုပ်ချုပ်မှုရှေ့မှောက်၌ အားလုံးတညီတညာတည်းဖြစ်သည်။ မဒ္ဒရဂဏနိုင်ငံ နယ်နိမိတ်အတွင်းရှိ မည်သည့် ဥစ္စာရွှေငွေ၊ ဆန်ရေစပါး၊ ဝတ်စားတန်ဆာ၊ ကျွဲနွားတိရစ္ဆာန် စသည်ကိုမဆိုမည်သည့်အသွင်ဖြင့်ဖြစ်ဖြစ် တိုင်းပြည်အတွင်းမှ အပြင်ပသို့ ပို့သောသူ၊ ထုတ်ဆောင်သွားသောသူ ရှိပါက သေဒဏ်အပြစ်ပေးခြင်း ခံရမည်။ အထက်တန်းလွှာပုဂ္ဂိုလ်များထံမှ အမွေစား အမွေခံအဖြစ် ရရှိထားသော မိမိကိုယ်တိုင် ရောင်းဝယ်ဖောက်ကားမှု မပြုလုပ်သည့် ဝင်ငွေ၏တစ်ဝက်ကိုလည်းကောင်း၊ ကျောင်းတိုက်များနှင့် သံဃာများအတွက် ပေးလှူထားသည့် ပစ္စည်းဥစ္စာ၏ ဝင်ငွေတစ်ဝက်ကိုလည်းကောင်း၊ အပိုင်စား ပေးသနားထားသည့် မြေများ၏ ဝင်ငွေအားလုံးကိုလည်းကောင်း၊ စစ်ရန်ပုံငွေအတွက် သိမ်းဆည်းလိမ့်မည်။ ဂဏနိုင်ငံအတွင်းရှိ အထက်တန်းလွှာ ပုဂ္ဂိုလ်များနှင့် ပုဂ္ဂိုလ်တစ်ဦးချင်းတို့၏ ရှိရှိသမျှ လက်နက်၊ မြင်း၊ ယာဉ်ရထားအားလုံးသည် စစ်ကာလအတွင်း ဂဏနိုင်ငံပိုင်ဖြစ်လိမ့်မည်။ ဂဏနိုင်ငံစစ်တပ်တွင် မိမိ
mgyoe.com

mgyoe.com

သဘောအလျောက် အမှုထမ်းလိုသည့် ယောကျ်ား၏ မြေယာအပေါ်၌ အခွန်တော် လွတ်ငြိမ်းခွင့်ပြုလိမ့်မည်။ မိမိဆန္ဒအလျောက် စစ်မှုထမ်းလိုသည့် ကျွန်မိန်းမနှင့် ကျွန်သားသမီးများသည် ကျေးကျွန်ဘဝမှ လွတ်မြောက်ခွင့် ရရှိလိမ့်မည်။ စစ်မြေပြင်၌ ဒဏ်ရာရရှိလာသည့် စစ်သား၏မိသားစုကို ဂဏအစိုးရက တာဝန်ယူ၍ စောင့်ရှောက်လိမ့်မည်။ မဒ္ဒရဂဏလွှတ်တော်၏ သဘောတူချက်အရ ဘုန်းသမ္ဘာရှင် ဂဏပတိ မဟာသေနာပတိ မဟာပဒေသရာဇ် မိထောဒသ၏ အမိန့်တော်ဖြစ်သည်။ ဤအမိန့်တော်ကို လိုက်နာရန်မှာ မဒ္ဒရတိုင်းသူပြည်သားအားလုံးတို့အတွက် ကျင့်ဝတ်တရားဖြစ်သည်"

ယင်းကြေညာချက်ကြောင့် အထက်တန်းလွှာ လူ့အသိုက်အဝန်းနှင့် ပြည်သူလူထုအားလုံးတို့သည် အံ့အားသင့်သွားကြလေကုန်၏။ ကြေညာချက်ထုတ်ပြန်ပြီး မကြာခင်မှာပင် အချို့က တက်ကြွသော အမူအရာဖြင့်လည်းကောင်း၊ အချို့က စိုးရိမ်သောအမူအရာဖြင့်လည်းကောင်း ကြေညာချက်နှင့်စပ်လျဉ်း၍ ဆွေးနွေးကြလေသည်။ အမြော်အမြင်ရှိသည့် ပုဂ္ဂိုလ်များကမူ စစ်မှုးသစ် သေနာပတိသစ်များကို ခန့်အပ်လိမ့်မည်ဖြစ်ကြောင်း မှန်းဆ တွေးတောနေကြလေ၏။

❑

mgyoe.com

mgyoe.com

# (၄)
# အာကျာရယ ပဝဒ္ဓန

ညဉ့်သုံးပဟိုရ်ကျော်သွားပြီ။ တစ်နေ့လုံး စိုးရိမ်ခဲ့သော၊ ကျိုးလန့်စာ စားနေခဲ့ရသော၊ ဂနာမငြိမ်ဖြစ်ခဲ့ရသော သာဂလတစ်မြို့လုံးသည် ငိုက်မျဉ်း ခြင်း၊ မှောင်မိုက်ခြင်း၊ တိတ်ဆိတ်ခြင်းခြုံထည်အောက်တွင် အိပ်မောကျနေ လေသည်။ မြို့တံတိုင်းနှင့် မျှော်စင်များဆီမှ အစောင့်စစ်သားများ၏ နိုးနိုး ကြားကြားရှိကြဖို့ ဟစ်အော်ကြွေးကြော်လိုက်သည့် အသံများသည်သာလျှင် တစ်ခဏခြားခြားပြီး အမိုက်တိုက်ကြောင့် ပိုမိုလွှန်ကဲနေသည့် တိတ်ဆိတ် ခြင်းကို အနှောင့်အယှက်ပေးနေသည်။ လမ်းကြီးလမ်းငယ်အသွယ်သွယ်တို့ ၌ လက်နက်ကိုင်စစ်သားများသည် တိတ်ဆိတ်ငြိမ်သက်နေသော်လည်း သတိလက်မလွှတ်သည့် အမူအရာဖြင့် စောင့်ကြပ်နေကြလေ၏။ ညဉ့်နက် သန်းခေါင်နောက်ပိုင်းတွင် အမျိုးအမည်မသိသူ တစ်ဦးဦးကိုဖြစ်စေ၊ သို့မဟုတ် မယုံသင်္ကာဖွယ် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ တွေ့ခဲ့လျှင် ထိုပုဂ္ဂိုလ် အား မင်းမှုထမ်းများ၏ ရှေ့မှောက် ဖမ်းဆီးခေါ်ဆောင်လာရမည်ဟူ၍ အမိန့် ထုတ်ထားလေသည်။ ယင်းအခြေအနေကြောင့် သာဂလမြို့ရှိ ဘုံဆိုင်များ နှင့် ပြည့်တန်ဆာရပ်ကွက်တို့၌ ယခင်အခါကကဲ့သို့ တစ်ညဉ့်လုံး တရုန်း ရုန်းမနေတော့ဘဲ ညဉ့်နက်သန်းခေါင်မတိုင်မီ မီး ရှေးနှင့်သတ်လိုက်သကဲ့သို့

mgyoe.com

mgyoe.com


တိတ်ဆိတ်ငြိမ်သက်သွားလေ၏။

မြို့တံတိုင်းများမှတစ်ပါး အလင်းရောင်နှင့် လူသံသူသံ ရှိနေသော နေရာမှာ ဂဏလွှတ်တော်ဥက္ကဋ္ဌ အာကျာရယ ပဝဒ္ဓန၏ စံအိမ်တော်ဝင်း တံခါးဝတွင် ဖြစ်လေသည်။ ပျင်းရိငြီးငွေ့နေကြသည့် ရထားထိန်းများ၊ မြင်းထိန်းများ၊ နောက်လိုက်ကျေးကျွန်များသည် တစ်ဦးနှင့်တစ်ဦး ဖြုတ်စဖျင်းတောင်းပြောဆိုကြရင်းဖြင့် ငိုက်မျဉ်းခြင်းကို တွန်းလှန်ဆန့်ကျင်နေကြလေသည်။ ပင်ပန်းနွမ်းနယ်နေကြသည့် မြင်းများသည် ကျောက်ခင်းထားသည့် မြေပြင်ပေါ်၌ မိမိတို့၏ခွာများဖြင့် တခွပ်ခွပ်ပုတ်ရင်း ပင်ပန်းနွမ်းနယ်မှုနှင့် မကျေနပ်မှုတို့ကို ဖော်ပြနေကြလေသည်။ ဧည့်သည်အချို့မှာ ညဉ့်တစ်ပဟိုရ်ကျော်သွားသောအခါ အိမ်သို့ ပြန်သွားကြလေ၏။ အချို့ကား နှစ်ပဟိုရ်အလွန်တွင် ပြန်သွားကြသေးလည်း။ နောက်လိုက် ကျေးကျွန်များနှင့် မြင်းများ၏ မျက်လုံးများသည် တစောင့်စောင့်၊ တမျှော်မျှော်နေရင်းက မကြာခဏ ဝင်းတံခါးပေါက်ဆီ ရောက်ရောက်သွားကြပြီး စိတ်ပျက်သည့် အမူအရာဖြင့် တစ်ဖန် နေရာရင်းသို့ ပြန်ပြန်ရောက်လာကြသည်။ သူတို့သည် နှလုံးနှစ်ခွ ဖြစ်နေကြသည်။ သူတို့၏သခင်များသည် သူတို့ကို မေ့နေကြပြီလော၊ သို့တည်းမဟုတ် မိမိကိုယ်တိုင်ကိုပင် မေ့နေကြပြီလော။

ယခင့်ယခင်ကလည်း ပြာသာဒ်စံအိမ်ပေါင်းများစွာတို့၏ ဝင်းတံခါးပေါင်းများစွာတို့၌ ပဟိုရ်ပေါင်းများစွာအထိ သူတို့သည် အကြိမ်ပေါင်းများစွာ သူတို့၏သခင်များကို စောင့်ခဲ့ကြဖူးသည်။ သို့ရာတွင် ယခုအကြိမ်နှင့် အခြေအနေမှာမူ ယခင့်ယခင်ကနှင့်မတူပေ။ ယနေ့တွင်မူ ကချေသည်တို့၏ ခြေချင်းသံနှင့် ခြူသံများကိုလည်း မကြားရပေ။ သီချင်းဂီတသံကိုလည်း မကြားရပေ။ ရယ်သံမောသံကိုလည်း မကြားရပေ။ သေရည် သေရက်နှင့် စားသောက်ဖွယ်များ၏ သင်းပျံ့သောအနံ့လည်း မရှိပေ။ အတွင်းခန်းထဲမှ မည်သူကမျှလည်း သေရည်သေရက်ခွက်ကို မပို့ပေ။ တံခါးဝ၌ ရပ်နေသော လက်နက်ကိုင် အစောင့်ငါးယောက်မှာလည်း တခြားအချိန်များမှာကဲ့သို့ ဟန်ရေး ဝါရေး ပြထားရုံသက်သက်မဟုတ်ဟု ထင်နေရပေသည်။ အစောင့်စစ်သားများ တလှုပ်လှုပ် တရွရွဖြစ်နေခြင်းသည် ရထားထိန်းများနှင့် နောက်လိုက်ကျေးကျွန်များအား စောင့်နေရသည်ကို ပို၍ စိတ်

mgyoe.com

mgyoe.com

မရှည်နိုင်အောင် ပြုမူဖန်တီးနေကြသည်။

ဝင်းတံခါးဝမှာကဲ့သို့ပင် ခန်းမဆောင်တံခါး၌လည်း မီးရှူးတိုင် ကိုင်ဆောင်သူနှင့် လက်နက်ကိုင်အစောင့်သည် သတိမလစ်ဟင်းရအောင် အထူးဂရုစိုက်၍နေသည်။ ခန်းမဆောင်ထဲ၌ ဆီမီးအမြောက်အမြား ထွန်းညှိထားသည်။ ညော့်သည်ပေါင်းများစွာရုံလျက်ရှိသော အလွန်တရာ အတွေးနက်နေသည့် ဥက္ကဋ္ဌကြီး အာကျာရယ ပဝဒ္ဓနစ်၏အနီး၌ကား ရုဒ္ဒရဓိရသည် ဦးခေါင်းငိုက်စိုက်ချလျက် သစ်သားရုပ်ကဲ့သို့ မတုန်မလှုပ် ထိုင်နေလေသည်။ သူ၏ဘေးပတ်လည်၌ ပဒေသရာဇ် ကတ္တဝီရ၊ ပဒေသရာဇ် လက္ခမဏ၊ သူကြွယ်ဓရမဓောတိ၊ ကုန်သည် ဗလဘဒ္ဒရ၊ မဟာပဒေသရာဇ် တရားအမတ်ကြီး၏သား ဗီရုနုရှုရမာနှင့် မြေး ဝိနယရှုရမာတို့လည်း အလားတူ အတွေးနက်နေသည့် ဟန်ဖြင့် မှီအုံးများကိုမှီလျက် ဦးခေါင်းငိုက်စိုက်နှင့် ထိုင်နေကြလေသည်။

ခန်းမဆောင်အဝ၌ စောင့်နေသော အစောင့်သည် ညဥ့်သုံးပဟိုရ်တီးပြီဆိုသည့် အကြောင်းအချက် ပေးလိုက်လေ၏။ အချက်ပေးသံကြောင့် အချိန်အတော်လင့်သွားပြီဟု စဉ်းစားပြီးလျှင် ဗီရုနုရှုရမာသည် မှီအုံးကို မှီနေရာမှ ကိုယ်ကို ခွာလိုက်လျက် ပဒေသရာဇ် ကတ္တဝီရအား ပြောလိုက်လေသည်။ "မဟာသေနာပတိကြီး ရတ်တရက်သတိရပြီး ဂဏလွှတ်တော်အစည်းအဝေးကို ခေါ်ပြီးတော့ မြို့တော်အတွင်း ကြေညာချက် ထုတ်ပြန်လိုက်တဲ့အတွက် သံသယရှင်းသွားပြီမဟုတ်လား" ယင်းသို့ပြောလျက် ဦးခေါင်းငိုက်စိုက်ချပြီး အတွေးနက်နေသော အာကျာရယ ပဝဒ္ဓနကို လှမ်းကြည့်လိုက်လေ၏။ ပဝဒ္ဓနကမူ သက်ပြင်းကြီးတစ်ချက်ကိုသာ ချလိုက်လေ၏။ ထိုနေရာတွင် ထိုင်နေကြသည့် အခြားပုဂ္ဂိုလ်များကလည်း ဗီရုနုရှုရမာကဲ့သို့ပင် မှီအုံးမှ ခွာလိုက်ပြီးလျှင် မိမိတို့၏အယူအဆကို တင်ပြရန်အတွက် ကိုယ်ကိုလှုပ်ရှားစပြုကြလေသည်။ ပါးစပ်ဖြင့် ဖွင့်ဟမပြောသော်လည်း အားလုံး၏အမူအရာတွင် အချိန်လင့်သွားပြီဖြစ်၍ ပင်ပန်းနွမ်းနယ်သည့် အသွင်ပေါ်၍နေလေ၏။

အတွင်းဆောင်ထဲမှ ကျွန်တစ်ယောက်က "အမျိုးကောင်းသမီးများ ကြွလာကြတယ်" ဟု အကြောင်းကြားလေ၏။ ညော့်သည် အမျိုးကောင်း

mgyoe.com

mgyoe.com


သမီးများသည် အတွင်းဆောင်ထဲမှ ထွက်လာပြီးလျှင် မိမိတို့နှင့် စပ်ရာစပ်ရာ ယောကျ်ားများ၏အနီး၌ ထိုင်ကြလေ၏။

အိပ်မငိုက်မိစေရန် ဝသော ကိုယ်ခန္ဓာကို တည့်မတ်စွာထားပြီးလျှင် ပဒေသရာဇ် ကတ္တဝီရက ပြန်ပြောလိုက်လေ၏။ "အခုဖြစ်ပေါ်နေတဲ့အခြေအနေအရဆိုရင်တော့ စောင့်ဆိုင်းနေခြင်းမှတစ်ပါး အခြားနည်းလမ်းမရှိဘူး။ မဟာသေနာပတိနှင့် တရားအမတ်ကြီးကတော့ မြားသက်သက်ပါ။ ဉာဏ်နီဉာဏ်နက်အသုံးပြုထားတဲ့ ဒီမြားကို ပစ်လွှတ်တဲ့လူကတော့ ရထားထိန်း ပရေဆထမှတစ်ပါး တခြားဘယ်သူမှမရှိဘူး။ ကျုပ်တို့တစ်တွေရဲ့ စစ်မှူးများ၊ သေနာပတိများရဲ့နေရာမှာ တခြားစစ်မှူးတွေ၊ သေနာပတိတွေကို ကြိုတင်ခန့်ပြီးတော့ ကြေညာချက်နဲ့ ပြည်သူလူထုကို လှည့်စားတယ်။ ကျုပ်တို့တစ်တွေကိုလည်း အရူးလုပ်လိုက်တယ်။ အကောက်ကြံတဲ့နေရာမှာ ပရေဆထဟာ ကောဋိလျရဲ့ တပည့်ဖြစ်တယ်။ နက်ဖြန်ခါဆိုရင် ရထားထိန်းသားလည်း သေနာပတိရာထူးရဖို့ ကျိန်းသေတယ်..."

ဗိရှနုရှရမာက ရုဒ္ဒရဓိရကို လှမ်းပြောလိုက်တယ်။ "နံနက် နေမထွက်ခင် မောင် မြို့တံခါးဝရောက်နေနှင့်ရင် ကောင်းလိမ့်မယ်။ မြို့တံခါး ဖွင့်တာနဲ့တစ်ပြိုင်နက် အရှေ့ဘက်ကို ထွက်သွားပေတော့။ မောင့်ဦးကြီးအိမ်ရှိတဲ့ ဝလကာမှာ မောင်နေဖို့သင့်တယ်လို့ ကျုပ်သဘောရတယ်။ ဂဏနိုင်ငံမှာရှိတဲ့ တခြားမြို့တွေကို ခရီးလှည့်လည်ပြီး အခြေအနေကိုသိအောင် စုံစမ်းပါ။ များမကြာခင် ဒီအမျိုးယုတ်တဲ့ ဘာသာမဲ့ တရားမဲ့တွေ ကျဆုံးသွားပြီး မောင်သာဂလကို ပြန်လာနိုင်မယ့် အခွင့်အလမ်း ပေါ်ပေါက်လာနိုင်စရာ ရှိပါတယ်"

စိတ်တက်ကြွလှုပ်ရှားမှုကို ဖုံးဖိရန်အတွက် လက်နှစ်ဖက်မှ လက်ချောင်းများကို အချင်းချင်းယှက်ထားပြီးလျှင် ဦးခေါင်းငိုက်စိုက်ချလျက်ရှိသော ပဝဒ္ဓနက သဘောမတူသည့် အမူအရာဖြင့် ဦးခေါင်းကိုယမ်းသောအခါ ဗိရှနုရှရမာသည် နှုတ်ပိတ်သွားလေ၏။ ဦးခေါင်းငိုက်စိုက်ချလျက်ပင် ပဝဒ္ဓနက စိတ်ပျက်အားလျော့သောအသံဖြင့် ပြောလေသည်။ "ကျုပ်သဘော ပြောရရင်တော့ ရုဒ္ဒရဓိရ မဂဓဘက်ကို ရက်ကြာကြာ ခရီးထွက်နေစေချင်တယ်။ မဒ္ဒရနိုင်ငံဟာ အချိန်အတော်ကြာကြာအထိတော့ ပရေဆထနဲ့ သူ့အပေါင်းပါတစ်စုတို့ရဲ့ စက်ပုန်းခုတ်မှုကြောင့် မရှုသာ မရှိုက်သာ ဖြစ်နေရဦးမှာ

mgyoe.com

mgyoe.com

ပဲ။ ဒီလိုအခြေအနေမျိုးမှာ ဝလကာတို့လို လုံခြုံမှုမရှိတဲ့မြို့မျိုးမှာ ရဒ္ဒရဓိရ မတော်လို့ ရေတိမ်နစ်သွားမယ်ဆိုရင် ကျုပ်တို့တစ်တွေ သိတောင် သိလိုက်မှာမဟုတ်ဘူး။ ကျုပ်လည်း ရောဂါဖိစီးနေတာနဲ့ အားတွေ၊ အင်တွေ ကုန်ခန်းနေပါပြီ။ နာလန်ပြန်ထူဖို့ မလွယ်တော့ဘူး။ ကျုပ်ဆန္ဒပြောရရင်တော့ ရဒ္ဒရဓိရ မဂဓ သွားပြီး ဗြာဟ္မဏ သေနာပတိနဲ့ နိုင်ငံရေး သုခမိန် ပတဥ္စလိထံမှာ ဗြာဟ္မဏအယူဝါဒ ပြန်လည်ထွန်းကားရေးအတွက် နည်းနိဿျည်း ခံယူစေချင်တယ်။ မဒ္ဒရနိုင်ငံဟာ ဘာသာမဲ့ တရားမဲ့ လူရိုင်းအယုတ်တမာတွေရဲ့ အအုပ်အချုပ်ကို အစဉ်ထာဝရခံနေရမှာမဟုတ်ပါဘူး" အာကျာရယ ပဝဒ္ဒနသည် ဆက်၍မပြောနိုင်တော့ပေ။

သူဌေး ဓမ္မဇိတက တစ်ဖန် မှီအုံးကိုမှီပြီးလျှင် သက်ပြင်းကြီးတစ်ချက်ချလျက် ပြောလေသည်။ "တရားအမတ်ကြီး အခုလုပ်လိုက်တဲ့ တရားအဆုံးအဖြတ်ဟာ အတော်ကို ထူးဆန်းတယ်။ နက္ခတ်ပွဲသဘင်တုန်းက အဖြစ်အပျက်ကိုတော့ မေ့သလောက်ရှိသွားပါပြီ"

ပဒေသရာဇ် ကတ္တဝီရက ရှေ့သို့တိုး၍ပြောလေ၏။ "အဲဒါ ကျုပ်ပြောနေတာပေါ့..."

ပဒေသရာဇ် လက္ခမဏက သူဌေး ဓမ္မဇိတ၏စကားကို ဆက်လိုက်လေသည်။ "အခုဟာက နက္ခတ်ပွဲသဘင်တုန်းက ဖြစ်ပျက်ခဲ့တဲ့အဖြစ်အပျက်ရဲ့ အကျိုးဆက်မဟုတ်ပါဘူး။ စစ်ကာလရဲ့ နိုင်ငံရေးသာဖြစ်တယ်။ အခုကိစ္စရဲ့အောက်ခြေမှာ တရားအမတ်ကြီးရဲ့ မိလိန္ဒလက်ထက် အုပ်ချုပ်ရေးကိုလေးစားမှုရှိနေတယ်။ တရားအမတ်ကြီးဟာ ယွန်းဂဏပတိအပေါ်မှာ ယုံကြည်စိတ်ချမှုရှိနေတယ်။ အထူးအားဖြင့် အခုအမိန့်ဟာ အပြစ်ဒဏ်ပေးခြင်းပဲမဟုတ်လား။ မိတ်ဆွေ၊ အခုကိစ္စဟာ မဒ္ဒရနိုင်ငံသူနိုင်ငံသားအားလုံး ဂဏအုပ်ချုပ်ရေးနဲ့ ဂဏတရားရေးရဲ့ ရှေ့မှောက်မှာ တညီတညာတည်း ဖြစ်ရမယ်ဆိုတဲ့ ဂဏပတိ ထုတ်ပြန်ကြေညာထားတဲ့ ကြေညာချက်ရဲ့ သက်သေသာကေဖြစ်တယ်။ ဒီအမိန့်ဟာ ပြည်သူလူထုကို..." ဗိရှနုရှရမာကို လှမ်းကြည့်လျက် ပဒေသရာဇ် လက္ခမဏသည် ရှေ့ဆက်မထွက်ရဲ ဖြစ်သွားသည်။

သို့ရာတွင် ဗိရှနုရှရမာက မလိုလားသည့်အမူအရာကို မပြဘဲ ဤသို့ပြောလေ၏။ "မဟုတ်ဘူး။ ဘိုးဘိုးတရားအမတ်ကြီးကိုယ်တိုင်က ဗုဒ္ဓတရား

mgyoe.com

mgyoe.com

နဲ့ ဦးပြည်းရဟာန်းတွေရဲ့ 'ကမ္ဘာ ဒွိဇောဘဝတိ' ဆိုတဲ့အယူအဆကို အလေး အနက်ပြုနေတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။ ဒီသက်ကျားအိုအရွယ်မှာ သူ့အယူအဆ ဘယ်လိုဖြစ်ဖြစ်..."

ကုန်သည် ဗလဘဒ္ဒရသည် သမ်းနေသောမျက်နှာကို လက်တစ်ဖက် ဖြင့် ဖုံးအုပ်လိုက်ပြီး ပြောလေသည်။ "ရုဒ္ဒရဓိရ မဂဓသွားဖို့ကိစ္စနဲ့ပတ်သက် ပြီး အာကျာရယ ပဝဒ္ဓန တင်ပြတာ သင့်လျော်မှန်ကန်ပါတယ်။ လမ်းမှာရှိ တဲ့ မြို့တွေအားလုံးမှာ ကျုပ်အသိအကျွမ်းတွေရှိပါတယ်။ လိုလေသေးမရှိ အောင် စီစဉ်ပေးပါမယ်။ လမ်းခရီးမှာ ဘာမှ အခက်အခဲမရှိစေရပါဘူး။ မဂဓကို သွားမှ မဒ္ဒရနိုင်ငံရဲ့ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း နည်း ဥပါယ်ကို ကြံဆနိုင်မယ်။ ကျုပ်တို့ရဲ့ မျှော်လင့်ချက်ဟာ မဂဓသေနာပတိ ပုပ္ဖမိတ္တ တစ်ဦးတည်းအပေါ်မှာသာ ရှိနေပါတယ်..."

အာကျာရယ ပဝဒ္ဓန ဦးခေါင်းငုံ့နေရာက တစ်ဖန် ခေါင်းခါသည်ကို တွေ့မြင်ရသည်ဖြစ်၍ အားလုံးက တိတ်ဆိတ်ငြိမ်သက်စွာဖြင့် သူ့ကို လှမ်း ကြည့်ကြလေသည်။ "ဗြာဟ္မဏ သေနာပတိလား..." သူက စကားစလိုက် လေသည်။ "အချိန်မရှိတော့တဲ့အတွက် အခုအချိန်မှာ ကျုပ်တို့ သူ့ဆီက အကူအညီကို မရနိုင်တော့ဘူး။ ဗြာဟ္မဏသေနာပတိရဲ့ အကူအညီကို စောင့် စားမျှော်လင့်နေလို့ အလကားပဲ။ အချိန်လွန်သွားပြီ။ ဗြာဟ္မဏသေနာပတိ ရဲ့ အကူအညီကို မရဘဲနဲ့ ကျုပ်တို့ဟာ အယုတ်တမာတွေရဲ့ စက်ကွင်းထဲ မှာ မိနေပြီ။ ဗြာဟ္မဏ သေနာပတိဟာ သူရသေနက ရှဝိရှရမာကို စစ်တပ် ပို့ပေးဖို့ရန် အမိန့်ပေးနိုင်တယ်။ သူလည်း ဒက္ခိဏပထတိုင်းပြည်နဲ့ အပြိုင် အဆိုင်လုပ်နေရလို့ ပျာလောင်ခတ်နေပုံရတယ်။ သူ့အမြင်မှာတော့ ဇမ္ဗူဒိပ် ကျွန်းရဲ့နယ်စပ်ဟာ သူရသေနသာ ဖြစ်နေပုံရတယ်။ မဒ္ဒရတိုင်းပြည်ကို ကာကွယ်ဖို့ရန်အတွက် ဂဏပတိ ချမှတ်တဲ့ဝါဒရဲ့ အကျိုးအာနိသင်ကတော့ အထက်တန်းလွှာ အမျိုးကောင်းသားတို့ရဲ့ အာဏာကျဆုံးမှုနဲ့ အောက်တန်း လွှာတွေ ခေါင်းထောင်ထလာဖို့ပဲ ဖြစ်လိမ့်မယ်။ အုပ်ချုပ်ရေးစနစ် ကင်းမဲ့ တဲ့ တိုင်းပြည်ဟာ အုပ်ချုပ်စောင့်ရှောက်သူကင်းမဲ့တဲ့ လယ်မြေအတိုင်း ဖြစ် လာမှာပဲ..."

သက်ပြင်းကြီးတစ်ချက် ရှူလိုက်ပြီးလျှင် မည်သူ့ကိုမျှ မကြည့်ဘဲ

mgyoe.com